ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

၁၃၈၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၁ ရက်၊ ကြာသပတေးနေ့။ Thursday, 26 December 2024 ၁၁၆၈၃

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသည့် ခရီးသွားဧည့်သည်များကို တွေ့ရစဉ်။

## ခရစ္စမတ်နေ့တွင် ငွေဆောင်ကမ်းခြေ၌ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များဖြင့် စည်ကား

ငွေဆောင် ဒီဇင်ဘာ ၂၅

ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့ ငွေဆောင်ကမ်းခြေ၌ ယနေ့တွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေကြသည့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၄ ကော်လံ ၅ သို့ ✩

### ယနေ့ ဖတ်စရာ

**ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးပြည်သူ နှစ်သိန်းကျော် လာရောက်ဖူးမြော်**

စာမျက်နှာ » ၄

**တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးခြင်းသည် အကြီးမားဆုံးအင်အား .....**

ဆောင်းပါး စာမျက်နှာ » ၆

### ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာပါရှိ

၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအတွက် အထောက်အကူပြုစေရန် ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇ နှင့် ၁၈ တွင် ဖော်ပြထားပါသည်။

## ဝါးအလယ်ကျွန်းသို့ နိုင်ငံခြားသားခရီးသွားများ လာရောက်လည်ပတ်

ရန်ကုန် ဒီဇင်ဘာ ၂၅

လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်အတွင်းရှိ ဝါးအလယ်ကျွန်း(Wa Ale Resort) အပန်းဖြေစခန်းသို့ ယခုနှစ်ခရီးသွားရာသီတွင် ရုရှား၊ အီတလီ၊ ယူကေနှင့် ဥရောပနိုင်ငံအချို့မှ နိုင်ငံခြားသားခရီးသွားများ လာရောက်အပန်းဖြေ လည်ပတ်လျက်ရှိကြောင်း လန်ပိအဏ္ဏဝါအမျိုးသား ဥယျာဉ်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။

ဝါးအလယ်ကျွန်းအပန်းဖြေစခန်းသို့ လာရောက်သည့် နိုင်ငံခြားသားခရီးသွားတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၈၀၀ နှင့် နှစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၅၀၀ နှုန်းဖြင့် ဝန်ဆောင်မှုပေးလျက်ရှိပြီး သဘာဝပတ်ဝန်းကျင်၊ ဇီဝမျိုးစုံမျိုးကွဲများနှင့် ရုက္ခနှင့်ဇီဝကို ထိခိုက်မှုမရှိသော ခရီးသွားဝင်ရောက်မှုရပ်ဝန်းတစ်ခုအဖြစ် သဘာဝအခြေခံခရီးသွားလုပ်ငန်းကို ဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"သဘာဝတောထဲမှာရှိတဲ့ အပန်းဖြေစခန်းတစ်ခုဖြစ်တဲ့အတွက် မြို့ပြနဲ့ခြားနားတဲ့အထိအတွေ့ သဘာဝခံစားမှုကို ခရီးသွားတွေနှစ်ခြိုက်ကြပါတယ်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❖



ဆလုံတိုင်းရင်းသားများနေထိုင်သည့် လန်ပိကျွန်းကိုတွေ့ရစဉ်။



ကြေးမုံ

# တိုက်ပွဲဝင်အသင့် တပ်မတော်(ရေ)တက်လှမ်း

မြန်မာနိုင်ငံ လွတ်လပ်ရေးနှင့်အတူ မွေးဖွားလာသော တပ်မတော်(ရေ)သည် (၇၇)နှစ်ပြည့်မြောက်ပြီဖြစ်သည်။ နိုင်ငံတော်၏ ရေကြောင်းဆိုင်ရာ အကျိုးစီးပွားများနှင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်စောင့်ရှောက်ရန်အတွက် စစ်ရေယာဉ်များအား တပ်တော်ဝင်ခြင်း အခမ်းအနားကို ယမန်နေ့က ရန်ကုန်မြို့ရှိ အမှတ်(၃)ရေတပ်ဆိပ်ခံတံတား၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ခဲ့သည်။

မြန်မာနိုင်ငံသည် ကြီးမားကျယ်ပြန့်သော ပင်လယ်ပြင်ကြီးနှင့်အတူ မြန်မာနိုင်ငံ၏ ပင်လယ်ကမ်းရိုးတန်းသည် ရေမိုင် ၁၂၆၀ ရှည်လျားပြီး ကျွန်းပေါင်း ၁၄၀၀ ကျော်ရှိကာ ရေပေါ်ရေအောက် အဖိုးတန်သယံဇာတများ၊ ပင်လယ်ကမ်းရိုးတန်းသဘာဝအလှတရားများစွာတို့ကို ပိုင်ဆိုင်ထားသောနိုင်ငံဖြစ်သည်။ ထိုသို့ ပြီးပြည့်စုံသော အဖိုးတန်လှသည့် မြန်မာ့ပင်လယ်ပြင်ရေပိုင်နက်ကို ကာကွယ်စောင့်ရှောက်နိုင်ရေးအတွက် မြန်မာ့တပ်မတော် (ရေ)အား ခေတ်မီအင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်လာစေရေးကို တပ်မတော်က စဉ်ဆက်မပြတ် တိုးချဲ့တည်ဆောက်ပေးလျက်ရှိသည်။

ယနေ့ကာလတွင် တပ်မတော်(ရေ)က တည်ဆောက်ပြီးစီးခဲ့သည့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီး အမည်ပေးခြင်းနှင့် ရေချပေးခြင်း၊ ၆၃ မီတာ ရေငုပ်သင်္ဘောတိုက်ဖျက်ရေးရေယာဉ်နှစ်စင်းအား တပ်တော်ဝင်ခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် နိုင်ငံတော်၊ တပ်မတော်နှင့် တပ်မတော်(ရေ)တို့အတွက် မင်္ဂလာအပေါင်းနှင့် ပြည့်စုံသောနေ့တစ်နေ့ဖြစ်သည်။ ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးသည် လိုသလိုရွေးချယ်ပြောင်းလဲအသုံးပြုနိုင်သည့် ဂီယာစနစ်ပါဝင်သော ဒီဇယ် (သို့မဟုတ်) ဂက်စ်တာဘိုင် ပေါင်းစပ်မောင်းနှင်မှုစနစ်ကို တပ်ဆင်ထားသည့် စစ်ရေယာဉ်ကြီးဖြစ်သည်။ တပ်မတော်(ရေ)အနေဖြင့် မြစ်တွင်းသွားရေယာဉ်များမှ ယခုဖရီဂိတ်စစ်ရေယာဉ်ကြီးများအထိ အဆင့်ဆင့်တိုးမြှင့်တည်ဆောက်နိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ရာဖြစ်သည်။

"ရေတပ်၏ တိုက်စွမ်းအားသည် စစ်ရေယာဉ်ဖြစ်သည်"ဟူသော ဆောင်ပုဒ်နှင့်အညီ ခေတ်မီစစ်ရေယာဉ်သစ်များကို တည်ဆောက်နိုင်သဖြင့် ပြည်ပမှဝယ်ယူအသုံးပြုသည့်အဆင့်မှ ကိုယ်တိုင်တည်ဆောက်သူအဆင့်သို့ တက်လှမ်းနိုင်ပြီဖြစ်သည်။ တပ်မတော်(ရေ)ကို ပထမအဆင့်အဖြစ် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့် သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ်သို့ တက်လှမ်းနိုင်ခဲ့သည်။ ထို့အပြင် ဒုတိယအဆင့်အနေဖြင့် မြန်မာ့ပင်လယ်ပြင်နှင့် ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်အဖြစ်သို့ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်သည်။ ဆက်စပ်ပင်လယ်ပြင်များသို့ ဖြန့်ကြက်နိုင်စွမ်းရှိသည့် ရေတပ်ဖြစ်စေရေးအတွက် တိုက်စွမ်းရည်မြင့်မားသည့် စစ်ရေယာဉ်ကြီးများ ဆက်လက်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်သည်။

မြန်မာ့သမိုင်းတွင် တိုင်းတစ်ပါးလက်အောက်သို့ ကျရောက်တော့မည့်အချိန်က ကိုလိုနီနယ်ချဲ့စစ်တပ်သည် စစ်ရေယာဉ်များကို အဓိကအသုံးပြု၍ ချီတက်တိုက်ခိုက်ခဲ့ရာ မြန်မာ့တပ်မတော်၏ တိုက်ရေယာဉ်အင်အားနည်းပါးသောကြောင့် နယ်ချဲ့တို့ကို ခုခံတိုက်ခိုက်နိုင်စွမ်း မယှဉ်နိုင်သဖြင့် တိုင်းပြည်လက်လွှတ်ဆုံးရှုံးခဲ့ရသည့် သင်ခန်းစာများရခဲ့သည်။ မျက်မှောက်ကာလတွင် မြန်မာ့တပ်မတော်(ရေ)ကို နိုင်ငံတကာအဆင့်မီ အဆင့်ဆင့်မြှင့်တင် တည်ဆောက်ပေးခဲ့ပြီး ရေတပ်တိုက်စွမ်းအား မြင့်မားတိုးတက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ယခု နိုင်ငံ၏ ပြည်တွင်းရန်ကို နှိမ်နင်းခြင်း၊ ပြည်ပရန်ကိုကာကွယ်ခြင်းနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စံနှုန်းများ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည့် သာလွန်မင်းတရားကြီးကို ဂုဏ်ပြုသောအားဖြင့် ၁၃၅ မီတာ ဖရီဂိတ်စစ်ရေယာဉ်ကြီးအား စစ်ရေယာဉ်ကြီး "သာလွန်မင်း"ဟု အမည်ပေးထားသည်။

ယခုစစ်ရေယာဉ်ကြီးသည် တပ်မတော်(ရေ)တွင် တည်ဆောက်ခဲ့သည့် စစ်ရေယာဉ်များအနက် အရွယ်အစားအကြီးမားဆုံးဖြစ်ပြီး ခေတ်မီစစ်ရေယာဉ်တစ်စင်း၏ လိုအပ်ချက်များနှင့်အညီ ကိုယ်ထည်ပိုင်း၊ စက်ပိုင်း၊ လျှပ်စစ်ပိုင်း၊ လက်နက်နှင့် လက်နက်စနစ်ပိုင်းတို့ကို ပြည့်စုံစွာထည့်သွင်းတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ရေယာဉ်အတွင်းပိုင်း အခန်းဖွဲ့စည်းမှုများနှင့် စနစ်များကိုလည်း နိုင်ငံတကာ ခေတ်မီစစ်ရေယာဉ်ကြီးများနည်းတူ ကောင်းမွန်အောင်တည်ဆောက်ထားပြီး အမြန်နှုန်းတစ်နာရီရေမိုင် ၃၀ နှုန်းမောင်းနှင်နိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်သည်။ စစ်ရေယာဉ်ကြီးအနေဖြင့် ၂၀ ရာစုရေတပ်များ၏ ရည်မှန်းချက်တာဝန်များနှင့် စွမ်းရည်များကိုပိုင်ဆိုင်မည့် စစ်ရေယာဉ်ကြီးဖြစ်ပြီး မြန်မာ့ပင်လယ်ပြင်အတွင်း သမားရိုးကျနှင့် သမားရိုးကျမဟုတ်သော ခြိမ်းခြောက်မှုများကို ရှေ့တန်းကျကျ ကာကွယ်တားဆီးတိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာ့တပ်မတော်(ရေ)ကို တစ်ခေတ်ဆန်းသစ် အဆင့်မြှင့်တင်တည်ဆောက်နိုင်သဖြင့် မြန်မာ့ပင်လယ်ပြင် သီးသန့်စီးပွားရေးဇုန်အား အပြည့်အဝကာကွယ်နိုင်သည့်အပြင် ပြည်တွင်း ပြည်ပအန္တရာယ်များအား သုံးဖက်မြင်စစ်ဆင်နိုင်စွမ်းရှိသော တိုက်ပွဲဝင်အသင့်ရေတပ်အဖြစ်သို့ တက်လှမ်းနိုင်ခဲ့ပြီဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျန မှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား"ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည် ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေးစရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ်မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဇွဲ၊ လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။

## ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း

- ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စတင်၍တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူခဲ့ပြီးဖြစ်ပါသည်။
- ယခုအခါ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း၏ ရှေ့ပြေးလူဦးရေစာရင်းကို (၃၀-၁၂-၂၀၂၄) ရက်နေ့တွင် ထုတ်ပြန်သွားပါမည်။
- စာရင်းအချက်အလက်များ ရယူလိုပါက ပြည်သူ့အင်အားဦးစီးဌာန၏ **Website** **www.dop.gov.mm** တွင် ရယူနိုင်ပါသည်။

## ၂၅ - ၁၂ -၂၀၂၄ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၅၂၆၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## အားကောင်းသောလေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် ဒီဇင်ဘာ ၂၅

ယနေ့ ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်း (အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်တောင်ပိုင်းကမ်းလွန်-တမီးလ်နာဒူး မြောက်ပိုင်းကမ်းခြေ)တွင် ဖြစ်ပေါ်နေသော အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

အဆိုပါ အားကောင်းသောလေဖိအားနည်းရပ်ဝန်းသည် အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး နောက် ၂၄ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းအဖြစ်သို့ တဖြည်းဖြည်းအားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးဝင်းနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| ခေတ္တ စာတည်းမှူး | - ဦးအေဝမ်းစိုး | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| ဘာသာပြန် စာတည်းများ | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



ပုဂံရှုခင်း ဓာတ်ပုံ - ကျော်မျိုးသီဟ(ပြန်/ဆက်)

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ခရစ်တော်မွေးနေ့ (ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ပျဉ်းမနားမြို့ ရန်အောင်(၁) ရပ်ကွက်ရှိ စိန့်မိုင်ကယ် ကက်သလစ် ဘုရားကျောင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်သည်။

**တက်ရောက်**

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၏ဇနီး၊ ကောင်စီဝင် ဦးဝဏ္ဏမောင်လွင်၊ ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရှေ၊ ခွန်စံလွင်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်နှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးနှင့် ၎င်းတို့၏ဇနီးများ၊ နေပြည်တော်ကောင်စီနယ်မြေ အတွင်းရှိ ခရစ်ယာန် ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများ၊ စစ္စတာများ၊ ကက်သလစ်လူငယ်အဖွဲ့များ၊ ခရစ်ယာန် ဘာသာဝင်များနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားကို အဖွင့်မေတ္တာဖြင့် ဘုန်းတော်ကြီး စိုးလင်းအောင်က ဖွင့်လှစ်ပေးပြီး ခရစ်ယာန်ဘာသာဝင် လူငယ်များက ဓမ္မသီချင်းဖြင့် သီဆိုချီးမွမ်းကြကာ ဘုန်းတော်ကြီး ဦးကျော်ငြိမ်းက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။




ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးအောင်လင်းဒွေးက ခရစ္စမတ်နှုတ်ခွန်းဆက်စကား ပြောကြားသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဆရာတော် ဦးအောင်ဇော်က အထူးဆုမွန်ကောင်းတောင်းစကား ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီးတို့က အခမ်းအနားသို့ တက်ရောက်ကြသူများနှင့်အတူ "တိတ်ဆိတ်ည သန့်ရှင်းညကျူး" ဓမ္မသီချင်းကို သီဆိုချီးမွမ်းကြပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးထံ ဘုန်းတော်ကြီး၊ သီလရှင်နှင့် ဆရာတော်တို့က ခရစ္စမတ်အမှတ်တရ ဂါရဝပြုလက်ဆောင်နှင့် ကျေးဇူးတင်ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ကြရာ ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်သစ်သီးခြင်း ပြန်လည်ပေးအပ်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ဇနီး၊ အဖွဲ့ဝင်များက ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အခမ်းအနားသို့ တက်ရောက်လာကြသည့် ခရစ်ယာန်ဘာသာဝင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက ဘုန်းတော်ကြီးများ၊ ဆရာတော်များ၊ သီလရှင်များ၊ ဆရာများနှင့် စစ္စတာများအား ခရစ္စမတ် လက်ဆောင်နှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကြပြီး ခရစ်တော်မွေးနေ့ (ခရစ္စမတ်) အထိမ်းအမှတ် မိတ်သဟာယ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ခရစ်တော်မွေးနေ့(ခရစ္စမတ်) ကျေးဇူးတော်ချီးမွမ်းခြင်းအခမ်းအနားသို့ တက်ရောက်

**ဘားအံ ဒီဇင်ဘာ ၂၅**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၅ ရက် ခရစ္စမတ်နေ့တွင် ဘားအံမြို့ ရဲသာရွာသစ်ရှိ မိတ်သဟာယအသင်းတော်၌ ခရစ်တော်မွေးနေ့ (ခရစ္စမတ်)ကျေးဇူးတော်ချီးမွမ်းခြင်း အခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

**ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြား**

ဦးစွာ မိတ်သဟာယအသင်းတော် အကြံပေးအဖွဲ့ခေါင်းဆောင် ဦးစောမြတ်ထွဋ်ဝင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်အခါသမယတွင် ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသော ခရစ်ယာန်ဘာသာဝင်များနှင့် ပြည်နယ်သူ ပြည်နယ်သားများအားလုံး ခရစ္စမတ်အခါသမယတွင် ငြိမ်းချမ်းခြင်း၊ တည်ငြိမ်ခြင်း၊ သာယာဝပြောခြင်းများနှင့် ပြီးပြည့်စုံစေရန် ခရစ္စမတ်ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က မိတ်သဟာယအသင်းတော်ဥက္ကဋ္ဌထံ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူငွေများပေးအပ်လှူဒါန်းပြီး အသင်းတော်မှ ခရစ္စမတ်လက်ဆောင်များ ပြန်လည်ပေးအပ်ချီးမြှင့်ကာ သင်းအုပ်ဆရာတော်ကြီးက ခရစ္စမတ်ဆုတောင်းမေတ္တာများ ပို့သပေးခဲ့သည်။



အလားတူ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက ဘားအံမြို့ပေါ်ရှိ ခရစ်ယာန်အသင်းတော် (ဘုရားရှိခိုးကျောင်း)များ အလိုက် သီးခြားစီဂါရဝပြုတွေ့ဆုံ၍ ခရစ္စမတ်လက်ဆောင်၊ ဆန်၊ ဆီနှင့် အလှူငွေများ ပေးအပ်လှူဒါန်းရာ သင်းအုပ်ဆရာ၊ ဂိုဏ်းအုပ်ဆရာတော်နှင့် နယ်စီးသာသနာပိုင်ကြီးတို့ကလည်း ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ခရစ္စမတ်အထိမ်းအမှတ် လက်ဆောင်များ ပြန်လည်ပေးအပ်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးအား ယခုလအတွင်း ဘုရားဖူးပြည်သူ နှစ်သိန်းကျော် လာရောက်ဖူးမြော်

**ကျိုက်ထို ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို သီတင်းကျွတ်လပြည့်နေ့မှ ကဆုန်လပြည့်နေ့အထိ ကျင်းပလျက်ရှိရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် နေ့စဉ် လာရောက်ဖူးမြော်ကြပြီး ယခု ဒီဇင်ဘာလတွင် လာရောက်ဖူးမြော်သူ ၂၂၈၉၂၉ ဦးရှိကြောင်း စေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ထံမှ သိရသည်။

**အများပြည်သူ အလုပ်ပိတ်ရက်တွေမှာ အများဆုံးလာ**

"သီတင်းကျွတ် လပြည့်နေ့ အောက်တိုဘာ ၁၇ ရက်ကနေ ဒီဇင်ဘာ ၂၄ ရက်အထိ ဘုရားဖူး ၄၉၈၁၄၅ ဦးရှိပြီး ပြည်တွင်းဘုရားဖူး ၄၉၇၂၃၀ နဲ့ ပြည်ပဘုရားဖူး ၁၉၁၅ ဦးရှိပါတယ်။ နိုင်ငံခြားသား ပြည်ပဘုရားဖူးတွေထဲမှာ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံက အများဆုံးပါ။ အခုလို စနေ၊ တနင်္ဂနွေနှင့် အများပြည်သူ အလုပ်ပိတ်ရက်တွေမှာ အများဆုံး လာကြပါတယ်" ဟု ဂေါပကအဖွဲ့ တာဝန်ရှိသူက ပြောသည်။

ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများ အန္တရာယ်ကင်းဝေးစေရန်နှင့် စိတ်ချမ်းမြေ့စွာ ဘုရားဖူးမြော်နိုင်ရန်အတွက် စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများက လုံခြုံရေး၊ အခမဲ့တည်းခိုနေထိုင်ရေး၊ စားသောက်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများကို ကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် တောင်တက်မော်တော်ယာဉ် အစီး ၁၅၀ ကို နေ့စဉ် ပြေးဆွဲပေးလျက်ရှိပြီး သတ်မှတ်လူဦးရေနှင့် ယာဉ်စီးခများကိုလည်း သတ်မှတ်နှုန်းထားဖြင့် အလွယ်တကူ လိုက်ပါစီးနင်းနိုင်ရန် စီမံထားကြောင်း သိရသည်။

**ကျိုက်ထို(မြန်/ဆက်)**



# ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက် ပုဂံ - ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ ပြည်တွင်း ခရီးသွားဧည့်သည် လာရောက်မှု နှစ်သိန်းကျော်ထိ ရှိနေ

**ညောင်ဦး ဒီဇင်ဘာ ၂၅**

ဒီဇင်ဘာခရစ္စမတ် ရုံးပိတ်ရက်တွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ အထင်ကရသမိုင်းဝင် ဘုရား၊ ပုထိုး၊ သာသနိက အဆောက်အအုံများသို့ပြည်တွင်းဘုရားဖူးဧည့်သည်များ အလွန်များပြားစွာ လာရောက်လျက်ရှိကြောင်း ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန (ပုဂံရုံးခွဲ) တာဝန်ရှိသူများထံမှ သိရသည်။

**ဘုရားဖူးများ များပြား**

ပွဲတော် အချိန်ခါမဟုတ်သည့် အခါကြီးရက်ကြီး အချိန်မှာပင် ပုဂံ-ညောင်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေသည် ပြည်တွင်း /ပြည်ပ ခရီးသွားအဆက်မပြတ်လာရောက်သည့်မြို့ဖြစ်ကာ ဒီဇင်ဘာ ခရစ္စမတ်ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များတွင် ဘုရားဖူးသူ နှစ်သိန်းကျော် လာရောက်ဖူးမြော်လေ့လာသဖြင့် ညောင်ဦးမြို့၊ ပုဂံမြို့ရှိ ဟိုတယ်၊ တည်းခိုရိပ်သာများ အားလုံးပြည့်နေပြီး နေ့ချင်းပြန်ဘုရားဖူးကားများ၊ ဘုရားဖူးပြည်သူများ အလွန်များပြားလျက်ရှိကြောင်း လောကနန္ဒာ စွယ်တော်မြတ်စေတီ ဘဏ္ဍာတော်ထိန်းဂေါပက အတွင်းရေးမှူး ဦးထင်လင်းဦးက ပြောသည်။



ပုဂံ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ သမိုင်းဝင်အထင်ကရဘုရား၊ သာသနိက အဆောက်အအုံများနှင့် ကျောက်ပန်းတောင်း - ညောင်ဦး ကားလမ်းမကြီး တစ်လျှောက် ဖွင့်လှစ်ရောင်းချနေကြသည့် ရိုးရာထန်းတဲများ၌လည်း ထန်းလျက်အမျိုးမျိုး၊ ဆုံကြိတ်ဆီဖြစ်သည့် မြေပဲဆီ၊ နှမ်းဆီများ အရောင်းအဝယ်ကောင်းမွန်လျက်ရှိသည်။ ထို့ပြင် ညောင်ဦးမြို့နှင့် ပုဂံမြို့တို့တွင်လည်း အီးဘိုက်၊ မီနီအိုးဝေ၊ မြင်းလှည်း၊ ကားအငှား လိုက်သူများနှင့် စားသောက်ဆိုင်များ၊ ပြည်တွင်း ဧည့်လမ်းညွှန်များ၊ လက်အလုပန်းချီဆွဲသူများ၊ ရိုးရာသနပ်ခါး လိမ်းခြယ်ပေးသူများ၊ အလှဓာတ်ပုံ(ဖုန်းဖြင့်) ရိုက်ပေးသူများအားလုံး ဝင်ငွေတွက်ခြေကိုက်လျက်ရှိကြသည်။ ညနေပိုင်းတွင်လည်း ပုဂံရှုခင်း၊ ဧရာဝတီမြစ်နှင့် တန့်ကြည်တောင်တန်း နောက်ခံ နေဝင်ဆည်းဆာ ကြည့်ရှုရန် နေဝင်ဆည်းဆာကြည့်တောင်ကုန်းများတွင် ပြည်တွင်းပြည်ပခရီးသွားများဖြင့် ပြည့်နှက်စည်းကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

☆ **ရှေ့ဖုံးမှ**

ငွေဆောင်ကမ်းခြေသည် ပင်လယ်ကမ်းရိုးတန်း ရှည်လျားခြင်း၊ သဲသောင်ပြင် သန့်ရှင်းခြင်း၊ ပင်လယ်ရေကြည်လင်ခြင်းတို့ကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားဧည့်သည်များ အမြဲမပြတ် လာရောက်လည်ပတ်လျက်ရှိသည်။ ယနေ့တွင် ငွေဆောင်မြို့ထဲရှိ အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင် ဈေးဝယ်ယူနေကြသူများ၊ ကမ်းခြေတွင် လမ်းလျှောက်ကြသူများ၊ အပန်းဖြေနေကြသူများ၊ ရေကူးကြသူများ၊ Speed Boat, Banana Boat စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် ငွေဆောင်ဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး(မြန်/ဆက်)**



ငွေဆောင်ကမ်းခြေသို့ လာရောက်လည်ပတ်ကြသူများကို တွေ့ရစဉ်။

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၇ ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



ကနူးကယက်လှေဖြင့် ဝါးအလယ်ကျွန်းအတွင်း အပန်းဖြေလှေလာနေကြစဉ်။

❖ **ဝါးအလယ်ကျွန်းမှ**

လတ်ဆတ်တဲ့ ပင်လယ်လေကိုရှူရင်း သဲသောင်ပြင်မှာ နေပူစာလှုံတာ၊ ရေငုပ်ပြီး သန္တာကျောက်တန်းနဲ့ ရေအောက်အလှကြည့်တာ၊ ကမ်းခြေကလှိုင်းနဲ့ ကနူးကယက်လှေလှော်ပြီး အပန်းဖြေတာကို နှစ်ခြိုက်ကြတယ်။ တချို့က တောတွင်းလမ်းလျှောက်ပြီး ငှက်ကြည့်ကြတယ်။ အဓိက ခရီးသွားတွေ လာရောက်လည်ပတ်တယ်ဆိုတာက သဘာဝအခြေခံခရီးသွားကောင်းမွန်တဲ့နေရာတစ်ခုဖြစ်လို့ပါ" ဟု လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ် အုပ်ချုပ်ရေးမှူး ဦးကြည်ဦးက ပြောသည်။

လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်တွင် နို့တိုက်သတ္တဝါ ၄၀ ခန့်၊ ငှက်မျိုးစိတ် ၂၈၈ မျိုး၊ ငါးမျိုးစိတ် ၄၂ မျိုး၊ ကဏန်း/ ပုစွန် ၄၂ မျိုး၊ အပင်ငယ် ၁၃၆ မျိုး၊ ကုန်းနေ/ရေနေအကောင်ငယ် ၁၅၁ မျိုး၊ သစ်တောမျိုးစိတ် ၁၉၆ မျိုး၊ ဒီရေတောအပင် ၆၃ မျိုးနှင့် ပင်လယ်မြက် ကိုးမျိုးတို့ ရှင်သန်လျက်ရှိပြီး ကမ္ဘာပေါ်၌ အောက်ချင်းငှက် ၆၁ မျိုးရှိရာ မြန်မာနိုင်ငံတွင် အောက်ချင်းငှက် ၁၁ မျိုးရှိပြီး မြိတ်ကျွန်းစု၌ အောက်ချင်းငှက် ကိုးမျိုး နေထိုင်ကျက်စားလျက်ရှိသည်။

ဇီဝမျိုးစုံမျိုးကွဲနှင့် ဂေဟစနစ်များ ထူးခြားစွာတည်ရှိနေသည့် လန်ပိအဏ္ဏဝါ အမျိုးသားဥယျာဉ်သည် တနင်္သာရီတိုင်းဒေသကြီး မြိတ်ကျွန်းစုတွင်တည်ရှိပြီး အမြဲစိမ်းသစ်တောများ၊ လမုတောများ၊ ပင်လယ်မြက်နှင့် ပင်လယ်ရေမှော်များ၊ ရှားပါးအပင်များ၊ သန္တာကျောက်တန်းများနှင့် ကမ္ဘာတွင် မျိုးသုဉ်းရန် ရင်ဆိုင်နေရသည့် ကုန်းနေ၊ ရေနေသတ္တဝါများ ရှင်သန်ကျက်စားလျက်သည်။

**သစ္စာ(MNA)**

**ဓာတ်ပုံ - လန်ပိအဏ္ဏဝါအမျိုးသားဥယျာဉ်**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ့္ဂဝင်ရောက် နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန် အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင် စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ် စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန် ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ဂဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှု ရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာ စကားမှ ကောက်နုတ်ချက် )

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဝန်ကြီးဌာနအားကစားသမားများအား ဂုဏ်ပြု



နေပြည်တော် ဒီဇင်ဘာ ၂၅

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ဝန်ကြီးဌာန အားကစား သမားများအား ဂုဏ်ပြုခြင်းအခမ်းအနားကို ယမန်နေ့ ညနေပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး စုဝေးဆောင်ခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့် ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အားကစားမောင်၊ မယ်များ၊ နည်းပြများနှင့် အားကစားအသင်းတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုအမှာစကားပြောကြားပြီး တစ်ဦးချင်း အားကစားထူးချွန်ဆုများကို ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီးများက အသင်းလိုက်အားကစားဆုများကို ချီးမြှင့်ပေးအပ်ကြရာ အားကစားအသင်းတာဝန်ခံများက လက်ခံရယူကြကာ အားကစားအသင်းအလိုက် တာဝန်ခံများက ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည့် ပြိုင်ပွဲအတွေ့အကြုံများနှင့် အားသာချက်၊ အားနည်းချက်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဝန်ကြီးဌာနအားကစားသမားများနှင့်အတူ ဂုဏ်ပြုလက်ဖက်ရည် အတူတကွ သုံးဆောင်ခဲ့ကြသည်။

ပဉ္စမအကြိမ်အမျိုးသားအားကစားပွဲတော်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ကိုယ်စားပြု အားကစားသမားများက အားကစားနည်း ခြောက်မျိုးတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြရာ ရွှေတံဆိပ်တစ်ခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု ရရှိခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြုအားကစားအဖွဲ့အား ဂုဏ်ပြုပွဲ ကျင်းပ




စစ်တွေ ဒီဇင်ဘာ ၂၅

ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့် ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့အား ကြိုဆို ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲတွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် ဝင်ရောက်ယှဉ်ပြိုင်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းက ရခိုင်ပြည်နယ်မှ ဆုရကစားသမားများအပြင် ဆုမရရှိသော်လည်း စံချိန်ကောင်းသော ကစားသမားများလည်း လူငယ်လက်ရွေးစင်များ ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ အားကစားကဏ္ဍ မြင့်မားခြင်းသည် ယင်းနိုင်ငံ၏ပုံရိပ်ကိုမြှင့်တင်နိုင်ခြင်းဖြစ်သည့်အတွက် ရခိုင်ပြည်နယ်၏ အားကစားကဏ္ဍကို မြင့်မားခြင်းသည် ရခိုင်ပြည်နယ်၏ပုံရိပ်ကို မြှင့်တင်ရာရောက်သည့်အတွက် အားကစားမောင်၊မယ်များအနေဖြင့်လည်း အားကစားနည်းအလိုက် အောင်မြင်မှုရရှိရန် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်းနှင့် အမျိုးသား အားကစားပွဲတော်ကြီး ကျင်းပပြီးစီးသွားသော်လည်း နောင်လာမည့်ပြိုင်ပွဲများအတွက် စဉ်ဆက်မပြတ် လေ့ကျင့်မှုများ ပြုလုပ်သွားကြရန်ပြောကြားသည်။

ဆက်လက်၍ ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော် အောင်နိုင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာ ဝန်ကြီးက ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် အတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး ရခိုင်ပြည်နယ်ကိုယ်စားပြု အားကစားအဖွဲ့များ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့သည့် မှတ်တမ်းဗီဒီယိုကို ပြသသည်။

**ဆုများပေးအပ်ချီးမြှင့်**

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ပဉ္စမအကြိမ် အမျိုးသား အားကစားပွဲတော်တွင် ဝင်ရောက် ယှဉ်ပြိုင်ခဲ့သည့် အားကစားသမားများအား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး အားကစားသမားတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၄ ခုနှစ် ပဉ္စမအကြိမ် အမျိုးသားအားကစားပွဲတော်တွင် ရခိုင်ပြည်နယ်မှ ကစားသမား စုစုပေါင်း ၃၅၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေငါးခု၊ ငွေ ၁၁ ခု၊ ကြေး ၁၆ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် အဆင့် ၁၂ ရရှိခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

## နတ်မောက်မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကျင်းပ

နတ်မောက် ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး နတ်မောက်မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက အဆိုပါမူလတန်းကြိုကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် မူလတန်းကြိုကျောင်းမှ သားငယ် သမီးငယ်များ၏ ကာယစွမ်းရည်ပြိုင်ပွဲများဖြစ်သည့် ရိုးရိုးပြေး၊ ဖိနပ်စီး၊ အရုပ်ကောက်၊ ရေဖြည့်၊ ပုတီးသီ၊ အလံကောက်၊ ဇွန်းကိုက်၊ ဝက်အူရစ်၊ ရေဘူးဖုံးညှပ်၊ ပုံသဏ္ဌာန်အံသွင်း၊ပိုက်ဆက်၊ ကြက်ဥကောက်၊ ကြိုးထိုး၊ အရုပ်ဆက်၊ ရေဘူးစွပ်၊ ဆန်ကောရွက်စသည့်ပြိုင်ပွဲများကို ကျင်းပရာ ဆုရရှိကြသူများအား ဆရာ ဆရာမများနှင့် ကျောင်းကော်မတီဝင်များက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး

# တိုင်းရင်းသားညီအစ်ကိုများ၏ စည်းလုံးခြင်းသည် အကြီးမားဆုံးအင်အား .....

## သိပ္ပံနည်းပညာအင်ဂျင်နီယာ (ထွန်း)၊ ၁၉၉၂ ခုနှစ်၊ စက်မှုစီးပွားထူးချွန်ဆုရှင်

၁၉ ရာစုမှာ ကုန်ထုတ်စွမ်းအားနဲ့ စစ်အင်အားတိုးတက်ကြီးမားလာကြတဲ့ လောဘတက်တိုင်းပြည်တွေအနက် ဖက်ဆစ်ဂျပန်နဲ့ နယ်ချဲ့အရင်းရှင် ဗြိတိသျှတို့က ၎င်းတို့ထုတ်လုပ်နိုင်တဲ့ထုတ်ကုန်တွေကို ဈေးကွက်တိုးချဲ့ရယူနိုင်ရေးအပြင် ကုန်ကြမ်းတွေရရှိရေးတို့အတွက်ပါ ဖွံ့ဖြိုးတိုးတက်မှုနည်းပြီး စစ်အင်အားချည့်နဲ့တဲ့ မြန်မာနိုင်ငံရဲ့ သဘာဝသယံဇာတတွေ ပေါကြွယ်ဝမှုကို မျက်စိကျလာခဲ့ကြပါတယ်။



၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်က ဗြိတိသျှယူနီယံဂျက်အလံကိုချ၍ မြန်မာနိုင်ငံတော်အလံလွှင့်တင်စဉ်။

### အရင်းရှင်နယ်ချဲ့ကိုလိုနီကာလ

ကိုလိုနီနယ်ချဲ့အရင်းရှင် ဗြိတိသျှတို့က သူတို့ခြေကုပ်ရယူထားတဲ့ အိန္ဒိယနိုင်ငံကနေတစ်ဆင့် မြန်မာနိုင်ငံကို ကျူးကျော်ဝင်ရောက်ပြီး ၁၈၂၄ ခုနှစ်မှ ၁၉၄၈ ခုနှစ်အထိ တစ်ဆင့်ချင်း အုပ်ချုပ်ခြယ်လှယ်ခြင်းပြုခဲ့ပါတယ်။

နယ်ချဲ့အရင်းရှင်ဗြိတိသျှတို့ရဲ့ ကိုလိုနီကျွန်ဘဝက လွတ်မြောက်ဖို့အတွက် မိမိတို့တိုင်းပြည်ကို ကူညီကယ်တင်ပေးနိုင်စွမ်းရှိတဲ့ ဂျပန်နိုင်ငံကို ခက်ခဲစွာလျှို့ဝှက်ချိတ်ဆက်ပြီး ကြိုးပမ်းခဲ့ကြရပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ရဲဘော်သုံးကျိပ်တို့ဟာ ဂျပန်နိုင်ငံကို တိတ်တဆိတ်သွားရောက်ကာ စစ်ပညာသင်ယူခဲ့ကြပါတယ်။ အဲဒီနောက် ဂျပန်တို့ရဲ့အကူညီနဲ့ အင်္ဂလိပ်ကိုလိုနီနယ်ချဲ့အရင်းရှင်တို့ကို တွန်းလှန်နိုင်ခဲ့ကြပါတယ်။

သို့သော်လည်း ဂျပန်တို့ကတစ်ဖန် ၁၉၄၂ ခုနှစ်မှ ၁၉၄၅ ခုနှစ်အထိ မြန်မာနိုင်ငံကို ဂျပန်ကိုလိုနီအဖြစ် ထပ်မံအုပ်ချုပ်ကာ ဖက်ဆစ်ဝါဒီတို့ရဲ့ ရက်စက်မှုတွေအတိုင်း ငယ်ထိပ်ပေါ်ကို ရေတစ်စက်ချင်း၊ တစ်စက်ချင်းချကာ အသည်းခိုက်အောင်နာကျင်စေတဲ့ ပြစ်ဒဏ်ပေးခြင်း၊ လက်ကို ရေနွေးစိမ်ထားပြီး လက်သည်းခွံများကို ရက်စက်စွာ ချွတ်ခွာအပြစ်ဒဏ်ပေးခြင်းစတဲ့ ယုတ်မာမှု၊ နှိပ်စက်မှုအမျိုးမျိုးကို ဆိုးရွားစွာ ပြုလုပ်ခဲ့ကြပါတယ်။

### လွတ်လပ်ရေးရအောင်ကြိုးပမ်းမှု

ဖက်ဆစ်တပ်တွေကို တိုက်ထုတ်နိုင်ဖို့ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဗမာ့တပ်မတော်နဲ့ တို့ဗမာအစည်းအရုံးဝင်တို့ဟာ အိန္ဒိယပြည်ရှိဗြိတိသျှအာဏာပိုင်တွေနဲ့ တိတ်တဆိတ် ဆက်သွယ်ခဲ့ကြပါတယ်။ ထို့နောက် ဖ-ဆ-ပ-လ ခေါ် ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ကို ဖွဲ့စည်းပြီး ဖ-ဆ-ပ-လ အဖွဲ့ကြီးနဲ့အတူ မြန်မာလူငယ်ခေါင်းဆောင်တွေကလည်း တစ်ခဲနက် ပါဝင်ကြကာ ၁၉၄၅ ခုနှစ် မတ်လက အစပြုလို့ ဖက်ဆစ်ကို တော်လှန်ခဲ့ကြပါတယ်။ ထိုတော်လှန်နိုင်မှုကြောင့် ထိုနှစ်မှာပဲ ဗြိတိသျှတပ်တွေ မြန်မာနိုင်ငံကို လွယ်ကူစွာ ဝင်ရောက်နိုင်ကြပြီး ဖက်ဆစ်တွေကို အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့ကြပါတယ်။

> ❝ဘိုးဘွားတွေက အသက်ကိုနှင်း၊ ဘဝကိုရင်းကာ မိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူပြီး မြန်မာနိုင်ငံ တိုင်းရင်းသားမျိုးနွယ်စုလူငယ်တွေလက်ကို လွှဲအပ်ပေးခဲ့ပါတယ်။ လက်ခံရယူလိုက်ကြရတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသား ညီအစ်ကိုမောင်နှမရင်းချာတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ မျိုးနွယ်စု ရှစ်စုတို့ရဲ့ လူငယ်တွေကလည်း မိမိတို့ လက်ခံရယူပိုင်ဆိုင်ထားကြတဲ့ ဒီခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တို့ရဲ့ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာတက်လှမ်းချီလို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကားကြီးမားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးဖြစ်စေဖို့၊ စည်းလုံးညီညာစွာ ခိုင်ခိုင်မြဲမြဲ လက်ချိတ်တွဲလို့ တည်ဆောက်ကြဖို့ တာဝန်ယူကြရမယ့်အချိန်ရောက်လာ❞

ဗိုလ်ချုပ်အောင်ဆန်းဟာ ဖ-ဆ-ပ-လ ဥက္ကဋ္ဌအဖြစ် တာဝန်ယူခဲ့ပြီး ၁၉၄၆ ခုနှစ်မှာ ဖ-ဆ-ပ-လ ခေါင်းဆောင်တဲ့ မြန်မာလူထုက တိုင်းပြုပြည်ပြုလွှတ်တော်ခေါ်ရေး၊ အချုပ်အခြာအာဏာပိုင်သောလွတ်လပ်ရေးရရေးစတဲ့ အဆိုတွေကို အတည်ပြုတင်သွင်းကြပါတယ်။ ဖ-ဆ-ပ-လ ဦးစီးတဲ့ ပြည်မဒေသနဲ့ တောင်တန်းဒေသအင်အားကို မခံနိုင်တော့လို့ဗြိတိသျှအစိုးရက အုပ်ချုပ်ရေးအာဏာကို အပ်နှင်းပေးခဲ့ပြီး တစ်နိုင်ငံလုံးလွတ်လပ်ရေးကိုလည်း မကြာမီပေးပါမယ်လို့ ကတိပြုဝန်ခံမှုပေးခဲ့ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်တဲ့ ဖ-ဆ-ပ-လ အစိုးရက ၁၉၄၇ ခုနှစ်မှာ တိုင်းပြုပြည်ပြုလွှတ်တော်ကို ကျင်းပပြီး ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ရေးဆွဲခဲ့ကြပါတယ်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းနဲ့ ခေါင်းဆောင်တွေ အစည်းအဝေးပြုလုပ်နေစဉ်မှာ ဂဠုန်ဦးစော ဦးဆောင်တဲ့ မသမာသူလူတစ်စုရဲ့ လုပ်ကြံခြင်းခံခဲ့ရပါတယ်။ ဒါပေမဲ့ ဖ-ဆ-ပ-လ ဒုတိယဥက္ကဋ္ဌ သခင်နုက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို အောင်မြင်စွာ အပြီးသတ်ရေးဆွဲနိုင်ခဲ့ကြပါတယ်။ အဲဒီနောက် မြန်မာခေါင်းဆောင်တွေဟာ ဗြိတိသျှအစိုးရ အက်တလီနဲ့ သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံသဘောတူစာချုပ်တွေ ချုပ်ဆိုခဲ့ကြတယ်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ အချုပ်အခြာအာဏာပိုင် ထာဝရလွတ်လပ်တဲ့ မြန်မာနိုင်ငံလို့ ကမ္ဘာကို ကြေညာနိုင်ကာ ဗြိတိသျှအလံကို ဖြုတ်ချပြီး မြန်မာနိုင်ငံတော်အလံကို လွှင့်ထူနိုင်ခဲ့ကြတယ်။

မျက်စိကိုမှိတ်၊ အံကိုကြိတ်လို့ သူ့ကျွန်ဘဝနဲ့ ဖက်ဆစ်ဝါဒီတို့ရဲ့ နှိပ်စက်ခံရတဲ့ဘဝက လွတ်မြောက်ကင်းဝေးစွာနေနိုင်ဖို့အတွက် ဘိုးဘွားတွေက အသက်ကိုနှင်း၊ ဘဝကိုရင်းကာ ဆင်းရဲဒုက္ခများစွာကို ခေါင်းငုံ့ခံခဲ့ကြပြီး ကိုလိုနီနယ်ချဲ့အရင်းရှင်ရဲ့ လက်ကနေ မိမိတို့တိုင်းပြည်ကို ပြန်လည်တိုက်ခိုက်ရယူကာ မြန်မာနိုင်ငံတိုင်းရင်းသားမျိုးနွယ်စုလူငယ်တွေလက်ကို လွှဲအပ်ပေးခဲ့ပါတယ်။

လက်ခံရယူလိုက်ကြရတဲ့ မြန်မာပြည်ဖွား တိုင်းရင်းသားညီအစ်ကိုမောင်နှမရင်းချာတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ မျိုးနွယ်စု ရှစ်စုတို့ရဲ့ လူငယ်တွေကလည်း မိမိတို့ လက်ခံရယူပိုင်ဆိုင်ထားကြတဲ့ ဒီခေတ်သစ်မြန်မာနိုင်ငံတော်ကြီးကို တိုင်းတစ်ပါး နယ်ချဲ့အရင်းရှင်တို့ရဲ့ ကိုလိုနီကျွန်ဘဝအဖြစ် ထပ်မံမရောက်စေဘဲ ရှေ့သို့သာ တက်လှမ်းချီလို့ ခေတ်မီဖွံ့ဖြိုးတိုးတက်ကာ အင်အားစွမ်းပကားကြီးမားတဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဖြစ်စေဖို့၊ စည်းလုံးညီညာစွာ ခိုင်ခိုင်မြဲမြဲ လက်ချိတ်တွဲလို့ တည်ဆောက်ကြဖို့ တာဝန်ယူကြရမယ့်အချိန် ရောက်လာခဲ့ပါပြီ။

### စီးပွားရေးတောင့်တင်းပြီး ခေတ်မီအဆင့်မြင့်ရေး

ရေနံ၊ သဘာဝဓာတ်ငွေ့နဲ့ ကမ္ဘာ့တန်ဖိုးမြင့် ကျောက်သံပတ္တမြား၊ ပုလဲနဲ့ ရွှေ၊ ငွေ၊ ကြေးနီ၊ သွပ်၊ ခဲ၊ ဒန်သတ္တု (အလူမီနီယံ)၊ သံဖြူ (Tin)၊ မဂ္ဂနိစ်၊ ခနောက်စိမ်းအပါအဝင် သံနဲ့ သံမဏိထုတ်လုပ်နိုင်တဲ့ ကုန်ကြမ်းမျိုးစုံလှတဲ့ မိမိတိုင်းပြည်ရဲ့ သဘာဝသယံဇာတတွေကို တိုင်းတစ်ပါးနယ်ချဲ့တို့ကျူးကျော်ဝင်ရောက် တူးဖော်အမြတ်ထုတ်ယူခြင်းမျိုးတွေ ခံခဲ့ကြရပြီးဖြစ်ပါတယ်။ ကျူးကျော်လာတဲ့ တိုင်းတစ်ပါးနယ်ချဲ့အရင်းရှင်တွေရဲ့ ကုပ်သွေးစုပ်အမြတ်ထုတ်ခြင်းမျိုး နောက်ထပ်မခံရလေအောင် ကာကွယ်နိုင်ကြဖို့ အလေးထားကြရန် လိုအပ်လှပါတယ်။ မိမိတို့ တိုင်းရင်းသားညီအစ်ကိုမောင်ဖွားတွေ ပိုင်ဆိုင်ထားကြပြီးဖြစ်တဲ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ငြိမ်းချမ်းအေးချမ်းသာယာဝပြောကာ အစဉ်ခေတ်မီဖွံ့ဖြိုးတိုးတက်နေအောင် မိမိတို့တိုင်းရင်းသားတွေအားလုံးရဲ့ စုစည်းခိုင်မာကြီးမားလှတဲ့အင်အားစုကြီးနဲ့ ဆက်လက်ဖော်ဆောင်ပေးကြရမှာဖြစ်ပါတယ်။

ဒီလိုဖော်ဆောင်ရာမှာ ရှေးဦးစွာ အခြေခံအရင်းအမြစ်တွေဖြစ်ကြတဲ့ လျှပ်စစ်စွမ်းအားတိုးတက်တည်ငြိမ်မှုရရှိရေး၊ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစားစက်မှုလက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်မြင်ရေးအတွက် နည်းပညာ အတတ်ပညာများ ထူးချွန်စွာတတ်မြောက်တဲ့ ကျွမ်းကျင်သူတွေ တိုးပွားရေးစတာတွေကို အလေးထားဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ ရည်မှန်းချက်တွေ ဖော်ဆောင်ရာမှာ မြန်မာတို့ရဲ့ ထူးခြားပြောင်မြောက်တဲ့ သမိုင်းမှတ်တမ်းဖြစ်စေအောင် ပြည်ထောင်စုဖွား တိုင်းရင်းသားအားလုံးက မိမိတို့အခြေချနေထိုင်ရာ ဒေသအသီးသီးမှာ အောင်မြင်ဖြစ်ထွန်းနိုင်တဲ့ လယ်ယာသီးနှံ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်မွေးမြူခြင်းတွေကို အောင်မြင်စွာဖော်ဆောင်ကြပြီး ဆက်စပ်ထပ်ဆင့်ထွက်ပေါ်လာတဲ့ ထွက်ကုန်တွေကိုလည်း လူသုံးကုန်ပစ္စည်းတွေ၊ စားသောက်ကုန်ပစ္စည်းတွေအဖြစ် ထုတ်လုပ်ရောင်းချ ဈေးကွက်ဖန်တီးယူကြကာ ဝင်ငွေထပ်ဆင့်တိုးရအောင် ကြံဆနိုင်စွမ်းရှိကြဖို့ လိုအပ်ပါမယ်။

လုပ်ငန်းဖော်ဆောင်သူ တိုင်းရင်းသားတွေနဲ့အတူ သူတို့ပိုင်ဆိုင်ထားတဲ့ ပြည်ထောင်စုကြီးကိုပါ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်အောင် အဆင့်လိုက်ထပ်တိုးရရှိလာနိုင်တဲ့ **စာမျက်နှာ ၇ သို့** ☆

☆ စာမျက်နှာ ၆ မှ

ထွက်ကုန်ပစ္စည်းတွေကနေ ထပ်ဆင့်တန်ဖိုးမြှင့် ထုတ်ကုန် (value added products)တွေရဲ့ ထပ်တိုးဝင်ငွေများစွာရရှိစေနိုင်တာကလည်း ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ကို ထိရောက်စေမှာဖြစ်တဲ့အတွက် တိုင်းသူပြည်သားအားလုံးက တစ်ခဲနက် စုပေါင်းကြိုးပမ်းကြရမှာ ဖြစ်ပါတယ်။

ဥပမာပြရရင် ဝါစိုက်ပျိုးအောင်မြင်ဖြစ်ထွန်းတဲ့အရပ်ဒေသမှာ ဝါစိုက်ပျိုးခြင်းကနေ ထွက်ရှိလာတဲ့ဝါတွေကို ဝါနဲ့ ဝါစေ့ခွဲထုတ်၊ ဝါမှချည်မျှင်ကို ထုတ်ယူပြီး အထည်အလိပ်အမျိုးမျိုး ထုတ်လုပ်ရောင်းချတာ၊ ထိုမှ လူသုံးကုန်ပစ္စည်းအမျိုးမျိုး၊ အဝတ်အထည်အမျိုးမျိုး စတာတွေကို ထပ်ဆင့်တိုးထုတ်လုပ်ရောင်းချတာ စသဖြင့် ထပ်ဆင့်တန်ဖိုးမြှင့်ထုတ်ကုန်တွေကနေ ဝင်ငွေတိုးအောင် ဆောင်ရွက်နိုင်ကြရပါမယ်။

ဝါစေ့ကိုကြိတ်လို့ ဆီထုတ်ရောင်းချ၊ ဆီကြိတ်ဖတ်တွေကိုလည်း တိရစ္ဆာန်အစားအစာအဖြစ် ပြုလုပ်ရောင်းချပြီး ဝင်ငွေတိုးစေနိုင်တာကိုပါ အလေးထားစဉ်းစား ဖော်ဆောင်နိုင်ကြရပါမယ်။ အခုအခါ နှစ်ရှည်စွာ စိုက်ပျိုးဖြစ်မြောက်နေတဲ့ အုန်းပင်ကြီးတွေရဲ့တစ်ပင်လုံးက ရယူနိုင်တဲ့ အရည်၊ အသားဖတ်တို့ကနေ ဝင်ငွေရယူနေကြရာမှ ထပ်ဆင့်လို့ အုန်းသီးရဲ့အပြင်အခွံနဲ့ အတွင်းအခွံမာတို့ကနေလည်း လူသုံးအလှကုန်ပစ္စည်းအမျိုးမျိုး ပြုလုပ်ပြီး ဝင်ငွေရအောင် ဖန်တီးယူနိုင်နေကြတဲ့အပြင် ရှားပါးနေတဲ့စားသုံးဆီကိုလည်း အုန်းဆီကနေ အောင်မြင်စွာ ထုတ်ယူနိုင်အောင် မြန်မာ့သုတေသနပညာရှင်တွေက ဖန်တီးပေးနိုင်နေကြပါပြီ။

ထန်းလက်၊ ထန်းပင်ရဲ့ပင်စည်ပါမကျန် အဆောက်အအုံဆောက်လုပ်ရာမှာသုံးတဲ့ ကုန်ကြမ်းအဖြစ်နဲ့ လူသုံးပရိဘောဂကုန်ပစ္စည်းအမျိုးမျိုးအဖြစ် စုံလင်စွာ တီထွင်ပြုလုပ်နိုင်ကြခြင်းကြောင့် ဝင်ငွေထပ်တိုးရှာနိုင်လာကြတာကို ချီးကျူးမိပါတယ်။ အလားတူပဲ မွေးမြူရေးလုပ်ငန်းတွေမှာလည်း တိရစ္ဆာန်ရဲ့အရေခွံနဲ့ အမွေးတွေကနေ လူသုံးအဝတ်အထည်တွေ၊ အလှခြုံလွှာတွေ၊ လက်ကိုင်အိတ်တွေအဖြစ်၊ အရိုးတွေကိုလည်း လူသုံးအလှကုန်ပစ္စည်းအဖြစ် ပြုလုပ်ပြီး value added products ဖန်တီးရောင်းချကာ ထပ်ဆင့်ဝင်ငွေ ဖြည့်စွက်ပေါင်းစပ်ရယူနိုင်ကြပါတယ်။

ဒီလိုဆောင်ရွက်နိုင်တာက လုပ်ငန်းလုပ်ကိုင်ကြသူ တိုင်းရင်းသားမျိုးနွယ်စု ညီအစ်ကိုမောင်ဖွားအားလုံးနဲ့အတူ နိုင်ငံတော်ကြီးကိုပါ ခေတ်မီတိုးတက် အဆင့်မြင့်ရေးအတွက် အကျိုးဖြစ်ထွန်းမှုများစေမှာဖြစ်ပါတယ်။ ဒီလိုပြည်သူအားလုံးက အလေးထား ဖော်ဆောင်နိုင်စွမ်းရှိကြခြင်းဟာ မျိုးနွယ်စုအားလုံးနဲ့ နိုင်ငံတော်အတွက်ပါ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြင့်တက်စေမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးရဲ့ကြီးမားတဲ့ စည်းလုံးညီညွတ်စွာ တက်ညီလက်ညီ လက်တွေ့ကြိုးပမ်းပြနိုင်ကြခြင်းကို သမိုင်းမှတ်တမ်းတင်နိုင်ကြပါစေ။



၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက် နံနက်က တိုင်းပြည်ပြုလွှတ်တော်၌ မြန်မာနိုင်ငံတော်အလံ လွှင့်တင်သည့်အခမ်းအနား ကျင်းပစဉ်။

ခေတ်သစ်မြန်မာနိုင်ငံတော်ကြီး အစပြုတည်ဆောက်နေတဲ့ကာလမှာ ပမာဏကြီးမားတဲ့ မဟာဓာတ်အားစီမံကိန်းကနေ လျှပ်စစ်စွမ်းအင်ရရှိရေးကို စောင့်မျှော်မနေကြဘဲ နိုင်ငံဒေသအနှံ့ ကျေးလက်တွေပါမကျန် မိမိတို့ကိုယ်ပိုင် တစ်ပိုင်တစ်နိုင်လုပ်ငန်းအသီးသီး အစပြုဖို့ လိုအပ်တဲ့ ပမာဏနည်းတဲ့ လျှပ်စစ်စွမ်းအင်အသီးသီးကို အချိန်တိုအတွင်းရနိုင်မယ့် သဘာဝက လက်ဆောင်ပေးနေတဲ့ နေရောင်ခြည်စွမ်းအင်၊ လေအားစွမ်းအင်၊ မြစ်ချောင်း အင်းအိုင်တို့ကနေ ရယူနိုင်တဲ့စွမ်းအင်တွေကို နည်းပညာတတ်ကျွမ်းတဲ့ပညာရှင်တွေ ဖန်တီးထားတဲ့ နည်းစနစ်တွေကိုအသုံးပြုပြီး တစ်စုတစ်ဖွဲ့ချင်းကိုယ်စီ ရယူနိုင်ကြပါတယ်။

သဘာဝစွမ်းအင်အနက်မှ မိမိတို့နေထိုင်ရာအရပ်ဒေသအသီးသီး အခြေအနေနဲ့ကိုက်ညီသင့်မြတ်တဲ့ သဘာဝစွမ်းအင်မျိုးကိုရွေးပြီး တစ်ပိုင်တစ်နိုင်တစ်ဦးချင်း၊ တစ်ဖွဲ့ချင်းကလည်း ကိုယ်စီဖော်ထုတ်ရယူကာ မိမိတို့လုပ်ငန်းငယ်တွေကို အလျင်အမြန်အစပြုကြရမှာဖြစ်ပါတယ်။ မဟာခေတ်အားလိုင်းကနေ လျှပ်စစ်စွမ်းအား အပြည့်အဝရနိုင်ချိန်မှာလည်း မိမိတို့လုပ်ငန်းတွေကို ဖြည့်စွက်တိုးချဲ့ရာမှာ လျင်မြန်မှုရစေရေးအတွက် အသင့်ပြင်ဆင်ထားမှုကိုလည်း လက်ဦးရထားပြီး ဖြစ်နေရပါမယ်။

ကျူးကျော်ဝင်ရောက်လာနိုင်တဲ့ တိုင်းတစ်ပါးနယ်ချဲ့တွေကိုခုခံနိုင်ဖို့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက စစ်ရေးပညာကျွမ်းကျင်စွာနဲ့ ခေတ်မီလက်နက်စွဲကိုင်ကာ ဘတစ်ပြန် ကျားတစ်ပြန် ကာကွယ်တွန်းလှန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကြရပါမယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး စွမ်းပကားထက်မြက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ဖော်ဆောင်ကြရာမှာ ငွေကြေးတောင့်တင်းပြီး အသိအတတ်ပညာနဲ့ အတွေ့အကြုံရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက အတ္တထက် ပရစိတ်နဲ့ နေရာစုံ၊ ထောင့်အနှံ့က ပါဝင်ကာ ကြီးမားတဲ့စုစည်းအင်အားနဲ့ ဖော်ဆောင်ကြဖို့ လိုအပ်ပါတယ်။

တိုင်းပြည်နဲ့ လူမျိုးအတွက် လိုအပ်တဲ့ ခေတ်မီစက်ပစ္စည်းကိရိယာ စုံလင်စွာထုတ်လုပ်ပေးနိုင်တဲ့ စက်မှုလက်မှုလုပ်ငန်းတွေကို ဦးဆောင်ပေးစွမ်းနိုင်ရေး၊ တတ်ကျွမ်းထူးချွန်တဲ့ အသိပညာရှင်၊ အတတ်ပညာရှင်တွေ၊ သိပ္ပံနည်းပညာရှင်တွေ ဖြစ်ထွန်းပေါ်ပေါက်ရေးနဲ့အတူ အခြေခံလိုအပ်ချက်ဖြစ်တဲ့ လျှပ်စစ်စွမ်းအင်လုံလောက်ပြည့်ဝရေးတို့ကိုလည်း ယှဉ်တွဲပြည့်စုံစေဖို့ စီမံကြစေလိုပါတယ်။

စီးပွားရေး အလျင်အမြန်တိုးတက်ဖို့၊ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလုပ်ငန်းတွေ လျင်မြန်စွာတိုးတက်လာစေရေးနဲ့ စိုက်ပျိုးမွေးမြူရေးလုပ်ငန်း အားလုံးအပါအဝင် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လိုအပ်တဲ့ ခေတ်မီနည်းပညာတွေ ပြန့်ပွားစေရေးလည်း လိုအပ်ပါတယ်။ အသေးစား၊ အငယ်စား၊ အလတ်စား လုပ်ငန်းအသီးသီးကို အစပြုနိုင်ဖို့ လုပ်ငန်းဖော်ဆောင်ကြမယ့် ပြည်သူအစုအဖွဲ့တွေလိုအပ်တဲ့ ရင်းနှီးငွေကိုလည်း ဘဏ်လုပ်ငန်း၊ သမဝါယမလုပ်ငန်းတွေကနေ ထုတ်ချေးပေးနိုင်ရေး၊ လုပ်ငန်းအသီးသီး စနစ်တကျအောင်မြင်ဖြစ်ထွန်းဖို့အတွက် အထွေထွေလိုအပ်ချက်တွေကို ဝိုင်းကူပံ့ပိုး ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ တိုင်း၊ ခရိုင် စတာတွေမှာ နိုင်ငံတော်က တာဝန်ပေးအပ်ထားတဲ့ အုပ်ချုပ်ကွပ်ကဲမှုပေးနေကြတဲ့ တာဝန်ရှိပုဂ္ဂိုလ်တွေရဲ့ အနီးကပ်ကြီးကြပ်မှုကလည်း အလွန်အရေးပါလှပါတယ်။

အမိနိုင်ငံတော်ကြီး အလျင်အမြန် ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ကြရအောင် လိုအပ်တဲ့ အသေးစား၊ အငယ်စား၊ အလတ်စား၊ အကြီးစား စက်မှုလက်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း စတာတွေနဲ့ ဖွံ့ဖြိုးတိုးတက်ရေး၊ အထွေထွေလုပ်ငန်းအားလုံးအတွက်ပါမကျန် တည်ငြိမ်ပြည့်ဝတဲ့ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်စက်ရုံတွေ တည်ဆောက်ပေးခြင်းနဲ့ ရေအားလျှပ်စစ်စက်ရုံ၊ သဘာဝဓာတ်ငွေ့သုံး စက်ရုံတွေကိုလည်း နိုင်ငံတော်အစိုးရက အလေးထားတည်ဆောက်ပေးနေပြီဖြစ်ကြောင်းကို ရုပ်သံနဲ့ သတင်းမီဒီယာတွေမှာဖတ်ရလို့ အားရှိရပါတယ်။

အဓိကအခြေခံလိုအပ်ချက်တွေ ဖြည့်ဆည်းနေဆဲမှာ တိုင်းရင်းသားမျိုးနွယ်စုအားလုံးက အမိနိုင်ငံတော်ကြီး အလျင်အမြန်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်အသီးသီးကို လျင်မြန်စွာ အကောင်အထည်ဖော်နိုင်ဖို့ ပါဝင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုအားလုံးက စစ်မှန်စည်းကမ်းပြည့်ဝတဲ့ ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနဲ့ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်တွေကို အရှိန်အဟုန်နဲ့ ဖော်ဆောင်နိုင်မယ့် တိုင်းပြုပြည်ပြုအစိုးရသစ်ရွေးချယ်ဖို့ ဆန္ဒမဲပေးနိုင်သူ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကို မောင်နှမတွေဖြစ်ကြတဲ့ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ဆိုတဲ့ မျိုးနွယ်စုဝင်အားလုံးက တစ်ခဲနက်ပါဝင်ကာ ရွေးချယ်တင်မြှောက်ပေးကြရပါမယ်။

## တိုင်းရင်းသားမျိုးနွယ်စုများရဲ့ ကြီးမားတဲ့စွမ်းပကား

ခေတ်သစ်ပြည်ထောင်စုကြီးကို အစပြုတည်ဆောက်နေတဲ့ကာလ၊ ကြီးမားတဲ့နိုင်ငံကြီးတစ်ခုလုံးအတွက် မဖြစ်မနေလိုအပ်တဲ့ အခြေခံအဆောက်အအုံတွေကို အလေးထား ဦးစားပေးတည်ဆောက်ပေးနေရချိန်မှာ ငွေကြေးချမ်းသာတဲ့ တိုင်းရင်းသား လုပ်ငန်းရှင်ကြီးတွေကလည်း တစ်ဖက်တစ်လမ်းကနေ မိမိတို့ကျွမ်းကျင်တဲ့ လုပ်ငန်းအတွေ့အကြုံတွေနဲ့ ကိုက်ညီတဲ့ လုပ်ငန်းကြီးတွေမှာ ပါဝင်အားဖြည့်ကူကြစေလိုပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုတွေအားလုံးရဲ့ ငြိမ်းချမ်းအေးချမ်းသာယာတဲ့ ခေတ်သစ်ပြည်ထောင်စုကြီးကို တိုင်းရင်းသားညီအစ်ကိုတွေက စည်းလုံးညီညွတ်စွာ ကြီးမားတဲ့စုစည်းအင်အားနဲ့ အလျင်အမြန်တည်ဆောက်ကြပြီး ကမ္ဘာမှာမြန်မာလို့ ဝင့်ကြွားထည်ဝါစွာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းကြိုးပမ်းပေးကြစေလိုပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စတဲ့ မျိုးနွယ်စုတွေအားလုံးရဲ့ ဗလငါးတန်ပြည့်ဝတဲ့ လူငယ်တွေအားလုံးက စည်းလုံးညီညွတ်စွာ လက်ချိတ်တွဲလို့ ခေတ်မီဖွံ့ဖြိုးတိုးတက် ငြိမ်းချမ်းသာယာတဲ့ ခေတ်သစ်စနစ်သစ် နိုင်ငံတော်ကြီးကို တည်ဆောက်ကြဖို့ အဓိဋ္ဌာန်ပြုကာ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့မှာ ကျရောက်လာတော့မယ့် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဦးညွတ်ဂုဏ်ပြုကြိုဆိုလိုက်ကြပါစို့။ ။

**❝ကျူးကျော်ဝင်ရောက်လာနိုင်တဲ့ တိုင်းတစ်ပါးနယ်ချဲ့တွေကို ခုခံနိုင်ဖို့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက စစ်ရေးပညာ ကျွမ်းကျင်စွာနဲ့ ခေတ်မီလက်နက် စွဲကိုင်ကာ ဘတစ်ပြန် ကျားတစ်ပြန် ကာကွယ်တွန်းလှန်နိုင်ဖို့ ကြိုတင်ပြင်ဆင်ကြရပါမယ်။ ဒါကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး စွမ်းပကားထက်မြက်တဲ့ ပြည်ထောင်စုကြီးဖြစ်အောင် ဖော်ဆောင်ကြရာမှာ ငွေကြေးတောင့်တင်းပြီး အသိအတတ်ပညာနဲ့ အတွေ့အကြုံရှိကြတဲ့ တိုင်းရင်းသားမျိုးနွယ်စုဝင်တွေအားလုံးက အတ္တထက် ပရစိတ်နဲ့ နေရာစုံ၊ ထောင့်အနှံ့က ပါဝင်ကာ ကြီးမားတဲ့စုစည်းအင်အားနဲ့ ဖော်ဆောင်ကြဖို့လိုအပ်❞**

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း အမျိုးသားပရဆေးဥယျာဉ် ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဒီဇင်ဘာ ၂၅**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် အမျိုးသားပရဆေးဥယျာဉ်သို့ သွားရောက်ကာ ပရဆေးဥယျာဉ်အတွင်း သန့်ရှင်းသာယာလှပရေးဆောင်ရွက်နေမှု၊ ဆေးဖက်ဝင် ပရဆေးပျိုးပင်များ ပြုစုထိန်းသိမ်းထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးဖက်ဝင်ပရဆေးပျိုးပင်များ၊ တိုင်းရင်းဆေးဝါးများ ပြည်သူများကို ရောင်းချပေးနိုင်ရေးအတွက် အရောင်းဆိုင်ဖွင့်လှစ်ဆောင်ရွက်ထားရှိရန်၊ ပြည်သူများ အပန်းဖြေအနားယူရာတွင် အဆာပြေစားသောက်နိုင်ရေးအတွက် စားသောက်ဆိုင်ဖွင့်လှစ်ပေးရန် မှာကြားသည်။

ယင်းနောက် ပရဆေးဥယျာဉ်အတွင်းရှိ ဆေးဖက်ဝင်ဂမုန်းနှင့် ရောဂါကြီး ခြောက်မျိုးသုံး အပင်များစိုက်ပျိုးထားသည့် ပျိုးစင်များ၊ ပရဆေးစိုက်ကွက်များ၊ တိုင်းရင်းဆေးပြတိုက်လမ်းတစ်လျှောက် လမ်းများပြုပြင်ဆောင်ရွက်မှုကို ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းဆေးပြတိုက်အတွင်းရှိ ရှေးအစဉ်အဆက်မှ သမားတော်ကြီးများ၊ နယကြီးလေးပါးဆိုင်ရာပြကွက်၊ ရေထွက်၊ မြေထွက်၊ အပင်ထွက်ပစ္စည်းများ ပြသထားရှိမှု၊ တိုင်းရင်းဆေးပညာဦးစီးဌာနကထုတ်ဝေထားရှိသော အသိပညာပေးစာအုပ်များ၊ လက်ကမ်းစာစောင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ အာဆီယံနိုင်ငံများမှ ခေါင်းဆောင်များ အမှတ်တရစိုက်ပျိုးထားသည့် အပင်များ ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပတ်ဝန်းကျင်သာယာလှပရေးဆောင်ရွက်ရန်၊ ရေ၊ မြေ၊ ရာသီဥတု သဘာဝနှင့်ကိုက်ညီမှုမရှိသော စိုက်ပျိုးရန်ခက်ခဲသည့် ပရဆေးပင်များကို ဥယျာဉ်အတွင်း၌ စိုက်ပျိုးနိုင်ရန်အတွက် လက်ရှိ Greenhouse ထက် ပိုမိုကောင်းမွန်သောစနစ်ဖြင့် စိုက်ပျိုးနိုင်ရေး စီစဉ်ဆောင်ရွက်ရန်၊ သက်ဆိုင်ရာနှီးနွှယ်ဝန်ကြီးဌာနများမှ ပညာရှင်များနှင့်ပူးပေါင်းဆောင်ရွက်သွားရန်၊ ပြည်သူများအတွက် အပန်းဖြေစေနိုင်ပြီး တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ ဗဟုသုတများ၊ ပရဆေးပင်ဆိုင်ရာ ဗဟုသုတများ၊ ကျောင်းသား ကျောင်းသူများအတွက် ဗဟုသုတရရှိစေပြီး လက်တွေ့ကွင်းဆင်းလေ့လာနိုင်သော အဆင့်မီဥယျာဉ်ဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန် ဆွေးနွေးမှာကြားကြောင်း သိရသည်။

**သတင်းစဉ်**



## သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအတွက် အလှူငွေများ ဆက်လက်လှူဒါန်း

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ၁၃၈၆ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့အထိမ်းအမှတ် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပမည်ဖြစ်၍ စေတနာရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းကြရာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ထပ်မံလှူဒါန်းငွေကျပ် ၁၂၆ သိန်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ငွေကျပ်သိန်း ၃၀၊ မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ငွေကျပ် ၁၅ သိန်း၊ ကယားပြည်နယ်အစိုးရအဖွဲ့က ငွေကျပ် ၁၀ သိန်း၊ ဦးသိန်းမောင်-ဒေါ်ပါးပါးတို့အား အမှူးထား၍ စန္ဒီဘယဆေးမိသားစုက ငွေကျပ် ၅၀၄၀၀၀၊ သံအမတ်ကြီးဒေါက်တာဦးလှမောင်(ဖောင်ဒေးရှင်း)က ငွေကျပ်ငါးသိန်း၊ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)-ဒေါ်ခင်အေးမူ မိသားစုက ငွေကျပ်နှစ်သိန်း၊ ဆရာကြီး ကပ္ပတိန်သာစိန် မိသားစု၊ ဒေါ်ချိုချိုတင် (မစန္ဒာ)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)နှင့် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးညွန့်လှိုင်(မောင်မောင်ညွန့်လှိုင်)၊ ဦးမြင့်မောင်(မြင့်မောင် Phil-Q)၊ ဒေါက်တာဗိုလ်သံမဏိ(တောင်တွင်းကြီး)၊ သထုံမြို့နယ်စာရေးဆရာအသင်းနှင့် ပန်းတောင်းမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်ငါးသောင်းစီ၊ ဦးမြင့်ဦး(မြင့်မိုရ်ဦး-ပဲခူး)- ဒေါ်အေးအေးခိုင်မိသားစု၊ ဘအုံးကြိုင်(ရွှေဂုံတိုင်)နှင့် တနင်္သာရီမြို့နယ်စာရေးဆရာအသင်းတို့က ငွေကျပ်သုံးသောင်းစီ၊ သံအမတ်ကြီးဒေါက်တာဦးလှမောင်(ဖောင်ဒေးရှင်း) က ငွေကျပ်သိန်း ၃၀ တန်ဖိုးရှိ ကျန်းမာရေးစစ်ဆေးခွင့်ကတ် ၁၅ ကတ် ပေးအပ်လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌ ဦးအုန်းမောင် (မြင်းမူမောင်နိုင်မိုး)နှင့် အတွင်းရေးမှူး ဦးညွန့်တင်(မောင်ငြိမ်းသူ-ကြို့ပင်ကောက်)တို့က လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာရေးဆရာအသင်း အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း (အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၂၅၂၄၁၇၊ ၀၉-၄၅၀၀၉၀၄၈၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## အင်းစိန်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်

**ရန်ကုန် ဒီဇင်ဘာ ၂၅**



ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (အင်းစိန်)၊ မြို့နယ်စာပေဥယျာဉ်အသင်းနှင့် မြို့နယ် စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီက ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်နှင်းကြည်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်း၊ အသင်းနာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့် (မောင်မောင်ဝင်းမြင့်-မှူခင်း)တို့က အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ၊ သတင်းစာဆရာ အသင်းနာယက ဦးဘိုကြည် (ဒေါက်တာ ဗိုလ်သံမဏိ-တောင်တွင်းကြီး)က ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၄ ရက်တွင် ကျရောက်မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာဖတ်ဝိုင်းပြုလုပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် စာရေးဆရာအသင်းနှင့် စာပေဥယျာဉ်အသင်းဝင်များဖြစ်ကြသည့် ဝင်းနွယ် (ပုသိမ်)၊ ခင်နွဲ့မူ (အင်းစိန်)နှင့် စိန်ညိုမင်း (ထန်းတပင်)တို့က လွတ်လပ်ရေးနှင့်ပတ်သက်သော အကြောင်းအရာများ ဟောပြောဆွေးနွေးကြပြီး တက်ရောက်လာကြသည့် သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်) နှင့် စိုးမိုး-ပါရဒိုင် (တောင်ဒဂုံ) တို့က သိလိုသည်များကို မေးမြန်းဆွေးနွေး အမြင်ချင်းဖလှယ်ကြကာ အသင်းနာယက ဦးသက်တင် (မောင်သာတင့် -မြန်အောင်)က နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားပြီး ဦးဆောင်ဆွေးနွေးသူများအား တာဝန်ရှိသူများက အမှတ်တရလက်ဆောင် ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြင့်ဦး**



## မြောင်းမြမြို့၌ ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ဌာနဆိုင်ရာများအရောက် စာအုပ်စာစောင်များ ငှားရမ်းပေး

**မြောင်းမြ ဒီဇင်ဘာ ၂၅**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် ယမန်နေ့နံနက်ပိုင်းက ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မြို့နယ်မြေစာရင်းဦးစီးဌာနနှင့် ခရိုင်/မြို့နယ်ကော်မရှင်ရုံးများသို့ သုတ/ရသ စာအုပ်စာစောင်မျိုးစုံ ငှားရမ်းပေးခဲ့သည်။

ထိုသို့ စာအုပ်စာစောင်များငှားရမ်းပေးရာတွင် ဝတ္ထု၊ မဂ္ဂဇင်း၊ ရုပ်ပြနှင့် အသိပညာဗဟုသုတများစွာရရှိမည့် သုတ/ရသ စာအုပ်စာစောင်များ စုံလင်စွာငှားရမ်းပေးခဲ့ပြီး ငှားရမ်းပေးခဲ့သော စာအုပ်များကို ရက်သတ္တနှစ်ပတ်လျှင်တစ်ကြိမ် လဲလှယ်စနစ်ဖြင့် ငှားရမ်းပေးမည်ဖြစ်ကြောင်း သိရသည်။

**ဇေယျာ(မြောင်းမြ)**

## ပေါင်မြို့နယ်၌ အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးလျက်ရှိ

**ပေါင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ကုန်ဈေးနှုန်းများ တည်ငြိမ်ကျဆင်းစေရေး အခြေခံစားသောက်ကုန်စည်များ ရောင်းချပေးခြင်းကို ယနေ့နံနက် ၉ နာရီက ကဒါရပ်ကွက် မင်္ဂလာဈေး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် အခြေခံစားသောက်ကုန်စည်များဖြစ်သည့် အမဲသားတစ်ပိဿာ ကျပ် ၁၅၀၀၀၊ ဝက်သားတစ်ပိဿာကျပ် ၁၅၀၀၀၊ ဆန်တစ်ပြည် ကျပ် ၃၂၀၀ ၊ ဆီတစ်ပိဿာ ကျပ် ၈၅၀၀၊ ကြက်ဥလေးလုံး ကျပ် ၁၀၀၀ စသည်တို့ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ရာ အများပြည်သူများ ဝယ်ယူအားပေးခဲ့ကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**



**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**

# မော်လမြိုင်မြို့၌ (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်(ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

မော်လမြိုင် ဒီဇင်ဘာ ၂၅

မွန်ပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင် (ပရိယတ္တိစာအောင်)နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲမင်္ဂလာအခမ်းအနားအား ယနေ့မွန်းလွဲပိုင်းက မော်လမြိုင်မြို့ ပရိယတ္တိဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဦးစွာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပရိယတ္တိဓမ္မ ဗိမာန်တော်ကြီးရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်သည်။

## နာယူကြည်ညို

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး မော်လမြိုင်မြို့ အောက်ကျင်းရပ်ကွက် သာသနာ့မာရ်အောင်ဝဲပျံစာသင်တိုက်ကြီး၏ ဦးစီးပဓာနနာယက နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနန္ဒဝံသထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ရွတ်ပွား



သရဏ္ဍာယ်ချီးမြှင့်တော်မူသော ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ၂၀၂၄ ခုနှစ် မော်လမြိုင် စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆိုအောင်မြင်တော်မူခဲ့သော စာအောင်သံဃာတော်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းကြပြီး မော်လမြိုင်မြို့ လှိုင်ရပ်ကွက် အတုလရန်အောင်ကျောင်းတိုက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကောသလ္လထံမှ လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ပင့်သံဃာဆရာတော်ကြီး ၁၀ ပါး၊ စာအောင်သံဃာတော် ၉၉၂ ပါး၊ စာအောင်သီလရှင် ၆၇ ပါး စုစုပေါင်း ၁၀၅၉ ပါးတို့အား ဆွမ်းဆန်စိမ်းများ လောင်းလှူကြကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

# ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဟိုပုံးမြို့ရှိ နောင်တောင်းသီလရှင်ကျောင်းသို့ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ဟိုပုံး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့က ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ဒီဇင်ဘာ ၂၄ ရက်က မြို့ဦးရပ်ကွက်ရှိ နောင်တောင်းသီလရှင်ကျောင်းသို့ သွားရောက်၍ ဆက်ကပ်လှူဒါန်းကြသည်။

ဦးစွာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ထားထားဝင်းနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ



ဒေါ်ဝင်းဝင်းမြတ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များက နောင်တောင်းသီလရှင်ကျောင်းရှိ သီလရှင်များအား သွားရောက်ဖူးမြော်၍ ဆွမ်းဆန်၊ ဆီ၊ အသုံးအဆောင်ပစ္စည်းများ၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေးကိရိယာပစ္စည်းများ၊ တံမြက်စည်း၊ အမှိုက်ကော်၊ အမှိုက်ပုံးများနှင့် ဆွမ်းတစ်ရက်စာအတွက် အလှူငွေကျပ် ငါးသိန်းကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အသိပညာပေးဟောပြောပွဲကျင်းပရာ ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန သူနာပြုအဆင့်(၁) ဒေါ်ထားထားဆွေက တစ်ကိုယ်ရေ သန့်ရှင်းရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောပြီး ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးသည်။

## ဆက်ကပ်လှူဒါန်း

ယင်းနောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များသည် လွယ်အွန့်ကျေးရွာ ဘုန်းတော်ကြီးကျောင်း ဆရာတော်အား ဖူးမြော်ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌက လွယ်အွန့်ကျေးရွာရှိ ကျေးလက်ဒေသအမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ဆောင်ရွက်နေသည့် ဆယ်အိမ်စုမှူးများနှင့် ကျောင်းသူများအား အမှာစကား ပြောကြားပြီး မြို့နယ်ပြည်သူ့ဆေးရုံမှ အထွေထွေရောဂါကုသမားတော် ဒေါက်တာအေးမင်းသန့်က ကူးစက်မှုကြောင့်ဖြစ်တတ်သော အသည်းရောင်ရောဂါများအကြောင်း ဆွေးနွေးဟောပြောသည်။ ဆက်လက်၍ ရှမ်းပြည်နယ် အမျိုးသမီးရေးရာ အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကျေးလက်ဒေသ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် ဆောင်ရွက်နေသည့် အမျိုးသမီး ဆယ်အိမ်မှူးများအား ဝတ်စုံများ၊ အိမ်သာအသုံးအဆောင် ပစ္စည်းများနှင့် ကျောင်းသူများအား ကျောင်းသုံး ဗလာစာအုပ်များကို ပေးအပ်ကြပြီး အသက် ၉၂ နှစ်အရွယ် သက်ကြီးဘိုးဘွားအား သွားရောက် ကန်တော့ခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# မြိတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အသက် ၄၅ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ ကျင်းပ

မြိတ် ဒီဇင်ဘာ ၂၅

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပလျက်ရှိသည့် မြိတ်ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား ကလပ်ပေါင်းစုံ အသက် ၄၅ နှစ်အထက် အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို ယမန်နေ့ညနေပိုင်းက မြို့မအားကစားကွင်း၌ ကျင်းပသည်။

ဗိုလ်လုပွဲတွင် The Best ကလပ်အသင်းနှင့် Holiday ကလပ်



အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ကြရာ မြိတ်ခရိုင်အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားဝါသနာရှင်များက ကြည့်ရှုအားပေးကြသည်။ ပြိုင်ပွဲတွင် Holiday ကလပ်အသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ဗိုလ်လုပွဲအပြီးတွင် ပြိုင်ပွဲဝင်အသင်းများအား ဂုဏ်ပြုမှတ်တမ်းလွှာများ၊ ရှေ့တန်း/ အလယ်တန်း/ နောက်တန်း အကောင်းဆုံးဆု၊ ဂိုးသမားအကောင်းဆုံးဆု၊ ဂိုးသွင်းအများဆုံးဆု၊ အကောင်းဆုံးကစားသမားဆုနှင့် ဒုတိယဆုရရှိသည့်အသင်းအား ဆုတံဆိပ်နှင့် ငွေသားဆုတို့ကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသည့်အသင်းအား ဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားကို မြိတ်ခရိုင် အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးက ပေးအပ်ချီးမြှင့်သည်။ အဆိုပါပြိုင်ပွဲကို အသက် ၄၅ နှစ်အထက် ကလပ်အသင်း လေးသင်း ပြိုင်ပွဲဝင် အားကစားသမား ၈၀ တို့ပါဝင်ယှဉ်ပြိုင်ကြပြီး ဒီဇင်ဘာ ၁၃ ရက်မှ ၂၄ ရက်အထိ ကျင်းပခဲ့ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ပန်းတောင်းမြို့နယ်၌ ဆောင်းဆီထွက်သီးနှံနေကြာ စိုက်ပျိုးထားရှိမှု ကွင်းဆင်းကြည့်ရှု

ပန်းတောင်း ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစုက အခြေခံသမဝါယမအသင်း ခုနစ်သင်း၊ အသင်းသား ၂၄ ဦး၏ ဆောင်းဆီထွက်သီးနှံ(နေကြာ) ၁၃၅ ဧက စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့်ညီမျှသော မျိုးနှင့် သွင်းအားစုများ ပံ့ပိုးပေးသည်။

ထို့ပြင် မြို့နယ်သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက အကယ်ဒမီစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းလီမိတက်မှ အသင်းသားတောင်သူ ဦးသိန်းထိုက်၏ သီးသန့်နေကြာစိုက်ခင်းတွင် ရေဆင်းစပ်မျိုးနေကြာ(၁) စိုက်ပျိုးထားရှိမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ထူးခြားသည့် ညအပူချိန်များ

နေပြည်တော် ဒီဇင်ဘာ ၂၅

| | | |
|---|---|---|
| ပူတာအို | ၄ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| နမ့်စန် | ၅ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၅ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| ပြင်ဦးလွင် | ၆ ဒသမ ၀ | ဒီဂရီဆဲလ်စီးယပ် |
| မြစ်ကြီးနား | ၆ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မချမ်းဘော | ၇ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၈ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် မုံရွာမြို့နယ်အတွင်းရှိ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး



မုံရွာ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တာဝန်ရှိသူများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အိုးဘိုတောင်ရပ်ကွက်ရှိ ချင်းတွင်းမြစ်ကမ်းဘေး မြေနုကျွန်းပေါ်၌ တောင်သူဦးမြင့်စိုး စိုက်ပျိုးထားရှိသည့် ဆောင်းမြေပဲများနှင့် စားဖိုဆောင်သီးနှံ စိုက်ပျိုးထားရှိမှုများအား လိုက်လံကြည့်ရှုခဲ့ကြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အိုးဘိုတောင်အင်းအတွင်းရှိ ကြက်သွန်နီအထူးဇုန်၌ တောင်သူ ၂၀ စိုက်ပျိုးထားသည့် ကြက်သွန်နီ ၈၂ ဧက စိုက်ခင်းသို့ ရောက်ရှိရာ မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက မုံရွာမြို့နယ်အတွင်း ကြက်သွန်နီ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် ထွက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကြက်သွန်နီ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးပြီး ကြက်သွန်နီစိုက်ပျိုးထားရှိမှုများအား ဒေသခံတောင်သူများနှင့်အတူ ကြည့်ရှုခဲ့ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာမြို့နယ် ခံတောကျေးရွာရှိ တောင်သူ ၁၇ ဦး စိုက်ပျိုးထားသည့် ကြက်သွန်နီ ဧက ၄၀ စိုက်ခင်းသို့ ရောက်ရှိရာ ဒေသခံတောင်သူများက ကြက်သွန်နီစိုက်ပျိုးထားရှိမှုများကို လိုက်လံရှင်းလင်းပြသကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကြက်သွန်နီအထွက်နှုန်း ကောင်းမွန်စွာရရှိရေးအတွက် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### လိုက်လံကြည့်ရှု

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မုံရွာ ငုံးမွေးမြူရေးဇုန် အစည်းအဝေးခန်းမ၌ ငုံးမွေးမြူရေးလုပ်ငန်းရှင်များနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံစဉ် ငုံးမွေးမြူရေးလုပ်ငန်းရှင်များ၏ ဆွေးနွေးတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးကာ ငုံးမွေးမြူရေးဇုန်အတွင်း ငုံးများ မွေးမြူထားရှိမှု၊ ငုံးဥများ ထုပ်ပိုးနေမှုများနှင့် အစာစပ်စက်ရုံတို့အား လိုက်လံကြည့်ရှုသည်။

အဆိုပါ မုံရွာငုံးမွေးမြူရေးဇုန်အတွင်း ငုံးမွေးမြူရေးလုပ်ငန်းရှင် ၄၀ ကျော်က ငုံးခြံ ၉၀ ဖြင့် ငုံးကောင်ရေ ခြောက်သိန်းကျော်အား မွေးမြူလျက်ရှိပြီး တစ်ရက်လျှင် ငုံးဥငါးသိန်းကျော် ထွက်ရှိရာ ဒေသတွင်းစားသုံးရန် လုံလောက်သည့်အပြင် အခြားတိုင်းဒေသကြီးနှင့်ပြည်နယ်များသို့ပါ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်တို့အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်



ပဲခူး ဒီဇင်ဘာ ၂၅

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းက တောင်ငူခရိုင်နှင့် ညောင်လေးပင်ခရိုင်အတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး ကွင်းဆင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် တောင်ငူမြို့ အမှတ်(၂၀)ရပ်ကွက်၌ ဒေသကြက်သားပေါက် မွေးမြူရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်း ဆောင်ရွက်လျက် ရှိသည့် ဦးစောအယ်ဒို၏ ဒေင်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အစိုးရ စက်မှုလက်မှုသိပ္ပံ(တောင်ငူ)သို့ ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ၏ ဘာသာရပ် အလိုက် လက်တွေ့သင်ခန်းစာပြုလုပ်ထားသည့် သင်ကြားရေး အထောက်အကူပြု ပစ္စည်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်သည်။ ယင်းနောက် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် တောင်ငူမြို့နယ် ဇီးပင်သာကျေးရွာအုပ်စုရှိ ပဲစိုက်ခင်းများ၌ အစိုးရ စက်မှုလက်မှုသိပ္ပံ (တောင်ငူ)၏ စက်မှုအင်ဂျင်နီယာ ကျောင်းသား ကျောင်းသူများ၏ သင်ကြားခဲ့သည့် ဘာသာရပ်များအား ကိုးကား၍ Portable Agricultural Wheel Sprayer "ဘီးလည်အား အသုံးပြုပြီး လွယ်ကူရိုးရှင်းသော ပဲဆေးဖျန်းစက်" တီထွင်ထားရှိမှုနှင့် လက်တွေ့ အသုံးချနေမှုတို့ကို သွားရောက် ကြည့်ရှုအားပေးသည်။

အဆိုပါ ဆေးဖျန်းစက်သည် စက်သုံးဆီမလိုဘဲ ပုံမှန်ပုံးဖြင့် ဆေးဖျန်းခြင်းထက် ခြောက်ဆခန့် ပိုမိုမြန်ဆန်လျက်ရှိရာ ဒေသခံတောင်သူများ အကြိုက်တွေ့လျက်ရှိပြီး ဘက်ပေါင်းစုံမှ ပြည့်စုံကောင်းမွန်စေရေးအတွက် နည်းပညာနှင့် ပံ့ပိုးရန် လိုအပ်ချက်များအား တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် ပျဉ်းမလွင်ကျေးရွာ၌ သီးထပ်စွမ်းအင်တိုးတက်စေရေးအတွက် အစိုးရအဖွဲ့အစီအစဉ်ဖြင့် စိုက်ပျိုးရေးရရှိရေး ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် တစ်ကွင်းတစ်ဆက်တည်း ဧက ၅၀၀ နွေစပါးနှစ်သီး စိုက်ပျိုးအောင်မြင် ဖြစ်ထွန်းနေမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ဒိုက်ဦးမြို့နယ် လက်ခုပ်ကွင်းကျေးရွာ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဒေသကြက်၊ ဥစားဘဲနှင့် ဒေသဆိတ်များ စီးပွားဖြစ်မွေးမြူနိုင်ရေး မွေးမြူရေးခြံများ တည်ဆောက်နေမှုနှင့် ကျိုက်စကောအရှေ့ကျေးရွာ၌ ဦးမောင်ကြည်၏ ဒေသကြက်ကောင်ရေ ၄၅၀၀ မွေးမြူထားရှိမှုတို့အား ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ဧက ၃၄၇၃၀ ရိတ်သိမ်းပြီးစီး

ကန့်ဘလူ ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် ၁၅၀၉၅၉ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး မိုးစပါး ဧက ၃၄၇၃၀ ရိတ်သိမ်းပြီးစီးခဲ့ရာ ၂၄၃၄၁၉၄ တင်းထွက်ရှိကြောင်း၊ တစ်ဧကပျမ်းမျှ ၇၀ ဒသမ ၀၉ တင်းထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒေသခံတောင်သူလယ်သမားများသည် မိုးစပါးမျိုးများဖြစ်သည့် မနောသုခ၊ အေးချမ်းမေ၊ ရွှေသွယ်ရင်၊ ပေါ်ဆန်းရင်၊ ဆင်းသုခနှင့် ရောမင်းမျိုးများကို စိုက်ပျိုးကြပြီး ဒေသခံများ အများဆုံးကြိုက်နှစ်သက်သည့် ရောမင်းကို အများဆုံးစိုက်ပျိုးကြကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)



## မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဒီဇင်ဘာ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် အများအားဖြင့် သာယာပြီး ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ မိုး/ဇလ



# ပွင့်ဖြူမြို့နယ်၌ မိုးစပါး ၃၂၈၁၁ ဧကထိ ရိတ်သိမ်းပြီးစီး၊ စပါးအထွက်နှုန်းများ ကောင်းမွန်

ပွင့်ဖြူ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးခဲ့သော စပါး ၃၂၈၁၁ ဧကအထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး သီးနှံအထွက်နှုန်းမှာ တစ်ဧက ၉၀ ဒသမ ၈၉ တင်းခန့်ထွက်ရှိကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၆၉၉၉၉ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး အဆိုပါ စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို နိုဝင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ၃၂၈၁၁ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်သည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါးစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ရိတ်သိမ်းပြီးစပါးများ အမိုးအကာအောက် အချိန်မီရောက်ရှိရေးစသည့် အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

# လူငယ်နှင့် Vape အန္တရာယ်

**ဝင်းထွဋ်ဦး**

အရင်တုန်းက ကျောင်းစာပေဟောပြောပွဲမှာ လူငယ်တွေ ကျောင်းသားလေးတွေကို မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း ပြောပြခဲ့ဖူးပါတယ်။ အဓိကက ဆေးလိပ်သောက်တာ လုံးဝရှောင်သင့်တယ်ဆိုတာပါ။ ဆေးလိပ်သောက်ရင် လူ့သက်တမ်းတိုစေတယ်၊ ကင်ဆာရောဂါတွေဖြစ်စေတယ် စတဲ့ဆိုးကျိုးတွေပဲ ရနိုင်တယ်။ ဆေးလိပ်သောက်တဲ့အကျင့်ကို လုံးဝအစမလုပ်ပါနဲ့၊ ငြင်းပယ်သင့်တယ်ဆိုတာကို ကျောင်းသားအရွယ်လူငယ်တွေကို အကြိမ်ကြိမ်ပြောခဲ့တယ်။ အတန်းလစ်ပြီး ကျောင်းပြင်ပမှာ ဆေးလိပ် စီးကရက်လေး လက်ကြားညှပ်ပြီး စတိုင်ထုတ်ကြတဲ့ကလေးတွေ ဆေးလိပ်ရဲ့ဆိုးကျိုးကို သိသွားတယ်။ သိလို့ ရှောင်သွားကြတယ်။



အခုလက်ရှိမှာက ကျောင်းသားအရွယ် လူငယ်လေးတွေရော ကျောင်းပြင်ပရောက် လူငယ်လူရွယ်လေးတွေရဲ့ စတိုင်ထုတ်ပုံပြောင်းသွားကြပါတယ်။ လက်ကြားမှာ စီးကရက်လေးနဲ့ဆိုတာ မဟုတ်တော့ပါဘူး။ လည်ပင်းကြိုးဆွဲလေးနဲ့ သေးသွယ်လှပတဲ့ Vape pen လေးက အစားထိုးနေရာယူနေပါပြီ။ အရောင်မျိုးစုံ၊ ပုံစံအမျိုးမျိုးတွေနဲ့လာတဲ့ Vape Device လေးတွေက သူတို့လေးတွေအတွက် သပ်ရပ်ကြော့မော့ smart ဖြစ်နေတာလည်းပါပါတယ်။

**မှားယွင်းစွာယုံကြည်နေ**

ဒ့ါအပြင် အနံ့အရသာမျိုးစုံနဲ့ ဆွဲဆောင်ထားတဲ့အတွက် အခုနောက်ပိုင်းမှာ သုံးစွဲသူလူငယ်တွေ ကျောင်းသားတွေ သိသိသာသာ တိုးပွားလာပါတယ်။ လူငယ်တွေဟာ ပုံမှန်ဆေးလိပ်စီးကရက်ထက် Vape ကို ပိုပြီးနှစ်သက်လာကြတယ်။ အကြောင်းကတော့ Vape ဟာ ဆေးလိပ်ထက် ပိုပြီးအန္တရာယ်နည်းတယ်လို့ မှားယွင်းစွာယုံကြည်နေကြလို့ပဲဖြစ်ပါတယ်။ ကျောင်းသားလူငယ် သားတို့ သမီးတို့ Vape ဆိုတာကို မသိသေးတာလည်းပါပါတယ်။ အမှန်တကယ်က Vape ရဲ့အန္တရာယ်ဟာ ကြီးမားပါတယ်။ ဆေးလိပ်ထက်တောင် အန္တရာယ်ရှိတဲ့ Vape သုံးစွဲမှုရဲ့ ဆိုးကျိုးတွေကများလွန်းပါတယ်။ အန္တရာယ်ရှိတယ်၊ ဆိုးကျိုးတွေလည်းများတဲ့အကြောင်းကို ပြောပြရပါမယ်။ ရှင်းပြရပါတော့မယ်။ ကျောင်းသားအရွယ်လူငယ်လေးတွေ အမှန်သိရှိပြီး ရှောင်ရှားနိုင်စေဖို့ ဖြစ်ပါတယ်။

Vape လုပ်တယ်ဆိုတာ အီးစီးကရက်က ထွက်တဲ့အငွေ့တွေကို ရှူရှိုက်တာကို ခေါ်ပါတယ်။

Vaping ဆိုတာက အီးစီးကရက်နဲ့ Vape pen အစရှိတဲ့ လက်ကိုင်ကိရိယာတစ်ခုခုထဲကို ဓာတုရည် (e–liquid) ထည့်ပြီး အပူပေးလိုက်တယ်။ အပူပေးလို့ရလာတဲ့အငွေ့ကို ရှူရှိုက်တာဖြစ်ပါတယ်။

စီးကရက်ဆေးလိပ် သောက်တာဟာ ဆေးရွက်ကြီး (tobacco)ကို မီးရှို့ပြီးရတဲ့ အငွေ့ကို ရှူရှိုက်တာပါ။ vaping ကတော့ e–liquid အငွေ့ကို ရှူသွင်းတာဖြစ်တယ်။ အီးစီးကရက် (Electronic Cigarette)တို့၊ Vape pen တို့ ဆိုတာက e–liquid အရည်ကိုအပူပေးပြီး ရှူရှိုက်သွင်းဖို့ အသုံးပြုတဲ့ ကိရိယာတစ်ခုဖြစ်တယ်။ E–liquid ကို E–cigarette Vape pen ထဲထည့်ပြီး အငွေ့ရှူကြတယ်။

E–liquid မှာ ရေငွေ့၊ အရသာရှိစေတဲ့အရာ (Flavoring)၊ စွဲလမ်းတတ်တာအပြင် ကျန်းမာရေးအတွက်အန္တရာယ်ရှိတဲ့ နီကိုတင်းဓာတ် (Nicotine) နဲ့ အငွေ့အဖြစ် ပြောင်းလဲဖို့သုံးတဲ့ Propylene glycol glycerin (အလှဆီ)တို့ ပါဝင်ပါတယ်။

**ဓာတုပစ္စည်း ၄၀၀၀ ကျော်ပါဝင်**

အီးစီးကရက်နဲ့ Vape pen တွေကထွက်တဲ့ အငွေ့တွေမှာ လူကိုအန္တရာယ်ပေးစေတဲ့ ဓာတုပစ္စည်းပေါင်း ၄၀၀၀ ကျော်ပါဝင်ပြီး ကင်ဆာဖြစ်စေတဲ့ ပစ္စည်း ၄၀ ကျော် ပါဝင်နေပါတယ်။ အဲဒီဓာတ်ပစ္စည်းတွေက နှလုံးနဲ့ သွေးလှည့်ပတ်မှုကို ထိခိုက်စေပါတယ်၊ အဆုတ်ကို ထိခိုက်စေတယ်၊ သွားနှင့် ခံတွင်းကိုလည်း ပျက်စီးစေတဲ့အပြင် ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေပါတယ်။

အဲဒီဓာတုပစ္စည်းတွေကို မီးနဲ့အပူပေးလိုက်တဲ့အခါမှာ ဓာတ်ပြုကြပြီး Formaldehyde တွေ ထွက်လာပါတယ်။ ထွက်လာတဲ့အထဲကတချို့ဟာ အဆိပ်အတောက်ဖြစ်စေပြီး ကင်ဆာရောဂါအထိ ဖြစ်စေနိုင်ပါတယ်။

**❝ အီးစီးကရက်နဲ့ Vape pen တွေမှာပါတဲ့ နီကိုတင်းဟာ သာမန်ဆေးလိပ်မှာပါဝင်တဲ့ နီကိုတင်းထက် ပိုမိုသန့်စင်အောင်ပြုလုပ်ပြီး ထုတ်ထားတာဖြစ်ပါတယ်။ နီကိုတင်းပါဝင်မှုပိုများတာကြောင့် Vape ရှူလိုက်ရင် ခန္ဓာကိုယ်အသက်ရှူလမ်းကြောင်းထဲဝင်သွားတဲ့ နီကိုတင်းပမာဏဟာ သာမန်ဆေးလိပ်တစ်လိပ်ကို ရှူလိုက်လို့ဝင်လာတဲ့ ပမာဏထက် ပိုများတာသေချာနေပါတယ်။ ဒါကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေဖြစ်စေတဲ့အပြင် လေဖြတ်တာ၊ ခြေလက်တွေ သွေးကြောပိတ်ပြီး ပုပ်တာ၊ ဦးနှောက်နဲ့ အာရုံကြောတွေထိခိုက်တာ၊ ဆီးချိုသွေးချိုဖြစ်တာ၊ ဟော်မုန်းတွေ ပုံမှန်မဖြစ်တော့တာ၊ အရိုးတွေပွတာ၊ ကြွက်သားတွေနာကျင်တာနဲ့ အသက်တိုစေတာ စတဲ့ နီကိုတင်းကြောင့်ဖြစ်ရတဲ့ ကျန်းမာရေးဆိုင်ရာဆိုးကျိုးတွေကို ခံစားရမှာဖြစ် ❞**

အီးစီးကရက်နဲ့ Vape pen တွေမှာပါတဲ့ နီကိုတင်းဟာ သာမန်ဆေးလိပ်မှာပါဝင်တဲ့ နီကိုတင်းထက် ပိုမိုသန့်စင်အောင်ပြုလုပ်ပြီး ထုတ်ထားတာဖြစ်ပါတယ်။ နီကိုတင်း ပါဝင်မှုပိုများတာကြောင့် Vape ရှူလိုက်ရင် ခန္ဓာကိုယ်အသက်ရှူလမ်းကြောင်းထဲဝင်သွားတဲ့ နီကိုတင်းပမာဏဟာ သာမန်ဆေးလိပ်တစ်လိပ်ကို ရှူလိုက်လို့ဝင်လာတဲ့ ပမာဏထက် ပိုများတာသေချာနေပါတယ်။ ဒါကြောင့် သွေးတိုးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါတွေဖြစ်စေတဲ့အပြင် လေဖြတ်တာ၊ ခြေလက်တွေ သွေးကြောပိတ်ပြီး ပုပ်တာ၊ ဦးနှောက်နဲ့ အာရုံကြောတွေ ထိခိုက်တာ၊ ဆီးချိုသွေးချိုဖြစ်တာ၊ ဟော်မုန်းတွေပုံမှန်မဖြစ်တော့တာ၊ အရိုးတွေပွတာ၊ ကြွက်သားတွေနာကျင်တာနဲ့ အသက်တိုစေတာ စတဲ့ နီကိုတင်းကြောင့် ဖြစ်ရတဲ့ကျန်းမာရေးဆိုင်ရာ ဆိုးကျိုးတွေကို ခံစားရမှာဖြစ်တယ်။

နီကိုတင်းအပြင် အနံ့အရသာမျိုးစုံ ပါနေတယ်။ အဲဒါတွေကိုလည်း ဓာတုပစ္စည်းတွေနဲ့ ပြုလုပ်ထားတဲ့အတွက် ခန္ဓာကိုယ်တစ်ခုလုံးကို ဓာတ်တိုးစေပြီး(oxidation) အသားအရေရောင်ရမ်းတာ (inflammation) ဖူးရောင်တာတွေဖြစ်စေတယ်။ အာခေါင်ခြောက်တာ၊ ချောင်းဆိုးတာကစလို့ အသက်ရှူလမ်းကြောင်းကိုလည်း ထိခိုက်ပျက်စီးစေပါတယ်။

**အကြိမ် ၃၅၀ အထိ ရှူရှိုက်နိုင်**

Vaping တစ်ခါတစ်ရှိုက်ရှူလိုက်ရုံနဲ့ နှလုံးခုန်နှုန်းတက်လာတယ်။ သွေးပေါင်အနည်းငယ်တက်တယ်။ ဒါဟာ တစ်ကြိမ်တစ်ခါပဲ ရှိပါသေးတယ်။ ဆေးလိပ်တစ်လိပ်ကို ၇–၈ ကြိမ်လောက် ရှူလိုက်လျှင် ကုန်ဆုံးသွားနိုင်ပေမယ့် အီးစီးကရက်တစ်လိပ် Vape pen တစ်ခုက Vaping အကြိမ် ၃၅၀ အထိ ရှူရှိုက်နိုင်ပါတယ်။

အကြိမ်ရေများလေလေ ရောဂါတွေရဖို့များလေလေ ဖြစ်တယ်။ ရှူရှိုက်တဲ့အကြိမ်များလာရင် သုံးစွဲတဲ့ ကာလကြာလာရင် နှလုံးရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါ၊ သွေးတိုးရောဂါတွေအပြင် လေဖြတ်ရောဂါတွေဖြစ်ဖို့ ရာခိုင်နှုန်းများပါတယ်။

ဓာတုပစ္စည်းတွေ မီးရှို့ရာကထွက်လာတာကို ရှူရှိုက်လိုက်တာဖြစ်လို့ အဆုတ်ကိုထိခိုက်စေပါတယ်။ "Diacetyl" က အဆိုးဆုံးပါပဲ။ အဆုတ်ကို တိုက်ရိုက်ဖျက်ဆီးပါတယ်။ ဓာတ်မှန်ရိုက်ကြည့်မှ အဆုတ်မှာ အဖြူရောင်အလုံးတွေ တွေ့ရလေ့ရှိပါတယ်။ လေပြွန်တွေရောင်ရမ်းပြီး အဆုတ်မှာ ပြန်မကောင်းနိုင်တော့တဲ့ ပေါက်ပေါက်ဆုပ်လို အမာရွတ်တွေ (Popcorn Lung) ဖြစ်တတ်ပါတယ်။ ကြောက်စရာအကောင်းဆုံး အနေအထားလို့တောင် ပြောနိုင်တယ်။

Vape ကြောင့် အဆုတ်ထိခိုက်ပြီး အသက်ဆုံးရှုံးခဲ့ရတဲ့သူတွေလည်း ရှိခဲ့တယ်ဆိုတာကို မှတ်တမ်းတွေမှာ တွေ့ရတယ်။ အခုလိုအန္တရာယ်တွေများလွန်းနေလို့ အိန္ဒိယ၊ ဂျပန်၊ စင်ကာပူ၊ ဟောင်ကောင်နဲ့ မက္ကဆီကို အစရှိတဲ့ နိုင်ငံတွေမှာ Vape သုံးစွဲတာ၊ အီးစီးကရက်သောက်သုံးတာကို ပြင်းထန်စွာ တားမြစ်ကန့်သတ်ထားပါတယ်။ ကျန်တဲ့ကမ္ဘာတစ်ဝန်းက နိုင်ငံတွေမှာလည်း တားမြစ်မှုလုပ်ဆောင်ဖို့အစီအစဉ်တွေချမှတ်ကာ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

Vape ကနေထွက်တဲ့ ရေငွေ့ကို ရှူရှိုက်ကြတာဖြစ်တယ်၊ မီးခိုးငွေ့မဟုတ်လို့ အန္တရာယ်မဖြစ်ပါဘူးလို့ အထင်မှားနေကြတယ်။ ဆေးလိပ်လုံးဝမသောက်ဖူးတဲ့ လူငယ်တွေက အီးစီးကရက်ကို အန္တရာယ်ကင်းတယ်ထင်ပြီး သုံးနေကြတယ်။ Vaping ဆိုတာက ဆေးလိပ်သောက်တာနဲ့ အတူတူပါပဲ။ အဆုတ်ကို အန္တရာယ်ပေးနိုင်တယ်ဆိုတာ သိဖို့လိုပါတယ်။ နားလည်ဖို့အရေးကြီးပါတယ်။ စီးကရက်သောက်တဲ့သူ မှုတ်ထုတ်လိုက်တဲ့ အငွေ့တွေကို ရှူလိုက်ရတဲ့သူ ဆေးလိပ်မသောက်ဘဲနဲ့ ဆေးလိပ်သောက်တဲ့သူနဲ့တန်းတူ ရောဂါရစေပါတယ်။ ဒီလိုပါပဲ Vape ရှိုက်တဲ့သူတွေဆီက ထွက်လာတဲ့အငွေ့ကို ရှူမိတဲ့သူတွေဟာလည်း Vape ရှိုက်တဲ့သူတွေ နီးပါးလိုလိုကို အန္တရာယ်ဖြစ်စေပါတယ်။

**စမ်းကြည့်ရင်းစွဲလမ်းသွား**

အီးစီးကရက်ကို စထုတ်လုပ်ခဲ့တဲ့ ပထမဦးဆုံးရည်ရွယ်ချက်က ဆေးလိပ်သောက်သူတွေ ဆေးလိပ်ဖြတ်ရာမှာ အစားထိုးအသုံးပြုနိုင်ဖို့ ထုတ်ခဲ့တာပါ။ တဖြည်းဖြည်းနဲ့ အခုဆိုရင် အီးစီးကရက်တို့၊ Vape pen တို့ဟာ လည်ပင်းစွဲပြီး Style ထုတ်ရင်း Vape သောက်နေကြတဲ့ ဆယ်ကျော်သက်တွေနဲ့ လူငယ်လူရွယ်တွေအတွက် ဖြစ်လို့နေပါပြီ။

အခု လူငယ်တွေနဲ့ လူလတ်ပိုင်းတွေကြားထဲမှာ အီးစီးကရက်၊ Vape pen သောက်တာဟာ ခေတ်စားလာတာကတော့ အမှန်ပဲဖြစ်နေပါတယ်။ ဆေးလိပ်လုံးဝမသောက်ဖူးတဲ့ လူငယ်တွေရော စီးကရက်သောက်နေဆဲ လူငယ်တွေကပါ အီးစီးကရက်ကို အန္တရာယ်ကင်းတယ်လို့ အထင်မှားပြီး သုံးနေကြလို့ သုံးစွဲတဲ့ လူငယ်တွေ များလာပါတယ်။ အမှန်ကသူ့မှာပါဝင်တဲ့ နီကိုတင်းဟာ စွဲလမ်းစေလို့ လူငယ်တွေကြားမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုလာတာဖြစ်တယ်။ အစလုပ်ကြည့် စမ်းကြည့်ရင်းနဲ့ Vaping လုပ်ရတာကို နှစ်သက်သဘောကျ စွဲလမ်းသွားရတာပါ။ ဒီလိုဖြစ်လာရင် အနာဂတ်မျိုးဆက်သစ်လူငယ်တွေအတွက် အင်မတန်မှ ရင်လေးစရာဖြစ်ပါတယ်။

အဲဒါကြောင့် ကျောင်းသားလူငယ်လေးတွေရော ကျောင်းပြင်ပရောက် လူငယ်လူရွယ်လေးတွေကို ပြောချင်တာက ဆေးလိပ်ဖြတ်ဖို့ Vape သောက်တာဖြစ်ဖြစ်၊ ခေတ်မီချင်လို့ Vape သောက်တာဖြစ်ဖြစ် ဘယ်လိုအကြောင်းကြောင်းကြောင့်ဖြစ်စေ Vape ဟာ မသောက်သင့်တဲ့အရာဖြစ်တယ်။ Vaping မလုပ်ကြပါနဲ့။ စီးကရက်ဆေးလိပ်တို့လိုပါပဲ ခပ်ဝေးဝေးကနေ လုံးဝကိုရှောင်သင့်တဲ့အရာဖြစ်ပါတယ်။ အန္တရာယ်များလွန်းလို့ မသောက်ကြပါနဲ့လို့ အလေးအနက်တိုက်တွန်းပါရစေ။ ။

**ကိုးကား။ ။ internet သတင်းများ၊ ကျန်းမာရေးဆောင်းပါးများ၊**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ ကျေးရွာကော်မတီသို့ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနား ကျင်းပ



**ပူတာအို ဒီဇင်ဘာ ၂၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေးတာဝန်ခံ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်တို့သည် ပြည်နယ်တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးရန်နိုင်လွင်နှင့်အတူ ဒီဇင်ဘာ ၂၄ ရက် နံနက်ပိုင်းက ပူတာအိုခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအား ကျေးရွာကော်မတီသို့လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက ပူတာအိုခရိုင်အတွင်း ပထမအဆင့်အနေဖြင့် ပူတာအိုဒေသ ဆန်စပါးဖူလုံရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် ယခုနှစ်မှစတင်ပြီး "ပူတာအိုဒေသ စားသုံးဆီဖူလုံဖို့ ဒီသုံးနှစ်မှာ ကြိုးစားစို့" ဆောင်ပုဒ်ဖြင့် ပူတာအိုခရိုင်အတွင်း စားသုံးဆီဖူလုံရေးအတွက် ရည်ရွယ်ချက်ချမှတ်ကာ ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့်အတူ ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်သယံဇာတရေးရာဝန်ကြီးက လုပ်ငန်းရှင် ဦးသိုက်ရွှေ၏ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ၁၈ တန်ကျ ဆန်စက်တည်ဆောက်ရေးလုပ်ငန်းအတွက် မတည်ရန်ပုံငွေကျပ်သန်း ၅၀ ကိုလည်းကောင်း၊ တိုင်းရင်းသားရေးရာဝန်ကြီးက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီမုန်ညင်းစိုက်ခင်းဆောင်ရွက်မည့် တောင်သူများသို့ ငွေကျပ် ၅၂ ဒသမ ၉၅ သန်းကိုလည်းကောင်း လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးများသည် ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာများ၊ ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်း တာဝန်ရှိသူများနှင့်တွေ့ဆုံရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးထွန်းက ပူတာအိုခရိုင်၏ ဒေသဆိုင်ရာအချက်အလက်များကို လည်းကောင်း၊ မြို့နယ်ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌ ဦးမဖန်းဆင်ဆုန်းက တိုင်းရင်းသားကိစ္စရပ်များကို လည်းကောင်း ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးများက တင်ပြချက်များအပေါ် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ရဝမ်စာပေနှင့် ယဉ်ကျေးမှုအသင်းအတွက် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများစာအုပ်ပေးအပ်လှူဒါန်းရာ မြို့နယ်ရဝမ်စာပေနှင့်ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၂၅**

မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဒီဇင်ဘာ ၂၄ ရက် မွန်းလွဲပိုင်းတွင် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။



ဦးစွာ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်းဆပ်ကော်မတီ ဥက္ကဋ္ဌ သယံဇာတရေးရာ ဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က အဖွင့်အမှာစကားပြောကြားပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည် မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ အတွင်းရေးမှူး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးညွန့်နိုင်က ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးရေး လုပ်ငန်းစဉ်များ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် သင်တန်းများဖွင့်လှစ်ပေးနိုင်မှုများ၊ ကလေးသူငယ်များအား အဆိုးရွားဆုံး ပုံစံများဖြင့် အလုပ်လုပ်ကိုင်ခြင်းမှ ကာကွယ်နိုင်ရန် အလုပ်ရှင်များအား အသိပညာပေးခြင်း၊ မိသားစုအခက်အခဲများကြောင့် ကလေးငယ်များအား အလုပ်လုပ်ကိုင်ခြင်းမှ တားဆီးကာကွယ်ရန် အသိပညာပေးခြင်းများ၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ Bill Board များ စိုက်ထူခြင်း လုပ်ငန်းများ အကြောင်းတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီ အဖွဲ့ဝင်များက မိမိတို့ လုပ်ဆောင်နေကြသည့်လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြရာ ကလေးအလုပ်သမား ပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းဆပ်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ပြန်လည်ဖြေကြားဆွေးနွေးပေးခဲ့ပြီး ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ရေးလုပ်ငန်း ဆပ်ကော်မတီဥက္ကဋ္ဌ သယံဇာတရေးရာဝန်ကြီး ဒေါက်တာအောင်မြတ်ကျော်စိန်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။ **ခင်စန်းမြင့်(ပြန်/ဆက်)**

# (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ဘောလုံးပြိုင်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် တံတားမြို့ အားကစားကွင်း၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုသောအားဖြင့် တံတားမြို့ပေါ် လေးရပ်ကွက်နှင့် ကျေးရွာ ၁၂ ရွာတို့မှ အသက် ၂၁ အောက် လူငယ်များစုပေါင်း၍ ပြိုင်ပွဲဝင်အသင်းပေါင်း ရှစ်သင်းဖြင့် ဘောလုံးပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီက ကျင်းပသည်။

ကွင်းဖွင့်ပွဲတွင် မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က အဖွင့်အမှာစကားပြောကြားပြီး တံတားနယ်မြေလုံခြုံရေးတာဝန်ခံ ဗိုလ်ကြီးနိုင်ဝင်းက ပြိုင်ပွဲကိုစည်းကမ်းနှင့်အညီ ယှဉ်ပြိုင်ကြရန်နှင့် အရှုံးအနိုင်ကို အဓိကမထားဘဲ အားကစားစိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကြရန်ပြောကြားသည်။ ထို့နောက် အားကစားကော်မတီဝင် ဦးဝင်းမြင့်ဦးက ပြိုင်ပွဲစည်းကမ်းများကို ဖတ်ကြားပြီး မြို့အုပ်ချုပ်ရေးမှူး ဦးရန်အောင်မျိုးထက်က ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြောင်း သိရသည်။ **အောင်ဆွေ(ရွှေတံတား)**



# ကျောက်ဆည်မြို့၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပ

**ကျောက်ဆည် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့၌ အမှတ်(၇)အခြေခံပညာမူလတန်းလွန်ကျောင်းတွင် ယမန်နေ့နံနက်ပိုင်းက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အားကစားပြိုင်ပွဲများ ကျင်းပသည်။

အားကစားပြိုင်ပွဲများကျင်းပရာတွင် KG အတန်းမှ Grade-5 အတန်းထိ အတန်းအလိုက် ကျောင်းသား ကျောင်းသူများက မီတာ ၁၀၀ အပြေး၊ အာလူးကောက်၊ အိတ်စွပ်၊ ခါးကွင်းလှည့်စသည့် အားကစားနည်းများတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**



# ဝေမျှခြင်းပရဟိတအဖွဲ့က ညောင်ဦးမြို့နယ်အတွင်း သောက်သုံးရေများ ဖြန့်ဝေလှူဒါန်း

**ညောင်ဦး ဒီဇင်ဘာ ၂၅**

ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် အတွင်း သောက်သုံးရေ လိုအပ်နေသော ကျေးရွာနေ ပြည်သူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရန်အတွက် ယနေ့နံနက်ပိုင်းက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ ဖြန့်ဝေလှူဒါန်းပေးသည်။



ထိုသို့ ကျေးရွာနေပြည်သူများအား သောက်သုံးရေဖြန့်ဝေလှူဒါန်းပေးရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ညောင်ဦးမြို့နယ် အေးမေတ္တာ ပရဟိတရေလှူတော်အသင်း(တောင်ဇင်း)နှင့် ပူးပေါင်းပြီး သောက်သုံးရေလိုအပ်နေသော ညောင်ဦးမြို့နယ် ချောင်းဝ၊ နပွလင်၊ စံပြ၊ ဘုန်းတော်၊ ရွှေလှိုင်း၊ ညောင်လှကျေးရွာတို့နှင့် ကန်ကြီးပေါက်တဲတိုက်၊ ဘုန်းတော်တဲတိုက်များသို့ ရေဂါလန် ၁၆၀၀ စီ စုစုပေါင်း သောက်သုံးရေဂါလန် ၁၂၈၀၀ အား အိမ်ထောင်စု လူဦးရေအလိုက် စနစ်တကျ ဖြန့်ဝေလှူဒါန်းပေးခဲ့ရာ သောက်သုံးရေ လိုအပ်နေချိန်လာရောက် လှူဒါန်းပေးသဖြင့် ဒေသခံပြည်သူများက ဝမ်းသာပျော်ရွှင်လျက်ရှိနေကြသည်။

ထိုသို့ သောက်သုံးရေ လိုအပ်သော ကျေးလက်ဒေသများရှိ ဒေသခံပြည်သူများ သောက်သုံးရေ ဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့ အပါအဝင် ပုဂံညောင်ဦးမြို့ပေါ်ရှိ လူမှုရေးအသင်းအဖွဲ့များနှင့် ဌာနဆိုင်ရာများက ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ နေ့စဉ်သွားရောက်ဖြည့်ဆည်း လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# ဒေါ်နယ်ထရမ့်၏ အခွန်စည်းကြပ်မည့်အစီအစဉ် အကောင်အထည်ဖော်မည်ဆိုပါက ကမ္ဘာလုံးဆိုင်ရာ ဂျီဒီပီတန်ဖိုး သုည ဒသမ ၃ ရာခိုင်နှုန်း လျော့ကျသွားဖွယ်ရှိ



တိုကျို ဒီဇင်ဘာ ၂၅

အမေရိကန် ရွေးကောက်ခံသမ္မတ ဒေါ်နယ်ထရမ့်သည် မက္ကဆီကို၊ ကနေဒါနှင့် တရုတ်နိုင်ငံတို့အပေါ် အခွန်စည်းကြပ်မည့်အစီအစဉ်ကို ဆက်လက်လုပ်ဆောင်မည်ဆိုပါက ကမ္ဘာလုံးဆိုင်ရာ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုး (GDP) သည် သုည ဒသမ ၃ ရာခိုင်နှုန်း လျော့ကျသွားဖွယ်ရှိကြောင်း ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့ (JETRO) က ယနေ့ ပြောသည်။

## ပြောကြား

၂၀၂၅ ခုနှစ် ဇန်နဝါရီလတွင် သမ္မတရာထူး စတင်ထမ်းဆောင်သည့်အချိန်တွင် အဆိုပါနိုင်ငံများအနေဖြင့် တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများနှင့် မူးယစ်ဆေးဝါးများကို အမေရိကန်သို့ တင်ပို့ခြင်းအား ရပ်တန့်ခြင်းမပြုပါက မက္ကဆီကိုနှင့် ကနေဒါတို့မှ သွင်းကုန်များအပေါ် အခွန် ၂၅ ရာခိုင်နှုန်း စည်းကြပ်မည်ဖြစ်ကြောင်း ဒေါ်နယ်ထရမ့်က ကြေညာခဲ့သည်။

တရုတ်နိုင်ငံမှ ကုန်ပစ္စည်းများအပေါ် ၁၀ ရာခိုင်နှုန်း ထပ်မံစည်းကြပ်ရန် စီစဉ်ထားကြောင်းလည်း ၎င်းက ပြောကြားသည်။

မော်တော်ကား၊ အစားအသောက် ပြုပြင်ထုတ်လုပ်ရေး၊ အီလက်ထရွန်နစ်နှင့် လျှပ်စစ်စက်မှုလုပ်ငန်းတို့မှ ကုန်ပစ္စည်းများတင်ပို့မှုအပေါ် ထိခိုက်စေသည့်အတွက် မက္ကဆီကိုနိုင်ငံ၏ ပြည်တွင်းအသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးသည် ၃ ဒသမ ၈ ရာခိုင်နှုန်း၊ ကနေဒါနိုင်ငံသည် ၁ ဒသမ ၂ ရာခိုင်နှုန်းနှင့် တရုတ်နိုင်ငံသည် သုည ဒသမ ၃ ရာခိုင်နှုန်း လျော့ကျသွားနိုင်ကြောင်း ဂျပန်ပြည်ပကုန်သွယ်ရေးအဖွဲ့၏ ဖွံ့ဖြိုးဆဲနိုင်ငံများဆိုင်ရာ အင်စတီကျုမှ လက်ထောက် သုတေသီတစ်ဦးဖြစ်သူ အီဆိုနိုအီကူမိုက ခန့်မှန်းပြောကြားသည်။

အမေရိကန်နိုင်ငံသို့ ဂျပန်နိုင်ငံ၏ မော်တော်ကားနှင့်ပတ်သက်သော ပို့ကုန်များ တိုးလာဖွယ်ရှိသည့်အတွက် ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုးသည် သုည ဒသမ ၂ ရာခိုင်နှုန်း တိုးလာနိုင်ကြောင်း ၎င်းက ခန့်မှန်းပြောကြားသည်။

ထရမ့်၏ အခွန်စည်းကြပ်မှုသည် ကနေဒါနှင့် မက္ကဆီကိုနိုင်ငံတို့၌ လည်ပတ်နေသော ဂျပန်ကုမ္ပဏီများအပေါ် သက်ရောက်မှုရှိနိုင်ကြောင်း အီဆိုနိုအီကူမိုက မှတ်ချက်ပြုပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# ဗီယက်နမ်နိုင်ငံ၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများမှ ပို့ကုန်ဝင်ငွေ ဒေါ်လာ ၄၄ ဘီလီယံခန့် ရရှိ

ဟနွိုင်း ဒီဇင်ဘာ ၂၅

ဗီယက်နမ်နိုင်ငံသည် ၎င်း၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများမှ ယခုနှစ်အတွင်း ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၄ ဘီလီယံခန့်ရရှိပြီး တစ်နှစ်ထက်တစ်နှစ် ပို့ကုန်ဝင်ငွေ ၁၀ ရာခိုင်နှုန်း တိုးလာကြောင်း ဗီယက်နမ် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်း ညွှန်ကြားရေးမှူးချုပ် ကာအိုဟူဟိုင်၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဒီယာများက သတင်းဖော်ပြသည်။

အထည်အလိပ်နှင့် အဝတ်အထည်ကုမ္ပဏီများသည် ကောင်းမွန်သော အခွင့်အလမ်းကို ရရှိပိုင်ဆိုင်ထားပြီး ၂၀၂၅ ခုနှစ် ပထမသုံးလပတ်ကုန်ပိုင်းနှင့် ဒုတိယသုံးလပတ်အထိ အမှာစာများ ရရှိထားပြီးဖြစ်ကြောင်း ဗီယက်နမ် အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းညွှန်ကြားရေးမှူးချုပ် ကာအိုဟူဟိုင်က ပြောကြားသည်။

နိုင်ငံ၏ အထည်အလိပ်နှင့် အထည်ချုပ်လုပ်ငန်းများမှ လာမည့်နှစ်တွင် ပို့ကုန်ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၇-၄၈ ဘီလီယံအထိ ရရှိရန် မျှော်မှန်းထားကြောင်း ၎င်းက ဆက်လက်ပြောသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်း ကာဇက်စတန်နိုင်ငံတွင် ပျက်ကျ

ဗာကူ ဒီဇင်ဘာ ၂၅

အဇာဘိုင်ဂျန်လေကြောင်းလိုင်းမှ လေယာဉ်တစ်စင်းသည် အဇာဘိုင်ဂျန်နိုင်ငံ ဗာကူမြို့မှ ရုရှားနိုင်ငံ ချေချင်ညာပြည်နယ် ဂရော့စနီမြို့သို့ ဦးတည်ပျံသန်းလာစဉ် ကာဇက်စတန်နိုင်ငံ အက်တူမြို့လေဆိပ်အနီးတွင် ပျက်ကျ၍ မီးလောင်ကျွမ်းခဲ့ကြောင်း ယနေ့ ဆင်ဟွာသတင်းအရ သိရသည်။

အခင်းဖြစ်နေရာသို့ ကာဇက်စတန်နိုင်ငံ အရေးပေါ် ကယ်ဆယ်ရေးဝန်ကြီးဌာနမှ လုပ်သား ၅၂ ဦး ကိုစေလွှတ်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်စေခဲ့သည်။ လက်ရှိအချိန်တွင် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေပြီး ထိုမတော်တဆမှုတွင် အသက်ရှင်သူများရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ယင်းလေယာဉ်ပေါ်တွင် ခရီးသည် ၆၂ဦးနှင့် လေယာဉ်အမှုထမ်း ငါးဦး လိုက်ပါလာခဲ့ကြသည်။ လက်ရှိအချိန်တွင် တာဝန်ရှိသူများက လေယာဉ်ပျက်ကျမှု၏အကြောင်းရင်းကို စုံစမ်းလျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# လာအိုနိုင်ငံတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်

ဗီယင်ကျန်း ဒီဇင်ဘာ ၂၅

လာအိုနိုင်ငံတွင် အစွမ်းထက်ထိရောက်သည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းစနစ် ဖြစ်လာစေရေးအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဝန်ဆောင်မှုပေးခြင်းဆိုင်ရာ လုပ်ငန်းစီမံချက်တစ်ရပ်ကို လာအိုနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဖွံ့ဖြိုးတိုးတက်မှု မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြောင်း ယနေ့ဆင်ဟွာသတင်းအရ သိရသည်။

နယ်စပ်ဒေသရှိ ဒေသခံများအား ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို ညီမျှစွာ ဝန်ဆောင်မှုပေးနိုင်ရန် ယခုလုပ်ငန်းစီမံချက်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း လာအိုသတင်းအေဂျင်စီက ဒီဇင်ဘာ ၂၃ရက်တွင် ပြောကြားသည်။ နိုင်ငံသားများအတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွင်ကျယ်စေရေးအတွက် ယခုလုပ်ငန်းစီမံချက်တွင် ဒစ်ဂျစ်တယ်နည်းပညာသုံး ကိရိယာများကို သုံးစွဲကာ လုပ်ငန်းဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းမှတစ်ဆင့် ဒေသခံများ၏ အခက်အခဲကို ဖြေရှင်းပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ထိုင်းနိုင်ငံ၏ တုံယမ်းပုစွန်ဟင်းချိုအား ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် တရားဝင်ထည့်သွင်းသတ်မှတ်

ဗန်ကောက် ဒီဇင်ဘာ ၂၅

ထိုင်းနိုင်ငံ၏ နာမည်ကျော်ကြားသည့် အစားအစာဖြစ်သည့် တုံယမ်းပုစွန်ဟင်းချိုအား ယူနက်စကိုအဖွဲ့၏ ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းတွင် ဒီဇင်ဘာ ၄ ရက်က တရားဝင်ထည့်သွင်းသတ်မှတ်ခဲ့ကြောင်း လာအိုရှန်တိုင်းစ် သတင်းစာ သတင်းအရ သိရသည်။





## ဒြပ်မဲ့ယဉ်ကျေးမှုအဖြစ် သတ်မှတ်

ပါရာဂွေးနိုင်ငံမြို့တော် အာဆွန်စီယွန်တွင်ကျင်းပသည့် ဒြပ်မဲ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီအစည်းအဝေးတွင် ယခုကဲ့သို့ သတ်မှတ်ခြင်းဖြစ်သည်။

ယခုကဲ့သို့ ထိုင်းနိုင်ငံ၏ တုံယမ်းပုစွန်ဟင်းချိုအား ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ထည့်သွင်း သတ်မှတ်ခြင်းသည် ထိုင်းနိုင်ငံအတွက် ငါးကြိမ်မြောက် သတ်မှတ်ခံရခြင်းဖြစ်ကာ ယခင်ကလည်းထိုင်းနိုင်ငံမှ ရာမယန ကဇာတ်၊ နိုရာအက၊ ထိုင်းအနှိပ်ပညာနှင့် ဆုန်ကရန်သင်္ကြန်ပွဲတော်တို့အား ယူနက်စကိုက ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များအဖြစ် သတ်မှတ်ခဲ့သည်။ ထိုင်းနိုင်ငံ၏ အစားအစာဆိုင်ရာ သင်္ကေတတစ်ခုအဖြစ် သတ်မှတ်ခြင်းခံရသည့် တုံယမ်းပုစွန်ဟင်းချိုသည် အနံ့အရသာပြည့်စုံမှုကြောင့် နာမည်ကျော်ကြားသည်။

**ကိုးကား - လာအိုရှန် တိုင်းစ်**
**ဘာသာပြန် - စိုးသူရ**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

**အရေးယူဆောင်ရွက်**

ဒီဇင်ဘာ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတား ပူးပေါင်း စစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၅၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ကျောက်ဆည်မြို့ မြို့ရှောင်လမ်း၌ ယာဉ်နှစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး၊ စားသောက်ကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၁၈၃၂၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၁၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၇၁၈၃၂၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့ပြင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးနှင့် ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးတို့ပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းလေးမျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ်၁၂၀၈၉၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကို အကောက်ခွန် လုပ်ထုံးလုပ်နည်းများအရ လည်းကောင်း၊ သာယာဝတီခရိုင် သာယာဝတီမြို့နယ်၌ လိုင်စင်မဲ့ Toyota Alphard ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀) ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ ပြည်ခရိုင်အတွင်း၌ တရားမဝင် အခြားသစ် ၁ ဒသမ ၃၃၈ တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၁၅၈)ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၁၂၇၅၈ ကို သိမ်းဆည်းအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ယင်းပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ကုန်သေတ္တာ စစ်ဆေးရေးစခန်း၌ ကုန်သေတ္တာခြောက်လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း နှစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၂၉၁၄၀၇၂) ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၂၄၉၇၅၀) ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၈၁၆၃၈၂၂ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများ နှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ဒီဇင်ဘာ ၂၄ ရက်တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၆ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၆၁၅၉၇၈၀) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် ကုန်သွယ်မှုများကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ငွေကြေးမတည်ငြိမ်မှုများနှင့် နိုင်ငံတော်အတွက် အခွန်ဆုံးရှုံးနစ်နာမှုများ ဖြစ်ပေါ်စေပြီး စားသုံးသူပြည်သူများအတွက်လည်း ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင်သဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**သတင်းစဉ်**

# နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်မှု ပြည်သူတစ်ဦး သေဆုံးခဲ့ကြောင်း သတင်းအမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေး တိုင်းဒေသကြီး နွားထိုးကြီးမြို့နယ် မြိုင်သာရွာနှင့် ဒေါင့်ဘိုးရွာကို ဒီဇင်ဘာ ၂၃ ရက်နှင့် ၂၄ရက်တို့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လေကြောင်းဖြင့် နှစ်ရက်ဆက်တိုက် ဗုံးကြဲတိုက်ခိုက်ခြင်းကြောင့် ပြည်သူတစ်ဦးသေဆုံးခဲ့ကြောင်း တရားမဝင် ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် ရေးသားဖြန့်ဝေနေကြောင်း တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ အနေဖြင့် ၎င်းကျေးရွာများအတွင်း ပြည်သူများ အေးချမ်းစွာ နေထိုင်နိုင်ရေးအတွက် လိုအပ်သည့်နယ်မြေ လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းမရှိကြောင်း၊ အကြမ်းဖက်သမားများကသာ ၎င်းတို့အပေါ်ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို ဒရုန်းဖြင့်ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး တရားမဝင် ပြည်ဖျက်မီဒီယာများက အကြမ်းဖက်သမားများ၏ လုပ်ရပ်များကို ဖုံးကွယ်ရန်နှင့် ပြည်သူလူထုမှ လုံခြုံရေး တပ်ဖွဲ့ဝင်များအပေါ် အထင်အမြင် လွဲမှားစေရန် ရည်ရွယ်၍ မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၆-၁၂-၂၀၂၄ ကြာသပတေးနေ့

**MRTV HD**

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ဓဇဂ္ဂသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၄၀ သုတစေပြောမှုဝေရာပညာဘက်တိုက် စာကြည့်တိုက်
- ၀၉:၁၀ NRC အစီအစဉ်
- ၀၉:၃၅ တန်ဖိုးမဖြတ်နိုင်သော ကျန်းမာရေးလက်ဆောင်မွန်
- ၁၀:၃၀ 'ခရစ္စမတ်' နိုင်ငံတကာတေးကဗျာ တေးဂီတဖျော်ဖြေပွဲ ထုတ်လွှင့်မှုအစီအစဉ်
- ၁၁:၄၀ NEXT LEVEL
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ 'ဆုတောင်းပြည့်ကြယ်တာရာစတာလာ' (အပိုင်း-၂၁)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ ရုပ်မြင်သံကြားဇာတ်လမ်း 'ပင်အို'
- ၁၅:၂၀ မျိုးဝှက်တင့်စေဆိုကရေးတီးအငွေ
- ၁၆:၄၅ ရိုက္ခာပြည့်ဖြိုးဝင်ငွေတိုး ပူလုံကြွယ်ဝ သားငါးကဏ္ဍ 'ဘက်စုံကြိုးပမ်း ငေါ့ကားငါးလုပ်ငန်း'
- ၁၇:၀၅ Soccer View
- ၁၇:၂၅ လူမှုစီးပွားသတင်းများ
- ၁၈:၃၅ ပြည်ချစ်သားမွန်တေးသဝဏ်
- ၁၈:၄၅ သံစဉ်ဝေပြာစတီရီယိုတေးကမ္ဘာ
- ၁၉:၁၅ မြန်မာဇာတ်လမ်းတွဲ 'ရတနာပုံ' (အပိုင်း-၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ ပြည်ချစ်သားမွန်တေးသဝဏ်
- ၂၁:၁၀ သံစဉ်ချိုမြမြန်မာတေးအလှ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ယုံကြည်ရာလမ်း' (အပိုင်း-၄၀)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

**mitv**

- 07:02 Evergreen Classic: Awayyar Horntu (Sein Lei Lei)
- 07:08 Shwedagon Buddha Museum
- 07:43 Bo Cho Island, Makyonegalet
- 07:55 Artist Life: Designer Nay Chi Win Lai Yee
- 08:01 News
- 08:27 A Special Moment with A Man of Versatility (Epi-2) Personal & Artistic Life
- 09:01 Discovering Tribes- Maw Nay Bwa: their life and customs
- 09:38 New Year Songs
- 09:43 Robe Business in Ta Ma Ta Kaw
- 10:01 News
- 09:27 Sri Ksetra, Field of Fortune & Glory (Part-3)
- 10:47 A Traditional Snack in NgweSaung (ThaYat Taw Htoe Mont)

**MRTV NRC**

**ကချင် (၀၆:၀၀ မှ ၀၈:၀၀)**
Magret နှင့်အင်တာဗျူး

**ကယား (၀၈:၀၀ မှ ၁၀:၀၀)**
ကယားရိုးရာကြက်သားဟင်းထုတ်

**စကောကရင် (၁၀:၀၀ မှ ၁၁:၀၀)**
နလုံးရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀)**
ပန်းတစ်ပွင့်ရဲ့အနာဂတ်ခရီးလမ်း

**အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀)**
သင်ယူလေ့လာတို့ရဲ့စာ(အသီးအခေါ်အဝေါ်)

**ချင်း (လိုင်ဇိုး) (၁၃:၀၀ မှ ၁၄:၀၀)**
ရာဇဂြိုဟ်မြို့သို့အလည်တစ်ခေါက်

**ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**မွန် (၁၅:၀၀ မှ ၁၇:၀၀)**
လက်ခတ်တည်ည် (နိုင်လုံကျေးရွာတမွန်ရိုးရာလက်ရက်ကန်း)

**ရခိုင် (၁၇:၀၀ မှ ၁၉:၀၀)**
လခြမ်းမြို့မှရိုးရာအလှ(အပိုင်း-၂)

**ရှမ်း (၁၉:၀၀ မှ ၂၁:၀၀)**
ရှမ်းတိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ဝ (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁၆)

**MRTV NEWS**

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၈:၁၅ Football Highlights
- ၁၈:၄၅ ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင်
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၃၀ နိုင်ငံတကာသတင်း(LIVE)

**MRTV PARLIAMENT**

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တောင်းပန်ပါတယ်'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေ ကျင့်သုံးနေသော နိုင်ငံများအကြောင်း သိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ'
- ၁၁:၃၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၅၈)

**MRTV FARMERS / HTV**

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၂၅ ကော်ဖီသုတေသနမှသည် ကော်ဖီကဏ္ဍတိုးတက်ပိုမျှော်ရည်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Family Farmers - the Future of Asia and the Pacific
- ၁၉:၀၅ 200 Futuristic Agriculture Machines That are Next Level
- ၁၉:၄၅ International Music Hits
- ၂၀:၀၀ Academy Shwe Kyo Program
- ၂၀:၃၀ တောလယ်မောတယ်ချစ်မယ်(ဇာတ်လမ်း)
- ၂၂:၀၀ Puss In Boots The Last Wish

**MRTV SPORTS / HTV**

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၅၀ Sports Diary
- ၀၇:၄၀ Weekly Soccer Preview
- ၁၇:၀၀ အားကစားသတင်း
- ၂၀:၀၀ ပဥ္စမအကြိမ် မျိုးသားအားကစားပွဲတော် ပြည်နယ်နှင့်တိုင်းဒေသကြီး ပူဆယ် အမျိုးသားဘောလုံးပြိုင်ပွဲ (Replay)

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ မြင်းကပါကျေးရွာရှိပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ ရေစီးရေလာကောင်းမွန်စေရန် စက်တင်ဘာ ၂၀ ရက်က ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် ခွဲဝေအသုံးပြုခဲ့သည့်ဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ကြသည်။

**စုံစမ်းဖော်ထုတ်**

ထိုသို့စုံစမ်းဆောင်ရွက်ခဲ့ကြရာ စက်တင်ဘာ ၂၀ ရက်တွင် အဆိုပါ မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း ရေစီးရေလာကောင်းမွန်စေရေး ရေမြောင်းဖောက်လုပ်ခြင်းလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိထားသူ ဦးညို(ခ)ကိုကိုညို (စိစစ်ဆဲ)သည် ပန်းရန်အလုပ်သမားများ ဖြစ်ကြသည့် အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုး၊ ဇေယျာဖြိုး၊ ဝင်းဇော်၊ ကျော်စိုးနိုင်၊ ဖွဲ့မာန်၊ ကိုငယ်၊ သန်းထွန်းအေး၊ အောင်သူဖြိုး၊ အောင်ကျော်မိုး၊ ဟန်ဝင်းသူ၊ မောင်တိုးတို့ ၁၃ ဦးနှင့်အတူ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်စဉ် ရှေးဟောင်းမြေအိုး တစ်လုံး တူးဖော်ရရှိခဲ့ပြီး အဆိုပါမြေအိုးအတွင်းမှ ရှေးဟောင်းပစ္စည်းဟုယူဆရသည့် ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံးနှစ်ခု၊ ရွှေဘယက်အချို့ကို တူးဖော်တွေ့ရှိခဲ့ပြီး သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့ အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချ၍ ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနိုင်ရန် အောင်ဖြိုးက ရွှေလက်ကောက် ၁၀ ကွင်း၊ ရွှေလုံးနှစ်ခုတို့ကို ယူဆောင်၍ ကျန်ရွှေဘယက်နှင့် အခြားရွှေထည်ပစ္စည်းများကို ဦးညို(ခ)ကိုကိုညိုက ခွဲဝေယူဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း စုံစမ်းဖော်ထုတ် သိရသည်။

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်း၌ တူးဖော်ရရှိသည့် ရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူမှုမှတ်တမ်းဓာတ်ပုံ။



(ဝဲမှယာ)တရားခံအောင်ဖြိုး(၃၅)နှစ် (ဘ)ဦးမောင်ခင်၊ အောင်မိုး(၄၃)နှစ် (ဘ)ဦးမောင်ခင်၊ စိန်ထွန်း(၂၅)နှစ် (ဘ)ဦးတင်ဝင်း။

စုံစမ်းဖော်ထုတ်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက နိုဝင်ဘာ ၉ ရက်တွင် ရှေးဟောင်းရွှေထည်ပစ္စည်းများတူးဖော်ရရှိခဲ့သူ အောင်ဖြိုး၊ စိန်ထွန်းနှင့် အောင်မိုးတို့ သုံးဦးအား ၎င်းတို့၏ နေအိမ်များမှ သက်ဆိုင်ရာနယ်မြေရဲစခန်းသို့ ထိန်းသိမ်းခေါ်ဆောင် စစ်ဆေးခဲ့ရာ တရားခံ အောင်ဖြိုး က မန္တလေးမြို့ရှိ ဦးတင်မောင်ဆွေ (စိစစ်ဆဲ)၏ နေအိမ်တွင် တူးဖော်ရရှိခဲ့သည့် ရှေးဟောင်းရွှေထည် ပစ္စည်းအလေးချိန် ၁၃ ကျပ်သားခန့်အား ငွေကျပ်သိန်း ၅၄၀ ဖြင့် ရောင်းချခဲ့ကြောင်း၊ ဦးညို(ခ) ကိုကိုညိုက ၎င်းခွဲဝေရရှိထားသည့် ရွှေထည်ပစ္စည်းအချို့ကို ငွေကျပ်သိန်း ၉၄၀ ဖြင့် ရောင်းချခဲ့ကာ အဆိုပါရရှိငွေများထဲမှ အလုပ်သမားဖြစ်သူ စိန်ထွန်းပါ ၁၂ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၂၅၀၀၀ နှုန်းဖြင့် ခွဲဝေပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရကာ တရားခံ အောင်မိုးထံမှ သက်သေခံ ရှေးဟောင်း ရွှေထည်ပစ္စည်း ရွှေလက်ကောက်အကွေး ငါးခုကို လည်းကောင်း၊ တရားခံ အောင်ဖြိုးထံမှ သက်သေခံ ရှေးဟောင်းရွှေထည်ပစ္စည်း ရွှေခဲ သုံးခု၊ ရွှေထည်ပစ္စည်းမျိုးစုံ လေးကျပ်၊ ၁၀ ပဲ သုံးရွေးနှင့် ရွှေထည်ပစ္စည်း အပိုင်းအစ ၁၆ ခု၊ ၁၃ ကျပ်၊ ခြောက်ပဲ၊ နှစ်ရွေးတို့ကို ဖော်ထုတ်သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်မှ ရှေးဟောင်းရွှေထည်ပစ္စည်းများကို တာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်း မရှိဘဲ ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခဲ့သူ အောင်ဖြိုး၊ စိန်ထွန်း၊ အောင်မိုးတို့ သုံးဦးနှင့် ဖမ်းဆီးရန်ကျန် တရားခံများ ဖြစ်ကြသည့် ဦးညို(ခ)ကိုကိုညိုပါ ၁၁ ဦးတို့ကို ပုဂံနယ်မြေရဲစခန်း(ပ) ၂၅/၂၀၂၄၊ ရှေးဟောင်းဝတ္ထုပစ္စည်းများ ကာကွယ်ထိန်းသိမ်းရေးဥပဒေပုဒ်မ ၁၇/၁၉ ဖြင့် အမှုရေးဖွင့်ပြီး ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် မိဘပြည်သူများအနေဖြင့်လည်း ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများ တူးဖော်တွေ့ရှိပါက လက်ဝယ်ထားရှိခြင်း၊ စုဆောင်းထားရှိခြင်းနှင့် ကိုယ်ကျိုးစီးပွားအတွက် ထုခွဲရောင်းချခြင်းများ မပြုလုပ်ရန်နှင့် သက်ဆိုင်ရာ တာဝန်ရှိသူများထံ သတင်းပေးပို့ဆက်သွယ်၍ အပ်နှံနိုင်ရန် အသိပေး သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွန်းစုမြို့ မအိုင်ကျေးရွာ၌ ဘဝအလင်းရောင် စာကြည့်တိုက်သစ် ဖွင့်လှစ်

**ကျွန်းစု ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ တစ်ဝန်းလုံးမှ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လှူဒါန်းရရှိသည့် အလှူငွေများထဲမှ ငွေကျပ် သိန်း ၁၅၀ နှင့် ဒေသခံအလှူရှင်များ လှူဒါန်းငွေကျပ်သိန်း ၁၂၀ ဖြင့် တည်ဆောက် ပြီးစီးခဲ့သည့် တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မအိုင်ကျေးရွာရှိ ဘဝအလင်းရောင် စာကြည့်တိုက်သစ်ကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။



**ဖွင့်လှစ်**

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်း၊ အတွင်းရေးမှူး ရဲမှူးစိုးသန့်၊ အဖွဲ့ဝင် ဦးမြင့်လွင်နှင့် သြဘာစံကုမ္ပဏီ မန်နေဂျင်း ဒါရိုက်တာ ဦးမင်းမင်းဦးတို့က ဘဝအလင်းရောင် စာကြည့်တိုက် အဆောက်အအုံသစ်အား ဘင်ခရာအဖွဲ့များဖြင့် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မအိုင်ကျေးရွာ ရွှေမအိုင်ကျောင်းတိုက် ဆရာတော် အရှင်သောဘိတက သြဝါဒ စကားမိန့်ကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်စန်းဝင်းက အဖွင့်အမှာစကား ပြောကြားသည်။ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်မေသန္တာက စာကြည့်တိုက်နှင့် ပတ်သက်သည့် အချက်အလက်၊ ငွေပဒေသာပင်နှင့် စာအုပ်စာစောင်များကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ပေးအပ်ရာ ဘဝအလင်းရောင် စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူခဲ့သည်။

အဆိုပါ ဘဝအလင်းရောင် စာကြည့်တိုက်သည် အလျား ပေ ၂၀၊ အနံ ၁၉ ပေရှိပြီး သုတစာအုပ် ၃၀၁ အုပ်နှင့် ရသစာအုပ် ၁၉၃ အုပ် စုစုပေါင်း ၄၉၄ အုပ်ရှိကြောင်း သိရသည်။

**ထက်မြင့်(ကျွန်းစု)**

# မိုးညှင်းနှင့် လွိုင်လင်မြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၂၄ ရက် နံနက် ၁၁ နာရီတွင် မိုးညှင်းမြို့နယ် နန့်စီးအောင်ကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် သန်းစိုးအောင် မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် မေဇင်ဝင်း မောင်းနှင်ပြီး သက်သက်မာ လိုက်ပါလာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ ၎င်းတို့ထံမှ ဘိန်းဖြူ ၁ ဒသမ ၅၂ ကီလို၊ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၇၈၂၀ နှင့် ဘိန်းစိမ်း တစ်ကီလိုကို လည်းကောင်း။

ထို့ပြင် ယင်းနေ့ ညနေ ၅ နာရီ ၁၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် လွိုင်လင်မြို့နယ် တောင်နောက်ကျေးရွာအုပ်စု ဟိုတင်ကျေးရွာအနီးတွင် ကျော်စွာဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀ ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**



သန်းစိုးအောင်၊ မေဇင်ဝင်းနှင့် သက်သက်မာတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# လမ်းမတော်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၅**

ရန်ကုန်တိုင်း ဒေသကြီး ကျောက်တံတားခရိုင် လမ်းမတော်မြို့နယ်၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အကြို ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း ယမန်နေ့ နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည့် ညှိနှိုင်းအစည်းအဝေးမှ သိရသည်။

**ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်**

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် ပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကောင်းမြတ်ကျော်က အမှာစကားပြောကြားပြီး လုပ်ငန်း ကော်မတီအသီးသီးမှ တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြမှုအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်း (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲနှင့် ဈေးရောင်းပွဲတော်ကို ဒီဇင်ဘာ ၂၇ ရက်မှ ၃၀ ရက်အထိ လေးရက်တိုင်တိုင် ကျင်းပမည်ဖြစ်ပြီး လမ်းမတော်မြို့နယ်ရှိ အနော်ရထာ လမ်းတစ်လျှောက် (၁)လမ်းထိပ်မှ လမ်းမတော်လမ်း အထိဆိုင်ခန်းပေါင်း ၂၀၀ ကျော် ဖွင့်လှစ်ရောင်းချမည် ဖြစ်ကြောင်း သိရသည်။

**ကိုထက်**

■

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

# ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ ပထဝီဝင်ဘာသာရပ် သိကောင်းစရာများ

ဒေါက်တာ ဇင်နွယ်မြင့်၊ ပါမောက္ခ (ဌာနမှူး)၊ ပထဝီဝင်ဌာန၊ ရန်ကုန်တက္ကသိုလ်

အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူများအနေဖြင့် စနစ်သစ်သင်ရိုးဖြင့် တက္ကသိုလ်ဝင်စာမေးပွဲကို ဖြေဆိုကြရတော့မည်ဖြစ်ပါသည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ပထဝီဝင်ဘာသာရပ်နှင့်ပတ်သက်ပြီး ကျောင်းသား ကျောင်းသူများအားလုံး လွယ်ကူချောမောစွာ ဖြေဆိုနိုင်ရန် ရည်ရွယ်ပြီး စာမေးပွဲအထောက်အကူပြု ပထဝီဝင်ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို ယနေ့ ပို့ချမည်ဖြစ်သည်။

ရှေးဦးစွာ ဒွါဒသမတန်း ပထဝီဝင်ဘာသာရပ်အတွက် ပြဋ္ဌာန်းထားသော ကျောင်းသုံးစာအုပ်တွင် ပါရှိသည့် သင်ခန်းစာများကို အကျဉ်းမျှ ရှင်းလင်းဖော်ပြလိုပါသည်။ ထိုကျောင်းသုံး ဖတ်စာအုပ်တွင် သင်ခန်းစာ အခန်းကြီး (၅) ခန်း ပါဝင်ပါသည်။

အခန်း (၁) သည် ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်ဖြစ်ပြီး အာဖရိကတိုက်၊ မြောက်အမေရိကတိုက်၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်နှင့် ဩစတြေးလျတိုက်များအကြောင်း ပါဝင်သည်။ ဒီအခန်းမှာ ကမ္ဘာ့တိုက်ကြီးတစ်ခုချင်းစီ၏ တည်နေရာ၊ အကျယ်အဝန်း မြေမျက်နှာသွင်ပြင်နှင့် ရေဆင်းတို့ကို အခြေခံပြီး ရာသီဥတု၊ သဘာဝပေါက်ပင်နှင့် မြေဆီလွှာတို့ ကွဲပြားသွားပုံများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၂) ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအကြောင်းဖြစ်ပြီး စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှု လုပ်ငန်းအမျိုးအစားများနှင့် ၎င်းလုပ်ငန်းများ ပျံ့နှံ့တည်ရှိရာဒေသများ၊ ပို့ဆောင်ဆက်သွယ်ရေး၊ ကုန်သွယ်ရေးတို့ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာ အခြေခံကျသော စီးပွားကုန်ထုတ်လုပ်ငန်းများကို လေ့လာပြီးနောက် သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးအရေးပါပုံ၊ ကုန်သွယ်ရေးအရေးပါပုံများကို လေ့လာသင်ကြားရမည်ဖြစ်သည်။

အခန်း (၃) သည် ပတ်ဝန်းကျင်ဆိုင်ရာ ပထဝီဝင်ဖြစ်ပြီး ကမ္ဘာ့လေထု၊ လေထုညစ်ညမ်းမှု၊ ၎င်း၏ အကျိုးသက်ရောက်မှုများ၊ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်သောနည်းလမ်းများ၊ ဥပမာအဖြစ် နိုင်ငံတချို့၏ လေထုညစ်ညမ်းမှုအခြေအနေများကို ရှင်းပြထားသည်။ သဘာဝပတ်ဝန်းကျင်နှင့် ဆက်စပ်၍ ကမ္ဘာ့လေထုညစ်ညမ်းစေသည့် အကြောင်းရင်းများ၊ လေထုညစ်ညမ်းမှုကြောင့် သက်ရှိနှင့် ဂေဟစနစ်အပေါ် ထိခိုက်မှုများ၊ ကာကွယ်ထိန်းချုပ်နိုင်မည့် နည်းလမ်းများကို လေ့လာကြရမည်ဖြစ်သည်။

အခန်း (၄) ဒေသန္တရပထဝီဝင်မှာ အမေရိကတိုက်များမှ ရွေးချယ်ထားသောနိုင်ငံ ၅ နိုင်ငံဖြစ်သည့် ကနေဒါနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု၊ မက္ကဆီကိုနိုင်ငံ၊ ဘရာဇီးနိုင်ငံနဲ့ အာဂျင်တီးနားနိုင်ငံများအကြောင်း ပါဝင်ပါသည်။ ဒီသင်ခန်းစာမှာတော့ နိုင်ငံတစ်နိုင်ငံချင်းစီ၏ မတူကွဲပြားစွာ ဖွံ့ဖြိုးတိုးတက်လာပုံများကို လေ့လာသင်ကြားကြရမည်ဖြစ်သည်။

အခန်း (၅) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ (Remote Sensing) နှင့် ပထဝီဝင် သတင်းအချက်အလက်စနစ်များ (Geographic Information Systems) အကြောင်း ဖြစ်သည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာ၏ အခြေခံနိယာမများကို သိရှိစေပြီး ဂြိုဟ်တုပုံရိပ်များအကြောင်း နားလည်စေရန်နှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များတွင် ပေါင်းစပ်ပါဝင်သော အခြင်းအရာများ၊ အသုံးပြုသော အချက်အလက်အမျိုးအစားများ၊ မြေပုံနှင့်သက်ဆိုင်သော အကြောင်းအရာများကို နားလည်သဘောပေါက်စေရန်ဖြစ်သည်။ လက်တွေ့ပထဝီဝင်အပိုင်းမှာ အခြေခံသဘောတရားများကို သိနားလည်ရန်အပြင် တွက်ချက်မှုများကိုလည်း ကျွမ်းကျင်ရန်လိုသည်။ အဆင့်မြင့်နည်းပညာတစ်ခုကို တက္ကသိုလ်အဆင့်တွင် ဆက်လက်လေ့လာနိုင်စေရန် အခြေခံများကို ထည့်သွင်းသင်ကြားထားခြင်းဖြစ်ပါသည်။

ဆက်လက်ပြီး ၂၀၂၅ ခုနှစ်တွင် ကျင့်သုံးမည့် တက္ကသိုလ်ဝင်စာမေးပွဲ ပထဝီဝင်ဘာသာရပ် မေးခွန်းပုံစံကို ရှင်းပြပါမည်။

မေးခွန်းတွင် အပိုင်း(က) မှ အပိုင်း (စ) အထိ အပိုင်း (၆) ပိုင်း ပါဝင်ကာ အပိုင်းအားလုံးကို ဖြေဆိုရမည်ဖြစ်သည်။ စာမေးပွဲဖြေဆိုချိန် ၃ နာရီဖြစ်ပြီး စုစုပေါင်းပေးမှတ်က (၁၀၀) ဖြစ်သည်။

သင်ရိုးသစ် ပထဝီဝင်ဘာသာရပ်မေးခွန်းတွင် အပိုင်း(က) သည် ဓမ္မဓိဋ္ဌာန်မေးခွန်းများဖြစ်ပြီး အမှတ် (၃၀) ဖိုး မေးမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူများသည် သင်ခန်းစာများအားလုံးကို ခြုံငုံသိရှိနားလည်စေရန်နှင့် မိမိကိုယ်ပိုင်ဉာဏ်ဖြင့် ချင့်ချိန်စဉ်းစားဖြေဆိုသည့် အလေ့အကျင့်ကောင်းများရရန်အတွက် ဓမ္မဓိဋ္ဌာန်မေးခွန်းများကို အမှတ် (၃၀) အထိ ထည့်သွင်းထားခြင်းဖြစ်ပါသည်။ မေးခွန်းအားဖြင့် နံပါတ် (၁) ဖြစ်ကာ ၁(က)၊ ၁ (ခ) နှင့် ၁ (ဂ) ဟူ၍ ၃ ပိုင်း ပါရှိမည်။ မေးခွန်း ၁ (က) သည် မှား မှန်ရွေး မေးခွန်း ၁(ခ) သည် ကွက်လပ်ဖြည့်ရန်နှင့် မေးခွန်း ၁ (ဂ) သည် ပေးထားသော အဖြေများထဲမှ အဖြေမှန်တစ်ခုကို ရွေးရန်ဖြစ်သည်။ မေးခွန်း ၁ (က) အတွက် (၁၀) မှတ်၊ ၁ (ခ) အတွက် (၁၀) မှတ် နှင့် ၁ (ဂ)အတွက် (၁၀) မှတ်ဖြစ်ပြီး အပိုင်း (က) တစ်ခုလုံးအတွက် စုစုပေါင်း (၃၀) မှတ်ပေးထားခြင်းဖြစ်သည်။ ထို ဓမ္မဓိဋ္ဌာန်မေးခွန်းများကို ဒွါဒသမတန်း သင်ရိုးကျောင်းသုံးစာအုပ်ရှိ အခန်း (၁) မှ (၅) အထိ အပိုင်းအားလုံးမှ ထုတ်နုတ်ပြီး မေးမည်ဖြစ်သည်။

အပိုင်း(ခ) တွင် ပြဋ္ဌာန်းထားသည့် သင်ရိုးဖတ်စာအုပ်မှ သင်ခန်းစာ အခန်း (၁) ကမ္ဘာ့တိုက်ကြီးများ၏ သဘာဝပထဝီဝင်အပိုင်းကို မေးမည်ဖြစ်ပြီး မေးခွန်းအားဖြင့် မေးခွန်းနံပါတ် (၂) ဖြစ်သည်။ ထိုမေးခွန်းနံပါတ် (၂) တွင် မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုမှ ကြိုက်နှစ်သက်ရာ ၂ ခုကို မှတ်စုတိုအဖြစ် ရွေးချယ်၍ ဖြေဆိုနိုင်မည်။ မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ရပြီး ကြိုက်နှစ်သက်ရာ (၂) ပုဒ်ကို ရွေးချယ်၍ မှတ်စုတိုဖြေက တစ်ပုဒ်ကို (၇) မှတ်စီဖြင့် (၁၄) မှတ် ရမည်ဖြစ်သည်။ ဆိုလိုသည်မှာ (၁၄) မှတ်တန်ကို မေးခွန်းရှည်ဆိုပါက တစ်ပုဒ်တည်း ဖြေရန်ဖြစ်ပြီး ထိုမေးခွန်းရှည်ကို မဖြေလိုက ပေးထားသည့် ၃ ခုအနက် (၂) ပုဒ်ကို မေးခွန်းတိုအဖြစ် ဖြေရန်ဖြစ်သည်။

မေးခွန်း၏ အပိုင်း (ဂ) သည် သင်ရိုးဖတ်စာအုပ် မာတိကာပါ အခန်း ၂၊ ကမ္ဘာပေါ်ရှိ စီးပွားကုန်ထုတ်လုပ်ငန်းများအပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၃) ဖြစ်သည်။ ယခု အပိုင်း (ဂ) တွင်လည်း အပိုင်း (ခ) မှာကဲ့သို့ မေးခွန်းရှည် တစ်ပုဒ် သို့မဟုတ် မေးခွန်းတို (၃) ပုဒ်မှ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုနိုင်ပြီး ပေးမှတ်မှာ (၁၄) မှတ်ဖြစ်သည်။

မေးခွန်း၏ အပိုင်း(ဃ) သည် ပတ်ဝန်းကျင်ဆိုင်ရာပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် နံပါတ် (၄) ဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့ကအပိုင်း (ခ) နှင့် (ဂ) ကဲ့သို့ မေးခွန်းရှည် (Essay Type) တစ်ပုဒ် သို့မဟုတ် ပေးထားသည့် မေးခွန်းတို ၃ ခုအနက် ကြိုက်နှစ်သက်ရာ ၂ ခုကို ရွေးချယ်ဖြေဆိုရန် ဖြစ်သည်။ ပေးမှတ်မှာလည်း မေးခွန်းရှည် တစ်ပုဒ်တည်းဖြေက (၁၄) မှတ်ဖြစ်ပြီး မေးခွန်းတို (၂) ပုဒ် ရွေးချယ်ဖြေဆိုပါက တစ်ပုဒ်လျှင် (၇) မှတ်နှုန်းဖြင့် (၁၄) မှတ် ဖြစ်သည်။

မေးခွန်းအပိုင်း (င) သည် ဒေသန္တရပထဝီဝင်အပိုင်းဖြစ်ပြီး မေးခွန်းနံပါတ်အားဖြင့် (၅) ဖြစ်သည်။ ထိုအပိုင်းသည် အမေရိကတိုက်များမှ တချို့သောနိုင်ငံများကို ရွေးချယ်ထားခြင်းဖြစ်သည်။ ဤအပိုင်းတွင်လည်း ရှေ့အပိုင်းများကဲ့သို့ မေးခွန်းရှည်တစ်ပုဒ် သို့မဟုတ် ပေးထားသည့် အကြောင်းအရာ ၃ ခုအနက်မှ ကြိုက်ရာ (၂) ပုဒ်ကို ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ ထိုအပိုင်းအတွက် ပေးမှတ်မှာလည်း ရှေ့ကအပိုင်းများကဲ့သို့ (၁၄) မှတ် ဖြစ်သည်။

ယခုလာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ်မေးခွန်းသည် အသစ်ပြောင်းလဲလာသော သင်ရိုးသစ်နှင့် လိုက်လျောညီထွေဖြစ်ပြီး ကျောင်းသား ကျောင်းသူများသည် ပြဋ္ဌာန်းထားသည့် ကျောင်းသုံးစာအုပ်ကို အလွတ်ကျက်၍ ဖြေဆိုမှုလျော့နည်းလာစေရန်၊ ကိုယ်ပိုင်ဉာဏ်ဖြင့် စဉ်းစားဖြေဆိုသော စွမ်းရည် ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ ပြုစုမည့်မေးခွန်းပုံစံမျိုးဖြစ်သည်။ ဆိုလိုသည်မှာ "တောင်အမေရိကတိုက်၏ သဘာဝပေါက်ပင်များအကြောင်းရေးသားပါ" ဆိုသော မေးခွန်းမျိုးထက် "တောင်အမေရိကတိုက်တွင် သဘာဝပေါက်ပင်နှင့် မြေဆီလွှာများ ပျံ့နှံ့တည်ရှိမှုကို ရှင်းပြ၍ အဘယ်ကြောင့် ကန္တာရများဖြစ်ပေါ်လာသည်ကို ဆန်းစစ်ပါ" ဟူသော မေးခွန်းပုံစံမျိုးဖြစ်သည်။

မေးခွန်းအပိုင်း(စ) သည် လက်တွေ့ပထဝီဝင်ဖြစ်ပြီး မေးခွန်းအားဖြင့် နံပါတ် (၆) ဖြစ်သည်။ မေးခွန်းဖွဲ့စည်းပုံမှာ ရှေ့ကအပိုင်းများကဲ့သို့ပင်ဖြစ်သည်။ မေးခွန်းရှည် (၁) ပုဒ် သို့မဟုတ် မေးခွန်းတို (၂) ပုဒ်ရွေးချယ်ဖြေဆိုရန်ဖြစ်သည်။ သို့သော် လက်တွေ့ပထဝီဝင်တွင် အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာနှင့် ပထဝီဝင်သတင်းအချက်အလက်စနစ်များဟူ၍ အဓိကအပိုင်းကြီး ၂ ပိုင်းရှိရာ ၎င်းတို့အနက်မှ ၁ ပိုင်းသည် မေးခွန်းရှည်ဖြစ်က ကျန်အပိုင်းသည် မှတ်စုတိုရွေးချယ်ဖြေရန် အပိုင်းဖြစ်မည်။

မေးခွန်းရှည်အပိုင်းတွင် Essay Type ရေးသားဖြေဆိုရသော မေးခွန်းဖြစ်နိုင်သကဲ့သို့ တွက်ချက်ဖြေဆိုရသည့်ပုစ္ဆာများလည်း မေးနိုင်သည်။ ဥပမာအားဖြင့် ကွန်ပျူတာတွင် အချက်အလက်များသိမ်းဆည်းရန် လိုအပ်သောမာဂျာကို ရှာဖွေခြင်းကဲ့သို့သော တွက်ချက်မှုများကို မေးသည့်အပိုင်းလည်း ပါဝင်နိုင်ပါသည်။ ထို့ပြင် ပထဝီဝင်သတင်းအချက်အလက်စနစ်များ သင်ခန်းစာမှ ပုံများပေးထားပြီး တည်နေရာဆိုင်ရာ အချက်အလက်များကို မှတ်သားဖော်ပြခိုင်းသည့် မေးခွန်းမျိုးလည်းမေးနိုင်ပါသည်။ တွက်ချက်ရန်ပေးသော ပုစ္ဆာသည် အမှတ် (၁၄) မှတ်ဖိုး ဖြစ်နိုင်သကဲ့သို့ (၇) မှတ်တန် (၂) ပုဒ်ဖြေရသည်လည်း ရှိနိုင်ပါသည်။

နမူနာအားဖြင့် Remote Sensing အပိုင်းမှ တွက်ချက်ရန် (၁၄) မှတ်တန် ပုစ္ဆာတစ်ခုကို ရှင်းလင်းတွက်ပြပါမည်။ အဝေးမှ စူးစမ်းလေ့လာမှုနည်းပညာတွင် လေ့လာမည့်ရည်ရွယ်ချက်များပေါ်မူတည်ပြီး ဂြိုဟ်တုနှင့် အာရုံခံကိရိယာ စနစ်အမျိုးမျိုးရှိသည်။ Grade-12 ပထဝီဝင်ဘာသာရပ် ကျောင်းသုံးစာအုပ်၏ စာမျက်နှာ ၁၅၈ ရှိ ဇယားအမှတ် (၅.၃) တွင် ဂြိုဟ်တုများနှင့် ၎င်းတို့၏ လက္ခဏာရပ်များကို ဖော်ပြထားပါသည်။ ထိုဇယားတွင် ဖော်ပြထားသည့်အချက်များအနက် အိန္ဒိယနိုင်ငံမှ လွှတ်တင်ထားသော ဂြိုဟ်တု IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် ပမာဏမည်မျှလိုမည်နည်းဆိုသည့် ပုစ္ဆာကို နမူနာအားဖြင့် ရှင်းလင်းတွက်ပြမည် ဖြစ်ပါသည်။ IRS LISS 4 နှင့်သက်ဆိုင်သော အချက်အလက်များကို မေးခွန်းတွင် ဖော်ပြပေးထားမည် ဖြစ်သည်။

ပထမဦးစွာ မေးခွန်းပုစ္ဆာတွင် ပေးထားသော အချက်အလက်များကို ချရေးရန်ဖြစ်သည်။ ပေးထားချက်များကို ရေးရာတွင် IRS LISS 4 ၏ အချက်အလက်များကို ရေးသားရန်ဖြစ်ပြီး အောက်ပါအတိုင်းရေးသားနိုင်သည်။

**ပေးထားချက်။** ။ ဂြိုဟ်တု = IRS
အာရုံခံကိရိယာ = LISS 4
ပုံရိပ်၏မြင်ကွင်းအကျယ် = ၂၄ ကီလိုမီတာ
မြေပြင်ပေါ်ရှိအရာဝတ္ထုများကိုအသေးစိတ်ခွဲခြားနိုင်မှု(တစ်နည်းအားဖြင့်
မြေပြင်ရှိပစ်ဇယ်အရွယ်အစား) = ၅.၈ မီတာ
ပါဝင်သည့် ရောင်စဉ်စုအရေအတွက် (Band) = ၃ ခု
အရာဝတ္ထုမှ ပြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု = ၇ ဘစ်

ထို့နောက် ပုစ္ဆာကမေးထားသော ရှာရန်အချက်ကို အောက်ပါအတိုင်း ရေးသားဖော်ပြပြီးလျှင် တွက်ချက်ခြင်းကို အဆင့်လိုက် တစ်ဆင့်ချင်းတွက်သွားရန်ဖြစ်သည်။

**ရှာရန်။** ။ ကွန်ပျူတာတွင် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ?

တွက်ချက်ရာတွင် တွက်နည်းအဆင့်ဆင့်ကို သဘောပေါက်နားလည်ရန်လိုသည်။ ထိုသဘောတရားကို နားလည်ထားပါက မည်သည့်ဂြိုဟ်တုဓာတ်ပုံ၊ မည်သည့်အာရုံခံကိရိယာအကြောင်းကို အခြေခံ၍ မေးစေကာမူ အလွယ်တကူတွက်ချက်ဖြေဆိုနိုင်မည်ဖြစ်သည်။

ကျောင်းသား ကျောင်းသူများ သိရှိနားလည်ထားရမည်မှာ အာရုံခံကိရိယာမှ မှတ်တမ်းတင်သောပုံရိပ်များကို အတိုင်များ (Columns)၊ အတန်းများ (Rows) ဖြင့် ဖွဲ့စည်းထားသည့် သေးငယ်သော စတုရန်းဂရစ်ကွက်များအတွင်း မှတ်တမ်းတင်သိမ်းဆည်းသည်။ ၎င်းစတုရန်းဂရစ်ကွက် တစ်ကွက်ချင်းကို ပစ်ဇယ် (Pixel) ဟုခေါ်သည်။ တစ်နည်းအားဖြင့် ပစ်ဇယ်ဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ မြေပြင်ပေါ်ရှိအရာဝတ္ထုများကို မှတ်တမ်းတင်နိုင်သည့် အသေးငယ်ဆုံး မြေပြင်ဧရိယာဖြစ်သည်။ ပစ်ဇယ်အရွယ်အစား (Pixel size) သေးသေးဖြင့် မှတ်နိုင်လေ၊ မြေပြင်ပေါ်ရှိအရာဝတ္ထုများ – ဥပမာ အဆောက်အဦ၊ ကားလမ်း စသည်တို့ကို ပို၍အသေးစိတ်ထင်ရှားပြတ်သားစွာ တွေ့ရလေဖြစ်သည်။ ဥပမာအားဖြင့် ပစ်ဇယ်အရွယ်အစား ၄ မီတာသည် ၃၀ မီတာထက် ပုံရိပ်ကို ပို၍ထင်ရှားပြတ်သားစွာ အသေးစိတ်မြင်ရမည်ဖြစ်သည်။

စာမျက်နှာ ၁၇ သို့ »»

»»» **စာမျက်နှာ ၁၆ မှ**

ကျောင်းသား ကျောင်းသူများအနေဖြင့် နောက်ထပ်သိထားရမည့်အချက်မှာ ဂြိုဟ်တုဓာတ်ပုံဆိုသည်မှာ ဂြိုဟ်တုတွင် တပ်ဆင်ထားသော အာရုံခံကိရိယာမှ ကမ္ဘာ့မျက်နှာပြင်ရှိ အခြင်းအရာများကို မှတ်တမ်းတင် ကူးယူခြင်းဖြစ်သည်။ ယခုပုစ္ဆာတွင် ပေးထားသော IRS LISS 4 မှ ရိုက်ယူသော ပုံရိပ်၏ မြင်ကွင်းအကျယ်သည် ၂၄ ကီလိုမီတာဖြစ်သည်။ ၎င်းမှာမြေပြင်ပေါ်တွင် အလျား ၂၄ ကီလိုမီတာနှင့် အနံ ၂၄ ကီလိုမီတာ ရှိသည်ဟု ဆိုလိုခြင်းဖြစ်သည်။

ထို့ကြောင့် မြေပြင်အလျား ၂၄ ကီလိုမီတာပေါ်တွင် ပစ်ဇယ်အရွယ်အစား ၅.၈ မီတာ ရှိသော အကွက်များဖြင့် တစ်လိုင်းချင်း မှတ်တမ်းတင်သွားမည်ဖြစ်၍ ပုံရိပ်တွင်ရှိသော အတန်းလိုက် (အလျားလိုက်) မျဉ်းအရေအတွက်ကို ရှာရန် လိုအပ်သည်။ ထိုမျဉ်းအရေအတွက်ကိုရရန် အလျား ၂၄ ကီလိုမီတာကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာနှင့် စားရမည်ဖြစ်သည်။ အရင်ဆုံး ၂၄ ကီလိုမီတာကို ယူနစ်တူအောင် မီတာသို့ ပြောင်းရန်လိုသည်။ ၂၄ ကီလိုမီတာကို ၁၀၀၀ မီတာနှင့် မြှောက်ရမည် (၂၄ ကီလိုမီတာ X ၁၀၀၀ မီတာ)။ မြှောက်၍ရသောကိန်းကို မြေပြင်ပေါ်ရှိ အရာဝတ္ထုများကို အသေးစိတ်ခွဲခြားနိုင်သည့် အရွယ်အစား (Pixel size) ၅.၈ မီတာဖြင့် စားပါက ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းအရေအတွက် ၄၁၃၈ ကို ရမည်ဖြစ်သည်။

ထို့နောက် ပုံရိပ်တွင်ရှိသော အလျားလိုက် တန်းတစ်တန်းတွင်ပါဝင်မည့် ပစ်ဇယ်အရေအတွက်ကို ရှာရန် လိုသေးသည်။ ၎င်းအရေအတွက်ကို ရှာရန်ပုံရိပ်၏မြင်ကွင်းအကျယ် (တစ်နည်းအားဖြင့် အာရုံခံကိရိယာမှ မြင်တွေ့ရသော မြေပြင်၏အနံ သို့မဟုတ် ဒေါင်လိုက်အကျယ်) ၂၄ ကီလိုမီတာကို မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၅.၈ မီတာဖြင့် စားရန်လိုသည်။ ဤသို့တွက်ချက်ရာတွင်လည်း ယူနစ်တူအောင် ပြောင်းပေးရန်လိုသဖြင့် ၂၄ ကီလိုမီတာကို ၁၀၀၀ ဖြင့် မြှောက်ကာ မီတာအဖြစ်ပြောင်းပြီး ၅.၈ မီတာဖြင့် စားရန်ဖြစ်သည်။ ရရှိသောအဖြေ ၄၁၃၈ သည် ပုံရိပ်တွင်ရှိသော ဒေါင်လိုက်တိုင် အရေအတွက်ပင်ဖြစ်သည်။

ဤနေရာတွင် ဖြည့်စွက်ရှင်းလင်းလိုသည်မှာ ယခု ပုစ္ဆာတွင်ပေးထားသော ဂြိုဟ်တုပုံရိပ်များရှိ ပစ်ဇယ်များသည် အတိုင် အတန်းပါသော စတုရန်းဂရစ်ကွက်များဖြင့် ဖွဲ့စည်းထားသောကြောင့် အလျားလိုက် (အတန်း) ရှိသော ပစ်ဇယ်တန်ဖိုးများနှင့် ဒေါင်လိုက် (အတိုင်) ရှိသော ပစ်ဇယ်တန်ဖိုးများသည် အတူတူပင်ဖြစ်သည်။ သို့သော် တချို့ဂြိုဟ်တုပုံရိပ်များသည် အလျား (တန်း) နှင့် အနံ (တိုင်) မတူသည်များလည်း ရှိသည်ကို သိထားရန်လိုသည်။

ဆက်လက်၍ ပုံရိပ်မြင်ကွင်းတစ်ခုလုံး၏ ပစ်ဇယ်စုစုပေါင်းကိုရရန် ပုံရိပ်ရှိ အလျားလိုက် တန်းအရေအတွက်နှင့် ပုံရိပ်တွင်ရှိသောဒေါင်လိုက်တိုင်အရေအတွက်ကို မြှောက်ရန်ဖြစ်သည်။ ပုစ္ဆာတွင် ပေးထားသည့် IRS LISS 4 တွင် ရောင်စဉ်စုအရေအတွက်သည် ၃ ခုဖြင့် ရိုက်ကူးထားသောကြောင့် ၃ နှင့် ထပ်မြှောက်ပေးရန်လိုသည်။ ၄၁၃၈ X ၄၁၃၈ X ၃ = ၅၁၃၆၉၁၃၂ ပစ်ဇယ်ရမည်။ ၁ မီဂါပစ်ဇယ်တွင် ပစ်ဇယ်ပေါင်းတစ်သန်းရှိ၍ မြှောက်၍ရသောအဖြေကို တစ်သန်းဖြင့် စားက ၅၁.၃၇ မီဂါပစ်ဇယ်ကိုရမည်။ ထိုအဖြေသည် ပုံရိပ်တွင်ပါဝင်သော စုစုပေါင်းပစ်ဇယ်အရေအတွက်အဖြစ်သာ ရှိသေးသည်။

ပေးထားသောမေးခွန်းသည် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းနိုင်မည့် ပမာဏဟု မေးထားခြင်းဖြစ်သည့်အတွက် ရရှိလာသော ပစ်ဇယ်စုစုပေါင်းကို ကွန်ပျူတာတွင် အချက်အလက် သိမ်းဆည်းရန် လိုအပ်သောပမာဏအဖြစ် ပြောင်းလဲနိုင်ရေးအတွက် ဆက်လက်တွက်ချက်ပေးရန်လိုသည်။

ဤနေရာတွင် ကျောင်းသားများ သိရှိနားလည်ထားရမည်မှာ အရာဝတ္ထုမှ ဖြာထွက်သော လျှပ်စစ်သံလိုက်စွမ်းအင်များ၏ အသေးစိတ်ခွဲခြားနိုင်မှု အတိုင်းအတာများကို ပစ်ဇယ်များအတွင်း မှတ်တမ်းတင်ရာတွင် "ဘစ်" အရေအတွက်ဖြင့် ဖော်ပြလေ့ရှိသည်။ ကွန်ပျူတာတွင် သိမ်းနိုင်သည့် ပမာဏ (Memory Storage) ကို "ဘစ်"၊ "ဘိုက်"၊ "မီဂါဘိုက်" စသည်တို့ဖြင့် ပြလေ့ရှိသည်။ ထို့ကြောင့် ပစ်ဇယ်တန်ဖိုး **ဘစ်** မှ **ဘိုက်** သို့ ယူနစ်ပြောင်းရန်လိုလာသည်။ ၈ ဘစ်လျှင် ၁ ဘိုက်ရှိသဖြင့် ပုစ္ဆာတွင်ပေးထားသော IRS LISS 4 ၏ အရာဝတ္ထုမှ ဖြာထွက်လာသော စွမ်းအင်ကို အသေးစိတ်ခွဲခြားနိုင်မှု ၇ ဘစ် အား ၈ ဘစ်ဖြင့် စားပါက ကွန်ပျူတာတွင် ပစ်ဇယ် ၁ ခုကို သိမ်းနိုင်သောပမာဏ ၀.၈၈ ဘိုက်ကိုရမည်။

ဤနေရာတွင် ပိုမိုနားလည်အောင် ဖြည့်စွက်ရှင်းပြချင်သည်မှာ ဂြိုဟ်တုနှင့် တပ်ဆင်ထားသော အာရုံခံကိရိယာများပေါ်မူတည်၍ ပစ်ဇယ်တန်ဖိုးများ ကွဲပြားသည်။ ထိုသို့ ပစ်ဇယ်တန်ဖိုးကွဲပြားလျှင် ကွန်ပျူတာတွင် မှတ်တမ်းတင်သိမ်းဆည်းနိုင်သော ပမာဏလည်း ကွဲပြားသည်။

တွက်ချက်၍ရရှိထားသော ပစ်ဇယ်စုစုပေါင်း (၅၁.၃၇ မီဂါပစ်ဇယ်) ကို ကွန်ပျူတာတွင် မှတ်နိုင်သော ပမာဏ ၀.၈၈ ဘိုက်ဖြင့် မြှောက်ပါက ၄၅.၂ မီဂါဘိုက်ကို ရရှိမည်ဖြစ်သည်။ ထို့ကြောင့် IRS LISS 4 ၏ အချက်အလက်များကို ကွန်ပျူတာတွင် သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက်ဆိုသည့် အဖြေကိုရမည် ဖြစ်သည်။

တွက်ချက်ပုံအဆင့်ဆင့်မှာ အောက်ပါအတိုင်းဖြစ်သည်။

**တွက်ချက်ခြင်း။**

ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် = (အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အလျား) / (မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား)

= (၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ) / (၅.၈ မီတာ) (၁ ကီလိုမီတာ=၁၀၀၀ မီတာ)

= (၂၄၀၀၀ မီတာ) / (၅.၈ မီတာ)

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် = (အာရုံခံကိရိယာမှမြင်တွေ့ရသော မြေပြင်၏အနံ) / (မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား)

= (၂၄ ကီလိုမီတာ x ၁၀၀၀ မီတာ) / (၅.၈ မီတာ)

= (၂၄၀၀၀ မီတာ) / (၅.၈ မီတာ)

= ၄၁၃၇.၉၃

= ၄၁၃၈ (အနီးစပ်ဆုံးကိန်းပြည့်ယူရန်)

ပုံရိပ်တွင်ပါဝင်သောပစ်ဇယ်စုစုပေါင်း = ပုံရိပ်ရှိဒေါင်လိုက်တိုင်အရေအတွက် X ပုံရိပ်ရှိအလျားလိုက်တန်းအရေအတွက် X ရောင်စဉ်စုအရေအတွက်

= ၄၁၃၈ X ၄၁၃၈ X ၃

= ၅၁၃၆၉၁၃၂ ပစ်ဇယ်

= ၅၁.၃၇ မီဂါပစ်ဇယ် (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏ = ၅၁.၃၇ မီဂါပစ်ဇယ် X ၀.၈၈ ဘိုက်

= ၄၅.၂ မီဂါဘိုက်

ထို့ကြောင့် အချက်အလက်သိမ်းဆည်းရန် လိုအပ်သောပမာဏသည် ၄၅.၂ မီဂါဘိုက် ဖြစ်သည်။

အထက်တွင် အဆင့်လိုက် တွက်ပြသည်များကို လေ့လာပြီး ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၅၈ ရှိ ဇယားနံပါတ် ၅.၃ တွင်ဖော်ပြထားသော Landsat ဂြိုဟ်တု၊ SPOT ဂြိုဟ်တုများနှင့် ၎င်းတို့၏ အချက်အလက်များကို အသုံးပြုပြီး အတွက်ပုစ္ဆာများကို လေ့ကျင့်တွက်ချက်သင့်ပါသည်။ ဤအပိုင်းတွင် တွက်ချက်ရသည့် ပုစ္ဆာရှည်များကို အမှတ် (၁၄) မှတ်ဖိုး မေးနိုင်သည်သာမက ဂြိုဟ်တုပုံရိပ်များနှင့် စပ်လျဉ်း၍ တွက်ချက်မှုတစ်စိတ်တစ်ပိုင်းကို (၇) မှတ်တန်အဖြစ်လည်း မေးနိုင်သည်ကို သတိပြုသင့်သည်။

နမူနာ ပုစ္ဆာအနေဖြင့် ဖြတ်ထုတ်ထားသော ပုံရိပ်တစ်ခု၏ မြေပြင်အတိုင်းအတာသည် ၁၀၀ ကီလိုမီတာ x ၈၀ ကီလိုမီတာ၊ မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား ၁၅ မီတာ၊ ရောင်စဉ်စုအရေအတွက် ၄ ခုနှင့် မှတ်တမ်းတင်ထားသော် ၎င်းပုံရိပ်တွင် ပစ်ဇယ်စုစုပေါင်းမည်မျှရှိမည်နည်း။

ဦးစွာ ပုစ္ဆာတွင်ပေးထားချက်များနှင့် ရှာရန်ကိုရေးမည်။ ထို့နောက် တွက်ချက်ခြင်းအပိုင်းတွင် အတန်းလိုက်ပစ်ဇယ်အရေအတွက်နှင့် အတိုင်လိုက် ပစ်ဇယ်အရေအတွက်များကို အရင်ရှာရမည်။ ထိုသို့ရှာရာတွင် ယူနစ်တူစေရန် ကီလိုမီတာကို မီတာသို့ ပြောင်းလဲပေးရမည်ဖြစ်၍ ၁၀၀၀ မီတာနှင့်မြှောက်ရန်ဖြစ်သည်။ ထို့နောက် အတန်းနှင့် အတိုင် ၂ ခုတွင်ရှိသော ပစ်ဇယ်အရေအတွက်ကို မြှောက်ပြီး ၎င်းကို ပေးထားသည့် ရောင်စဉ်စုအရေအတွက်နှင့် ထပ်မံမြှောက်ပါက စုစုပေါင်း ပစ်ဇယ်အရေအတွက်ကို ရမည်ဖြစ်သည်။ ၎င်းအရေအတွက်ကို တစ်သန်းဖြင့် စားပါက စုစုပေါင်း မီဂါပစ်ဇယ်ကို ရမည်ဖြစ်ပါသည်။

**ပေးထားချက်။**

မြေပြင်အတိုင်းအတာ = ၁၀၀ ကီလိုမီတာ X ၈၀ ကီလိုမီတာ

မြေပြင်ရှိပစ်ဇယ်အရွယ်အစား = ၁၅ မီတာ

ရောင်စဉ်စုအရေအတွက် = ၄ ခု

**ရှာရန်။**

ပုံရိပ်ရှိ ပစ်ဇယ်စုစုပေါင်း = ?

**တွက်ချက်ခြင်း။**

အတန်းအတွက် ပစ်ဇယ်စုစုပေါင်း = (ပုံရိပ်၏မြင်ကွင်းအကျယ် (အလျား)) / (မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား)

= (၁၀၀ x ၁၀၀၀) / (၁၅) (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၆၆၆၆.၆၇ ပစ်ဇယ်

= ၆၆၆၇ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

အတိုင်အတွက် ပစ်ဇယ်စုစုပေါင်း = (ပုံရိပ်၏မြင်ကွင်းအကျယ် (အနံ)) / (မြေပြင်ရှိ ပစ်ဇယ်အရွယ်အစား)

= (၈၀ x ၁၀၀၀) / (၁၅) (၁ ကီလိုမီတာ = ၁၀၀၀ မီတာ)

= ၅၃၃၃.၃၃၃၃

= ၅၃၃၃ ပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ပစ်ဇယ်စုစုပေါင်း = အတန်းရှိပစ်ဇယ်စုစုပေါင်း x အတိုင်ရှိပစ်ဇယ်စုစုပေါင်း x ရောင်စဉ်စုအရေအတွက်

= ၆၆၆၇ x ၅၃၃၃ x ၄

= ၁၄၂၂၂၀၄၄၄ ပစ်ဇယ်

= ၁၄၂၂၂၀၄၄၄ ÷ ၁၀၀၀၀၀၀ (၁ မီဂါပစ်ဇယ် = ၁၀၀၀၀၀၀ ပစ်ဇယ်)

= ၁၄၂.၂၂၀၄၄၄ မီဂါပစ်ဇယ်

ပစ်ဇယ်စုစုပေါင်း = ၁၄၂ မီဂါပစ်ဇယ် (အနီးဆုံးအပြည့်ကိန်း)

ထို့ကြောင့် ပစ်ဇယ်စုစုပေါင်းမှာ ၁၄၂ မီဂါပစ်ဇယ် ဖြစ်သည်။

လက်တွေ့ပထဝီဝင်ပိုင်းမှာ နောက်ထပ်လေ့ကျင့်ရမည့်အပိုင်းကတော့ ပထဝီဝင်သတင်းအချက်အလက်စနစ်များ အပိုင်းဖြစ်ပါသည်။ ပထဝီဝင်သတင်းအချက်အလက်များကို အသုံးပြုမည်ဆိုလျှင် ပထဝီဝင်ဆိုင်ရာအယူအဆအချို့ဖြစ်သည့် တည်နေရာ (Location)၊ ဦးတည်ရာ (Direction)၊ အကွာအဝေး (Distance)၊ နေရာ (Space)နှင့် သွားလာရေး (Navigation) တို့ကို နားလည်ရန်လိုအပ်ပြီး ထိုသတင်းအချက်အလက်များကိုဖော်ပြသော ဗက်တာ၊ ရာစတာတို့၏ အခြေခံသဘောတရားကို နားလည်ရန် လိုအပ်သည်။

ဗက်တာအခြေခံပထဝီဝင်ဆိုင်ရာအချက်အလက်များကို ဖော်ပြရာတွင် နေရာအလိုက်အချက်အလက်များဖြစ်သည့် ကမ္ဘာ့မျက်နှာပြင်ပေါ်ရှိအခြင်းအရာများကို အမှတ်များ၊ မျဉ်းများ၊ ဧရိယာများဖြင့် ကိုယ်စားပြု ဖော်ပြလေ့ရှိသည်။

အမှတ်တစ်ခုသည် တည်နေရာကိုသာ ဖော်ပြနိုင်သည်။ ဥပမာ မြေပုံများတွင် တောင်ထိပ်များ၊ ဘုရားများ၊ ဆေးရုံများကို အမှတ် (တစ်နည်းအားဖြင့် အစက်) ဖြင့် ပြလေ့ရှိတယ်။ မျဉ်းတစ်ကြောင်းကို ဖော်ပြရာတွင်မူ ထိုမျဉ်း၏ တည်နေရာအပြင် အလျားအတိုင်းအတာကိုလည်း ဖော်ပြသည်။ ၎င်းမျဉ်း၏ စမှတ်နှင့် ဆုံးမှတ်ဟု အမှတ်နှစ်ခုပါဝင်ပြီး ၎င်းအမှတ်များကြားတွင် နောက်ထပ်အမှတ်များလည်း ရှိနိုင်သည်။ ထိုမျဉ်း၏ တည်နေရာကို အစဉ်လိုက်ရှိသော x, y ကိုသြဒိနိတ်များဖြင့် ဖော်ပြနိုင်သည်။ မျဉ်းများသည် မျဉ်းဖြောင့် သို့မဟုတ် မျဉ်းကွေးများလည်း ရှိနိုင်သည်။ ဥပမာအားဖြင့် မြေပုံများတွင် ကားလမ်းများ၊ နယ်နိမိတ်မျဉ်းများကို ဖော်ပြခြင်းမျိုးဖြစ်သည်။

ဤအပိုင်းအတွက် ကျောင်းသုံးဖတ်စာအုပ် စာမျက်နှာ ၁၇၆ နှင့် ၁၈၈ တို့တွင်ပါရှိသည့် ပုံများကဲ့သို့ ပုံတစ်ပုံပေးထားပြီး ပေးထားသောပုံမှ အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကို ဖော်ပြပါဟူသော မေးခွန်းမျိုးလေ့ကျင့်ထားသင့်ပါသည်။ နမူနာအဖြစ် အောက်ဖော်ပြပါပုံတွင် ပေးထားသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ ဆက်စပ်တည်ရှိမှုကိုဖော်ပြပါဆိုသည့်မေးခွန်းကို လေ့လာကြည့်မည်။

**စာမျက်နှာ ၁၈ သို့** »»»

»»» စာမျက်နှာ ၁၇ မှ




ဖြေဆိုချက်။

(ဇယား - က)

| မျဉ်းပိုင်းအမည် | ဘယ်ဘက်ရှိဧရိယာ | ညာဘက်ရှိဧရိယာ |
|---|---|---|
| A | 100 | 101 |
| B | 100 | 102 |
| C | 100 | 103 |
| D | 102 | 101 |
| E | 103 | 102 |
| F | 103 | 101 |

(ဇယား - ခ)

| ဧရိယာအမည် | ပါဝင်သောမျဉ်းပိုင်းများ |
|---|---|
| 101 | A, D, F |
| 102 | B, D, E |
| 103 | C, F, E |

(ဇယား - ဂ)

| မျဉ်းပိုင်းအမည် | မျဉ်းပိုင်းတို့၏ X, Y ကိုဩဒိနိတ်အမှတ်များ |
|---|---|
| A | (1,3) (1,9) (4,9) |
| B | (4,9) (9,9) (9,6) |
| C | (6,9) (1,9) (1,1) (1,3) |
| D | (4,9) (4,7) (5,5) (5,3) |
| E | (6,9) (7,3) (5,3) |
| F | (5,3) (1,3) |

ပေးထားသောပုံတွင် မျဉ်းတစ်ကြောင်းချင်းစီ၏ တည်နေရာဆိုင်ရာတန်ဖိုးများကို သတ်မှတ်ရာတွင် ပထမဦးစွာ ထိုမျဉ်းပိုင်းများ၏ ဘယ်ဘက်နှင့်ညာဘက်ရှိ ဧရိယာများကို (ဇယား - က) တွင် ပြထားသကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ထို့နောက် ၎င်းဧရိယာများကို ဖွဲ့စည်းထားသော မျဉ်းပိုင်းများကို (ဇယား - ခ) ကဲ့သို့ မှတ်သားရန်ဖြစ်သည်။ ပြီးနောက် ထိုဧရိယာအလိုက် ဖွဲ့စည်းထားသော မျဉ်းပိုင်းတစ်ခုစီ၏ X, Y ကိုဩဒိနိတ်အမှတ်များကို အောက်တွင်ပြထားသည့် ဇယားအတိုင်း (ဇယား - ဂ) မျဉ်းပိုင်းအလိုက် ဖော်ပြပေးရန်ဖြစ်သည်။ ဤသို့ဖြင့် မေးခွန်းတွင် ရှာခိုင်းသော အမှတ်များ၊ မျဉ်းပိုင်းများ၊ ဧရိယာများ၏ ဆက်စပ်မှုကို လွယ်ကူစွာ ဖော်ပြနိုင်မည်ဖြစ်သည်။

ပထဝီဝင် သတင်းအချက်အလက်စနစ်များ သင်ခန်းစာတွင် အခြေခံသီအိုရီသဘောတရားများကို သိနားလည်ထားရမည့်အပြင် ဗက်တာဆိုင်ရာ အခြေခံအချက်အလက်များ၊ ရာစတာဆိုင်ရာ အခြေခံအချက်အလက်များကို ပုံများပေး၍ အမှတ်များ၊ မျဉ်းများ၊ ဧရိယာနှင့်ဆက်စပ်သော အကြောင်းအရာအချက်အလက်များကို ဖော်ပြခိုင်းသည့် လေ့ကျင့်ခန်းများကိုလည်း ကြိုတင်လေ့ကျင့်ထားကြရန် လိုအပ်ပါသည်။

အနှစ်ချုပ်တင်ပြရမည်ဆိုပါက ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်တန်း ပထဝီဝင်ဘာသာရပ် မေးခွန်းသည် အလွတ်ကျက်ဖြေခြင်းမှ အထိုက်အလျောက် ကင်းလွတ်ပြီး စဉ်းစားတွေးခေါ်ဖြေဆိုရမည့် အပိုင်းများ ရှိသော်လည်း ကျောင်းသားများ အလွယ်တကူဖြေဆိုနိုင်မည်ဖြစ်ပါသည်။ ယခုပို့ချချက်သည် ကျောင်းသားများအတွက် များစွာအထောက်အကူ ဖြစ်လိမ့်မည်ဟု ယုံကြည်ပါသည်။

လာမည့် ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ကျောင်းသား ကျောင်းသူများအားလုံး ပထဝီဝင်ဘာသာရပ်ကို အခက်အခဲမရှိ ထူးချွန်စွာ ဖြေဆိုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

# အထက(၁)ကန့်ဘလူ၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများ ကျင်းပ



**ကန့်ဘလူ ဒီဇင်ဘာ ၂၅**

စစ်ကိုင်း တိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း၌ (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ပန်းချီပြိုင်ပွဲများကို ဒီဇင်ဘာ ၂၄ ရက် နံနက် ၉ နာရီက ကျင်းပသည်။

**ဆုများပေးအပ်ချီးမြှင့်**

အဆိုပါ ပြိုင်ပွဲများတွင် အထက်တန်းဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၀၊ အလယ်တန်းဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ မူလတန်းဆင့် စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၂၀ စုစုပေါင်း ၈၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ယင်းပြိုင်ပွဲများမှ အထက်တန်းဆင့်၊ အလယ်တန်းဆင့်၊ မူလတန်းဆင့်တို့တွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိသူများသည် မြို့နယ်အဆင့် ဆက်လက်ယှဉ်ပြိုင်ကြရမည်ဖြစ်ပြီး မြို့နယ်အဆင့်တွင် ဆုရရှိသူ ကျောင်းသား ကျောင်းသူများအား လွတ်လပ်ရေးနေ့ အခမ်းအနားတွင် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ထူးခြားသည့်အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၂၅**

ယနေ့မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် အနောက်တောင်ဘက်သို့ရွေ့လျားခဲ့ပြီး ဆက်လက်တည်ရှိနေသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းငယ်သည် အနောက်-အနောက်တောင်ဘက်သို့ ရွေ့လျားနိုင်ပြီး ဒီဇင်ဘာ ၂၆ ရက်တွင် ဗီယက်နမ်နိုင်ငံ အရှေ့တောင်ပိုင်းကမ်းခြေအနီးတွင် လေဖိအားနည်းဆဲလ်အဖြစ်သို့ တဖြည်းဖြည်း အားလျော့သွားနိုင်သည်ဟု ခန့်မှန်းရသည်။

**မိုး/ဇလ**




# ဆယ့်နှစ်ရာသီ စိုက်ပျိုးထုတ်လုပ်နိုင်သော Green House စနစ်ကို ပုဂ္ဂလိကနှင့် သမဝါယမစနစ်တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်

**ခန့်ဇော် (ကျေးလက်)**

၂၀၂၄ ခုနှစ် အောက်တိုဘာလ ၂၉ ရက်နေ့ကနေ နိုဝင်ဘာလ ၁ ရက်နေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့မှာ ကျင်းပခဲ့တဲ့ ၂၀၂၄ ခုနှစ် ကမ္ဘာလုံးဆိုင်ရာဆင်းရဲမှုလျှော့ချရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်ကို စာရေးသူတက်ရောက်ခဲ့ရာမှာ လေ့လာရေးခရီးစဉ်တွေလည်း သွားရောက်ခွင့်ရရှိခဲ့ပါတယ်။ အောက်တိုဘာလ ၃၀ ရက်နေ့မှာ Lixian မြို့နယ်ရှိ လောင်းတူ (Longtou)ကျေးရွာကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။ အဲဒီကျေးရွာဟာ ခရီးသွားအချက်အချာကျတဲ့နေရာမှာ တည်ရှိပြီး သဘာဝအရင်းအမြစ်တွေ၊ ရိုးရာယဉ်ကျေးမှုတွေနဲ့ ကျော်ကြားတဲ့နေရာတစ်ခုဖြစ်ပါတယ်။

လောင်းတူ(Longtou)ကျေးရွာဟာ လယ်ယာစက်မှုဇုန်နဲ့ ယဉ်ကျေးမှုခရီးသွားဇုန်အကြား ပန်ဆိုင်လမ်း ပေကျင်းဒဲ့ရှင်းအပြည်ပြည်ဆိုင်ရာလေဆိပ်ကနေ ၅ ဒသမ ၅ မိုင်အကွာမှာ တည်ရှိကာ အကျယ်အဝန်းအနေနဲ့ ၅၇၇ ဧကခန့်ရှိပြီး အိမ်ထောင်စု ၃၂၀ စုစုပေါင်း နေထိုင်သူ ၁၀၈၃ ဦးရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လူအများနှစ်သက်မြတ်နိုးရတဲ့ ရိုးရာယဉ်ကျေးမှုနဲ့ ထူးခြားတဲ့လက်မှုလုပ်ငန်းတွေကြောင့် ကျေးရွာကို လူသိများစေခဲ့တဲ့ အကြောင်းရင်းတစ်ချက်ဖြစ်ပြီး အဲဒီအားသာချက်တွေကို အပြည့်အဝအသုံးချကာ စက်မှုလုပ်ငန်းတွေ ဖွံ့ဖြိုးတိုးတက်စေခဲ့တယ်လို့ သတိပြုမိခဲ့ပါတယ်။

ဟိုတယ်တွေ၊ တို့ဟူးလုပ်ငန်းတွေ၊ ရိုးရာမီးအိမ်လုပ်ငန်းတွေ၊ ကျောက်သားကြိတ်ဆုံ အမှုန့်ကြိတ်လုပ်ငန်း (ရိုးရာနည်းလမ်းနဲ့ ဂျုံမှ မုန့်လုပ်ဖို့အဆင့်ဆင့်ကို) စက်ကိရိယာတွေနဲ့ ပြုလုပ်တဲ့လုပ်ငန်း၊ ပန်းပွင့်ပုံလမုန့်ပြုလုပ်ရာမှာ အရောင်ပါရှိတဲ့ သဘာဝအသီးအရွက်တွေ အသုံးပြုပြီး အွန်လိုင်းမှ Livestreaming နဲ့ ရောင်းချတဲ့လုပ်ငန်းနဲ့ တရုတ်ရိုးရာ စက္ကူညှပ်လုပ်ငန်းတွေလို စက်မှုလက်မှုလုပ်ငန်းတွေ၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်လုပ်ငန်းတွေနဲ့ ခရီးသွားဧည့်သည်တွေကို ဆွဲဆောင်နေတာ တွေ့ရပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးကို အထောက်အကူဖြစ်စေဖို့အတွက် ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းတွေ၊ ခရီးသွားလုပ်ငန်းတွေ၊ ဖျော်ဖြေရေးလုပ်ငန်းတွေ၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတွေကို ပေါင်းစပ်ပြီး ကဏ္ဍစုံပါဝင်တဲ့ စက်မှုလုပ်ငန်းပုံစံနဲ့ ဆောင်ရွက်နေတာကို တွေ့ရှိရပါတယ်။

ရိုးရာယဉ်ကျေးမှုဖျော်ဖြေပွဲတွေ၊ လက်မှုပစ္စည်းတွေထုတ်လုပ်မှုနဲ့ တရုတ်နိုင်ငံရဲ့ ပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှု သမိုင်းကြောင်းတွေကို အသိပညာပေးမှု စတဲ့ ပြပွဲအခမ်းအနားတွေကြောင့် ၂၀၂၃ ခုနှစ်မှာ ခရီးသွား ၃၀၀၀ ကျော် လာရောက်စေဖို့ ဆွဲဆောင်နိုင်ခဲ့ပြီး ရင်မင်ဘီ ယွမ် ၃၀၀၀၀၀ ကျော် (အမေရိကန်ဒေါ်လာ ၄၃၀၀၀ ခန့်) ဝင်ငွေတိုးမြှင့်စေခဲ့တယ်လို့ သိရှိရပါတယ်။ စာရေးသူဟာ Longtou village stone mill workshop၊ ပန်းပုံစံလမုန့်ထုတ်လုပ်မှုလုပ်ငန်းနဲ့ တရုတ်ရိုးရာ စက္ကူညှပ်လုပ်ငန်းတွေကို သွားရောက်လေ့လာခွင့်ရခဲ့ပါတယ်။

အဲဒီကတစ်ဆင့် အကျယ်အဝန်းအနေနဲ့ ၂၄၆ ဧက ဝန်းကျင်ရှိပြီး အိမ်ထောင်စု ၁၃၁ စုနဲ့ နေထိုင်သူ ၃၇၄ ဦးရှိတဲ့ လီကျချန်ကျေးရွာ (Lijiachang) ကို သွားရောက်ခဲ့ရာ ၂၀၂၃ ခုနှစ်မှာ ကျေးရွာသားတွေရဲ့ နှစ်စဉ်တစ်ဦးချင်းဝင်ငွေဟာ ရင်မင်ဘီ ယွမ် ၃၂၈၀၀ (အမေရိကန်ဒေါ်လာ ၄၇၀၀ ခန့်) ရှိတယ်လို့ သိရပါတယ်။ မူကြိုကျောင်းတစ်ကျောင်းနဲ့ စာသင်ကျောင်းတွေရှိပြီး စာဖတ်ခန်းတွေ၊ ယဉ်ကျေးမှုစင်တာတွေ၊ ကစားကွင်းတွေနဲ့ ပန်းခြံတွေ အများပြည်သူဆိုင်ရာ ခေတ်မီအဆောက်အအုံတွေလည်းရှိတာကို တွေ့ရပါတယ်။

“သာယာလှပတဲ့ ကျေးရွာ” ဖော်ဆောင်နိုင်စေဖို့ အခြေခံအဆောက်အအုံတွေ၊ သဘာဝပတ်ဝန်းကျင်သာယာလှပရေးနဲ့ အများပြည်သူပိုင် အဆောက်အအုံတွေ တိုးမြှင့်ဆောင်ရွက်ထားရှိတဲ့အပြင် စွန့်ပစ်ပစ္စည်းတွေကို စနစ်တကျပြန်လည်အသုံးချနိုင်ဖို့ အမှိုက်အမျိုးအစားခွဲမှု၊ စုစည်းမှုနဲ့ စနစ်တကျ စွန့်ပစ်မှုစနစ်တွေ ဆောင်ရွက်ထားရှိတာကို တွေ့ရှိခဲ့ရပါတယ်။ မိလ္လာစနစ်၊ ရေဆိုးစွန့်ပစ်မှုစနစ်တွေကိုပါ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့ပြီး ယင်လုံအိမ်သာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်။ လမ်းနဲ့ လမ်းဘေးဝဲယာဝန်းကျင်ကို သန့်ရှင်းသာယာလှပစေဖို့အတွက် သစ်ပင်ပန်းမန်တွေ၊ လယ်ယာစိုက်ခင်းတွေနဲ့ စိမ်းလန်းစိုပြည်အောင် ဖန်တီးထားတာကိုလည်း တွေ့ခဲ့ရပါတယ်။



Siji Yangkun Agricultural Technology Development Co.,Ltd. ၏ Green House စိုက်ခင်းကို တွေ့ရစဉ်။

စက်မှုလုပ်ငန်းတွေဖွံ့ဖြိုးဖို့အတွက် Lijiachang ကျေးရွာမှာ **“မှိုစိုက်ပျိုးထုတ်လုပ်ရေးစက်မှုဇုန်စီမံကိန်း”** အပါအဝင် စီမံကိန်းလုပ်ငန်းသုံးခု စတင်ဆောင်ရွက်ခဲ့ပါတယ်။ “ဒေသတစ်ခု ထုတ်ကုန်တစ်ခု” လုပ်ငန်းအစီအစဉ်အနေနဲ့ စားသုံးနိုင်တဲ့ မှိုစိုက်ပျိုးရေးသရုပ်ပြကျေးရွာအဖြစ် ဖော်ဆောင်ခဲ့ပြီး မှို ၁၈ ဧကခန့် စိုက်ပျိုးထားရှိပါတယ်။ ၂၀၂၀ ပြည့်နှစ်မှာ စံချိန်မီမှိုမျိုးချောင်း စိုက်ပျိုးထုတ်လုပ်ရေးအလုပ်ရုံကို တည်ဆောက်ပြီးစီးခဲ့ပြီး နေ့စဉ်မှိုစိုက်ပျိုးဖို့ မှိုမျိုးချောင်း ၁၀၀၀၀ အထိ တိုးမြှင့်ထုတ်လုပ်နိုင်ခဲ့ရာ ဒေသတွင်း **“စားသုံးနိုင်တဲ့ မှိုစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းတစ်ခု”**အဖြစ် လူသိများလာခဲ့တာကို တွေ့ခဲ့ရပါတယ်။

ဒုတိယစီမံကိန်းမှာ “မြို့ပြတောင်သူတွေ” စိုက်ပျိုးရေးနဲ့ သစ်တောဇုန်စီမံကိန်းဖြစ်ပြီး လယ်ယာစိုက်ပျိုးမှုအလေ့အထ ခေတ်မီသဘာဝဟင်းသီးဟင်းရွက်စိုက်ခင်းနဲ့ လယ်ယာစိုက်ပျိုးရေးဇုန်သရုပ်ပြဧရိယာအဖြစ် လယ်ပိုင်ရှင်တွေရဲ့ လယ်မြေတွေ စုပေါင်းပြီး မြေလေးဧကခန့်မှာ ဆောင်ရွက်ထားရှိခဲ့တာ ဖြစ်ပါတယ်။ တတိယစီမံကိန်းမှာ ဒေသဆိုင်ရာယဉ်ကျေးမှုနဲ့ ခရီးသွားဧည့်သည် အရင်းအမြစ်တွေကို အားပြုထားတဲ့ **“လယ်ယာထုတ်ကုန်ပြပွဲနဲ့ အရည်အသွေးမြင့် ခေတ်မီလမ်းဘေး စားသောက်ကုန်ထုတ်လုပ်မှုစီမံကိန်း”** ဖြစ်ပါတယ်။ အနားယူအပန်းဖြေစရာနဲ့ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေအပေါ် အခြေပြုတဲ့ စက်မှုဖွံ့ဖြိုးရေးနဲ့ ကုန်ပစ္စည်းအသစ်တွေ ထုတ်လုပ်နိုင်ဖို့ ဆောင်ရွက်ရာမှာ စီးပွားဖြစ် စိုက်ပျိုးမွေးမြူရေး၊ ခရီးသွားလုပ်ငန်း၊ အားကစားနဲ့ ရိုးရာယဉ်ကျေးမှုတို့တစ်ပါတည်း ဖွံ့ဖြိုးလာစေဖို့ ရည်ရွယ်ပြီး အရောင်းမြှင့်တင်ရေးပွဲတွေ၊ အထိမ်းအမှတ် အခမ်းအနားတွေနဲ့ ဒေသဆိုင်ရာ သင်တန်းအစီအစဉ်တွေ ဆောင်ရွက်နေတာကိုလည်း လေ့လာတွေ့ရှိခဲ့ရပါတယ်။

ဒါ့ပြင် အဲဒီကျေးရွာရှိ မှိုစိုက်ပျိုးထုတ်လုပ်ရေး စက်မှုဇုန်အပါအဝင် အခြားဟင်းသီးဟင်းရွက်နဲ့ ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးထားရှိတဲ့ စိုက်ပျိုးရေးဇုန်တွေဟာ Green House စနစ်နဲ့ စိုက်ပျိုးထားရှိတာဖြစ်ပြီး တစ်လုံးကို ၈၆၆ ဒသမ ၆၇ စတုရန်းမီတာကျယ်ဝန်းတဲ့ ဆိုလာစွမ်းအင်အသုံးပြု Green House ၆၄ လုံးရှိတယ်လို့ သိရပါတယ်။ Green House တွေကို Steel Structure၊ ကွန်ကရစ်၊ အုတ်တွေနဲ့ တည်ဆောက်ထားပြီး စိုက်ပျိုးတဲ့သီးနှံအမျိုးအစားအလိုက် အလိုအလျောက်အပူချိန်/ရေငွေ့ထိန်းညှိပေးမယ့်ကိရိယာတွေ၊ အကာအရံတွေကို လိပ်သိမ်း/ဖြန့်ခင်းပေးနိုင်တဲ့စက်တွေ တပ်ဆင်ထားရှိတာကို တွေ့ရှိရပါတယ်။ Green House ၆၄ လုံး တည်ဆောက်မှုအတွက် ယွမ် ၇ ဒသမ ၆၈ သန်းခန့် အပါအဝင်စိုက်ပျိုးရေးဇုန်တစ်ခုလုံးအတွက် စုစုပေါင်း ယွမ် ၂၁ သန်းခန့် ရင်းနှီးမြှုပ်နှံဆောင်ရွက်ခဲ့ပြီး Lijiachang ကျေးရွာရဲ့ တရုတ်ကွန်မြူနစ်ပါတီ (Communist Party of China–CPC) ဌာနခွဲက ဦးဆောင်ဦးရွက်ပြုပြီး သွင်းအားစု၊ ထုတ်လုပ်မှုနဲ့ ရောင်းဝယ်ရေးဆိုင်ရာ စီးပွားရေးသမဂ္ဂအဖွဲ့ဝင်တွေဖြစ်တဲ့ ကျေးရွာသားတွေနဲ့ ချိတ်ဆက်ပူးပေါင်းဆောင်ရွက်တယ်လို့ သိရပါတယ်။ ထုတ်လုပ်ရေးပစ္စည်းတွေ စုစည်းဝယ်ယူမှုမှ နေ့စဉ်ထုတ်လုပ်မှုအထိ လယ်သမား ၁၆၀ နဲ့ တိုက်ရိုက် လုပ်ကိုင်ဆောင်ရွက်ပြီး နှစ်တစ်နှစ်ကုန်ဆုံးချိန်မှာ ရရှိတဲ့အကျိုးအမြတ်ကို လယ်သမားတွေရဲ့ အစုရှယ်ယာငွေစာရင်းတွေကို ထည့်သွင်းပေးရပါတယ်။ နှစ်စဉ်အရည်အသွေးမြင့် ဟင်းသီးဟင်းရွက် တန်ချိန် ၉၆၀ ခန့် ထွက်ရှိတယ်လို့ သိရပါတယ်။

အဲဒီနောက် ပေကျင်းမြို့မှာရှိတဲ့ Siji Yangkun Agricultural Technology Development Company ကို သွားရောက်လေ့လာခဲ့ရာ ၂၀၁၅ ခုနှစ် ဇူလိုင်လမှာ စတင်တည်ထောင်ခဲ့တဲ့ အဲဒီကုမ္ပဏီမှာ ဝန်ထမ်းဦးရေ ၁၀၀ ခန့်ရှိပြီး စိုက်ပျိုးရေးနဲ့ သီးပင်စားပင်တွေကို ပိုးမွှားအန္တရာယ်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းတွေ အဓိကလုပ်ကိုင်တဲ့ ကျွမ်းကျင်ပညာရှင်အဖွဲ့တွေလည်းရှိတာ တွေ့ရှိရပါတယ်။ နည်းပညာအခြေပြု စိုက်ပျိုးရေးကုမ္ပဏီတစ်ခုဖြစ်တဲ့အတွက် ထုတ်လုပ်မှု၊ စီမံခန့်ခွဲမှု၊ ရောင်းဝယ်ဖောက်ကားမှုနဲ့ လက်တွေ့ပညာပေးမှုတွေကို စက်ရုံအလုပ်ရုံအခြေပြု စိုက်ပျိုးရေးနဲ့ စက်မှုစွမ်းအားအသုံးချစိုက်ပျိုးရေးလုပ်ငန်းပုံစံတွေကို ပေါင်းစပ်ဆောင်ရွက်ပြီး ၇၉ ဧကခန့်မှာ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေပါတယ်။ **“ဂေဟစိုက်ပျိုးရေးနည်းပညာဇုန်”၊ စာမျက်နှာ ၂၁ သို့** ❖





ပဲခူးတိုင်းဒေသကြီး ရွာသစ်ကျေးရွာတွင် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေဖြင့် Green House စိုက်ခင်းများ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

❖ စာမျက်နှာ ၂၀ မှ

**"Pengcheng ဂေဟဗေဒဆိုင်ရာဇုန်"၊ "ဟင်းသီးဟင်းရွက် စိုက်ပျိုးရေးအထူးဇုန်"** နဲ့ **"အကြီးစားစိုက်ပျိုးမွေးမြူရေးဇုန်"** တွေ ပါဝင်ပြီး နှစ်စဉ်မျိုးစေ့သန်း ၅၀ ခန့်အထိ စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ပါတယ်။ ၂၀၂၃ ခုနှစ်မှာ Siji Yangkun ရဲ့ စိုက်ပျိုးရေးထုတ်ကုန်တွေရဲ့ စုစုပေါင်းရောင်းအားဟာ ရင်မင်ဘီ ယွမ် ငါးသန်း (အမေရိကန်ဒေါ်လာ သုညဒသမ ၇ သန်းခန့်) အထိရှိတယ်လို့ သိရပါတယ်။

ကုမ္ပဏီအနေနဲ့ စက်မှုအခြေပြု ဖွံ့ဖြိုးတိုးတက်ရေး ကနဦးဆောင်ရွက်မှုတွေကနေ လယ်သမားတွေ ဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ချက်နဲ့ e-commerce စနစ်နဲ့ ရောင်းချမှုတွေ ဆောင်ရွက်လာနိုင်ဖို့ အမျိုးသမီးတွေအတွက် လေ့ကျင့်သင်ကြားမှုအခွင့်အလမ်းတွေ ဖန်တီးပေးမှု၊ သမဝါယမအသင်းအဖွဲ့တွေ ဖွဲ့စည်းကာ အဖွဲ့ဝင်တွေကို နှစ်စဉ်ထောက်ပံ့ငွေတွေပေးမှု၊ စိုက်ပျိုးထုတ်လုပ်မှုဆိုင်ရာ နည်းလမ်းတွေ ညွှန်ပြပေးမှုနဲ့ ကုန်ထုတ်လုပ်မှုနဲ့ ဝင်ငွေတိုးတက်ရရှိစေဖို့ လယ်သမားတွေ မက်လုံးပေးစည်းရုံးမှုတွေကို ဆောင်ရွက်ခဲ့တယ်လို့ သိရပါတယ်။ ၂၀၂၃ ခုနှစ်မှာ အနီးအနားရှိ ထုတ်လုပ်ရေးစခန်း ကိုးခုမှ ကျေးလက်အိမ်ထောင်စု ၁၀၀၀ ကျော်ကို အထောက်အကူပြုနိုင်ခဲ့ပြီး ကိုယ်ပိုင်ဒီဇိုင်းရေးဆွဲထုတ်လုပ်ထားတဲ့ ဆိုလာဖန်လုံအိမ် ၃၂၆ ခု ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

စိုက်ပျိုးမှုဧရိယာ ၇၄၁ ဧက ဝန်းကျင်ခန့်အထိ တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး စူပါမားကက်တွေနဲ့ ပူးပေါင်းပြီး Offline ရောင်းအား ဈေးကွက်ကို ဖော်ဆောင်ခဲ့တဲ့အပြင် ပေါင်းစည်းလယ်ယာစနစ်ကို ကျင့်သုံးခဲ့ကာ livestreamers တွေနဲ့ပူးပေါင်းပြီး အွန်လိုင်းမှ ရောင်းချတဲ့စနစ်ကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အဲဒါကြောင့် သခွားသီး၊ ခရမ်းသီး၊ ပန်းသီး၊ ဖရုံသီး၊ ကန်စွန်းဥ၊ ငရုတ်စတဲ့ သီးနှံစုံနဲ့ ဟင်းသီးဟင်းရွက် တန် ၁၅၀၀ ခန့် ရောင်းအားတိုးမြင့်ခဲ့ပြီး လယ်ယာလုပ်ငန်းရှင်တွေရဲ့ ဝင်ငွေကို ရင်မင်ဘီယွမ် ၁၀ ဒသမ ၈၁ သန်း (အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄ သန်းခန့်) အထိ တိုးမြှင့်ရရှိစေခဲ့တယ်လို့ သိရပါတယ်။

Siji Yangkun ဟာ သရုပ်ပြသမှုနဲ့ လက်တွေ့ပညာပေးမှုကို ပေါင်းစပ်တဲ့နည်းလမ်းနဲ့ Daxing ခရိုင်ရှိ အနီးအနား မူလတန်းကျောင်း၊ အထက်တန်းကျောင်းတွေနဲ့ ပူးပေါင်းကာလက်တွေ့သရုပ်ပြစိုက်ခင်းတွေကို လာရောက်လေ့လာလည်ပတ်နိုင်ဖို့ ဖွင့်လှစ်ထားရှိပါတယ်။ ကျောင်းသားတွေအနေနဲ့ အခမဲ့သွားရောက်လေ့လာ၊ ပါဝင်စိုက်ပျိုးနိုင်ပြီး ဆရာမတွေ၊ ကျောင်းသားတွေနဲ့ မိဘတွေထံကလည်း ကောင်းမွန်တဲ့ တုံ့ပြန်မှုတွေ ရရှိခဲ့တယ်လို့ သိရပါတယ်။ ၂၀၂၃ ခုနှစ်မှာ လာရောက်လည်ပတ်သူ ၄၀၀၀ ကျော်ရှိခဲ့ပြီး ၂၀၂၄ ခုနှစ်မှာ အရင်နှစ်ကထက် လာရောက်လည်ပတ်သူ ၂၀၀၀ ကျော် ပိုမိုလာခဲ့တယ်လို့ သိရှိရပါတယ်။

> **"အဲဒီကျေးရွာရှိ မှိုစိုက်ပျိုးထုတ်လုပ်ရေး စက်မှုဇုန်အပါအဝင် အခြားဟင်းသီးဟင်းရွက်နဲ့ ကောက်ပဲသီးနှံမျိုးစုံ စိုက်ပျိုးထားရှိတဲ့ စိုက်ပျိုးရေးဇုန်တွေဟာ Green House စနစ်နဲ့ စိုက်ပျိုးထားရှိတာဖြစ်ပြီး တစ်လုံးကို ၈၆ ဒသမ ၆၇ စတုရန်းမီတာ ကျယ်ဝန်းတဲ့ ဆိုလာစွမ်းအင်အသုံးပြု Green House ၆၄ လုံးရှိတယ်လို့ သိရပါတယ်။ ထုတ်လုပ်ရေးပစ္စည်းတွေ စုစည်းဝယ်ယူမှုမှ နေ့စဉ်ထုတ်လုပ်မှုအထိ လယ်သမား ၁၆၀ နဲ့ တိုက်ရိုက်လုပ်ကိုင်ဆောင်ရွက်ပြီး နှစ်တစ်နှစ်ကုန်ဆုံးချိန်မှာ ရရှိတဲ့အကျိုးအမြတ်ကို လယ်သမားတွေရဲ့ အစုရှယ်ယာ ငွေစာရင်းတွေကို ထည့်သွင်းပေးရပါတယ်။ နှစ်စဉ် အရည်အသွေးမြင့် ဟင်းသီးဟင်းရွက် တန်ချိန် ၉၆၀ ခန့် ထွက်ရှိ"**

စာရေးသူအနေနဲ့ Siji Yangkun Agricultural Technology Development Co.,Ltd. ရဲ့ စက်မှုအခြေပြုဖွံ့ဖြိုးတိုးတက်ရေး ကနဦးဆောင်ရွက်မှုတွေကနေ လယ်သမားတွေ ဝင်ငွေတိုးပွားစေဖို့ ရည်ရွယ်ချက်နဲ့ e-commerce စနစ်နဲ့ ရောင်းချမှုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းလမ်းတွေ ညွှန်ပြပေးမှု၊ သမဝါယမအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်မှုတွေ၊ Daxing ခရိုင်ရှိ မူလတန်းကျောင်း၊ အထက်တန်းကျောင်းတွေနဲ့ ပူးပေါင်းကာ လက်တွေ့သရုပ်ပြစိုက်ပျိုးထားရှိမှုတွေကို လာရောက်လေ့လာလည်ပတ်နိုင်ဖို့ စီစဉ်ထားရှိမှုတွေကို လေ့လာခွင့်ရရှိခဲ့ပြီး စိုက်ပျိုးဧက ၇၉ ဧကပေါ်မှာ ခေတ်မီနည်းပညာတွေနဲ့ ပေါင်းစပ်ကာ သီးနှံမျိုးစုံစိုက်ပျိုးနေမှုတွေကို သွားရောက်ကွင်းဆင်း လေ့လာခွင့်ရရှိခဲ့ပါတယ်။

**လေ့လာသုံးသပ်ချက်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ လေ့လာရေးခရီးစဉ်မှာ တွေ့မြင်ခဲ့ရတဲ့ Green House စနစ် စိုက်ပျိုးရေးလုပ်ငန်းတွေကို လေ့လာခွင့်ရရှိရာမှ သုံးသပ်တွေ့ရှိတဲ့အချက်တွေကတော့-

(က) ပုဂ္ဂလိကမှ နှစ်ရှည်ရင်းနှီးမြှုပ်နှံမှု၊
(ခ) တောင်သူတွေအနေနဲ့ သမဝါယမစနစ်ပုံစံနဲ့ လုပ်ငန်းတွေ ပါဝင်ဆောင်ရွက်မှု၊
(ဂ) ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးလာစေဖို့အတွက် စိုက်ပျိုးရေးဇုန်တွေဖော်ဆောင်နိုင်ဖို့ အထောက်အပံ့ပေးတဲ့မူဝါဒနဲ့ ဘဏ်လုပ်ငန်းကဏ္ဍမှ သက်မွေးလုပ်ငန်းဆိုင်ရာ ချေးငွေလမ်းကြောင်းတွေ (Professional Loan Channels) ဖန်တီးထားရှိမှု၊
(ဃ) Smart Agricultural စနစ်နဲ့ စီမံဆောင်ရွက်မှု၊
(င) ဆယ့်နှစ်ရာသီ စိုက်ပျိုးထုတ်လုပ်မှုစနစ်နဲ့ ဆောင်ရွက်မှု၊
(စ) နည်းပညာနဲ့ ပတ်သက်ပြီး ဌာနဆိုင်ရာတွေ/ တက္ကသိုလ်တွေနဲ့ ပူးပေါင်းဆောင်ရွက်မှု၊ Research & Development ရှိမှု၊
(ဆ) ဈေးကွက်သေချာမှု စတာတွေကို လေ့လာသုံးသပ်တွေ့ရှိရပါတယ်။

**Green House စိုက်ပျိုးရေးစနစ်ရဲ့ အကျိုးကျေးဇူးတွေ**

(က) ရွှေ့လျားနိုင်တဲ့ အမိုး/ အကာတွေ တပ်ဆင်ထားပြီး နေရောင်ခြည်၊ အပူချိန်နဲ့ ရေငွေ့ကို လိုအပ်သလို ထိန်းညှိနိုင်မှု၊
(ခ) ရာသီမရွေး ရာသီပေါ်သီးနှံတွေကို စိုက်ပျိုးနိုင်မှု၊
(ဂ) ရေပေးဝေမှုကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ပြီး ရေအသုံးချမှု လျှော့ချနိုင်မှု၊
(ဃ) ပိုးမွှားနဲ့ ရောဂါကျရောက်မှု ထိန်းချုပ်နိုင်မှု၊
(င) အချိန်တိုအတွင်း အရည်အသွေးမြင့် သီးနှံတွေ ထုတ်လုပ်နိုင်တာကြောင့် စီးပွားရေးတွက်ခြေကိုက်မှု၊
(စ) စိုက်ပျိုးရေးသွင်းအားစုနဲ့ ရေကို လိုအပ်သလောက်သာ အတိအကျ အသုံးပြုနိုင်တာကြောင့် သဘာဝပတ်ဝန်းကျင် သက်ရောက်မှုကို လျှော့ချနိုင်မှု စတဲ့ အကျိုးကျေးဇူးတွေကို ရရှိတယ်လို့ သိရပါတယ်။

အထူးအားဖြင့်တော့ ဆယ့်နှစ်ရာသီပတ်လုံး စိုက်ပျိုးနိုင်တဲ့ Green House စနစ်သုံး စိုက်ပျိုးရေးလုပ်ငန်းတွေကို အားကျဖွယ် တွေ့မြင်ခဲ့ရပါတယ်။ တရုတ်နိုင်ငံမှာ Green House စနစ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေကို တွင်တွင်ကျယ်ကျယ် ဆောင်ရွက်နေတာကို တွေ့ရပြီး လေယာဉ်ပေါ်ကနေ စီးမိုးကြည့်လိုက်ရင် အဖြူရောင်ပိုက်လုံးကြီးတွေ ချထားတဲ့ အလား Green House စိုက်ခင်းတွေကို တစ်မျှော်တစ်ခေါ် တွေ့မြင်ရပါတယ်။ စာရေးသူတို့နိုင်ငံမှာလည်း မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂) နဲ့ ပဲခူးတိုင်းဒေသကြီး ရွာသစ်ကျေးရွာမှာ Green House စနစ်နဲ့ စိုက်ပျိုးရေးလုပ်ငန်းတွေဆောင်ရွက်ခဲ့ပြီး တစ်လုံးကို (8m x 30m) ကျယ်ဝန်းတဲ့ ဆိုလာစွမ်းအင်အသုံးပြု Green House ခြောက်လုံးနဲ့ ဆောင်ရွက်နေပါတယ်။ Green House ခြောက်လုံးအတွက် ငွေကျပ် ၆၂ ဒသမ ၄၉၆ သန်းနဲ့ Steel Structure၊ ပလတ်စတစ်အမိုးနဲ့ တည်ဆောက်ထားရှိပြီး ဆလတ်၊ နှမ်း၊ ငရုတ်၊ သခွား၊ မုန်ညင်း စတဲ့ သီးနှံစုံစိုက်ပျိုးကြပါတယ်။ ၂၀၂၄ ခုနှစ် နိုဝင်ဘာလအထိ သီးနှံစုံစိုက်ပျိုးမှုအတွက် ငွေကျပ် ၄ ဒသမ ၃၂၇ သန်း ရင်းနှီးစိုက်ပျိုးခဲ့ရာ အကျိုးအမြတ်အနေနဲ့ ငွေကျပ် ၇ ဒသမ ၀၁၂ သန်းရရှိခဲ့ပြီး မိသားစုဝင်ငွေ တိုးပွားစေခဲ့ပါတယ်။ လက်ရှိမှာလည်း ဆက်လက်စိုက်ပျိုးနေပါတယ်။ ဒါပေမဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွံ့ဖြိုးလာစေဖို့ လိုအပ်နေသေးတာဖြစ်လို့ Green House စနစ်ကို ပုဂ္ဂလိကလုပ်ငန်းရှင်တွေနဲ့ ချိတ်ဆက်ပြီး သမဝါယမစနစ်နဲ့ စုဖွဲ့ဆောင်ရွက်မယ်ဆိုပါက အခုထက်ပိုပြီး တွင်တွင်ကျယ်ကျယ် ဆောင်ရွက်လာနိုင်မှာဖြစ်တယ်လို့ သုံးသပ်တင်ပြအပ်ပါတယ်။ ။


# အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်း အစီအစဉ်(Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်း အစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMSများကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော် တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**





ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်း ပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)
- (၁) ၀၆၇- ၃၄၀၄၉၁၁၊ ၀၆၇- ၃၄၀၄၉၂၂၊ ၀၆၇- ၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၁

( ခ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၂

( ဂ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၇

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၈

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၀၉

( စ ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၀

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပို့ဝန်ဆောင်မှု(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၂

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၃

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၄

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၅

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန် (SMS) ၀၉- ၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကဒ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ၊ လျှော့ပေါ့ခွင့်ရသူများနှင့် ရွှေ့ဆိုင်းခွင့်ရသူများ

## ကင်းလွတ်ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေ ပုဒ်မ -၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) သာသနာ့ဝန်ထမ်းများ။

( ခ ) အိမ်ထောင်သည်အမျိုးသမီးများ ( အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်း ပါဝင်သည်)။

( ဂ ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။

(ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်း မသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။

( င ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

(က)ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တ ပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။

( ခ ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။

( ဂ ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင် (သို့မဟုတ်) အတတ်ပညာရှင်များ။

(ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ **မှတ်ချက်။** အကယ်၍ ၎င်း သားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။

( င ) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။

( စ ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။

(ဆ) တစ်ဆက်စပ်တည်း လုပ်သက် ၂ နှစ်နှင့် အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။

( ဇ ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေ လိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

## လျှော့ပေါ့ခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါ လျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

( ခ ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက်တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူ ဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

( ဂ ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့ နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ရွှေ့ဆိုင်းခွင့်

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ၊၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့်စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

( ခ ) နိုင်ငံ့ဝန်ထမ်းများ။

( ဂ ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

( င ) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

( စ ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက် သေဆုံးသွားခြင်း။

( ခ ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆ ဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

( ဂ ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

( င ) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေ လိုအပ်နေသူဖြစ်ခြင်း။

# ကျိုင်းတုံမြို့နယ်၌ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်း အခမ်းအနားကျင်းပ

**ကျိုင်းတုံ ဒီဇင်ဘာ ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်တွင် တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်းနှင့် ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက် ဆန်းစစ်စီမံခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂၄ ရက်က ဟိုကျင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

**အသိပညာပေးဟောပြော**

ဦးစွာ ရှမ်းပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးအောင်ကြည်ဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစောမင်းသူတို့က အဖွင့်အမှာစကားပြောကြားပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းတာဝန်များ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲတတ်စေသော ဆေးဝါးများအန္တရာယ်များ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ အမျိုးသမီးအခွင့်အရေး၊ မသန်စွမ်းအခွင့်အရေး၊ ကလေးသူငယ်အခွင့်အရေးနှင့် လူမှုရေးပင်စင်တို့နှင့်စပ်လျဉ်းသည့်ကိစ္စရပ်များ၊ ပတ်ဝန်းကျင်စီမံခန့်ခွဲမှုနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရဲတပ်ဖွဲ့ဝင်များက အသိပညာပေး ဟောပြောရှင်းလင်းဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒေသခံတိုင်းရင်းသားပြည်သူများက ကျေးရွာအတွင်း လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်ရေး၊ သောက်သုံးရေရရှိရေး၊ ကျန်းမာရေး၊ ပညာရေးဆိုင်ရာစသည့်ကိစ္စရပ်များကို ဆွေးနွေးကြသည်။

ယင်းနောက် ရှမ်းပြည်နယ်တိုင်းရင်းသာရေးရာဝန်ကြီးက အာခါတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့အား အလှူငွေများ ပေးအပ်ပြီး ဟိုကျင်းကျေးရွာရှိ တိုင်းရင်းသားများ၏ ရပ်ရွာအခြေပြုအသက်မွေးဝမ်းကျောင်းပညာလိုအပ်မှု ဆန်းစစ်စီမံခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



**အောင်ဇင်မြင့်(ပြန်/ဆက်)**

# ရွှေဘိုမြို့၌ မီးဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ ပေးအပ်

**ရွှေဘို ဒီဇင်ဘာ ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ မီးဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် အိမ်ဆောက်ပစ္စည်းဖိုးများ ပေးအပ်ခြင်းအခမ်းအနားကို ယမန်နေ့မွန်းလွဲ ၂ နာရီက အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေဘိုမြို့ အမှတ် (၁၀) ရပ်ကွက် နွားလေးကုန်းရပ်၌ ဒီဇင်ဘာ ၂၃ ရက်က ဖြစ်ပွားခဲ့သော မီးဘေးသင့်အိမ်နှစ်လုံး၊ အိမ်ထောင်စုသုံးစုမှ လူဦးရေ ၁၆ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၃၃၆၀၀၊ အိမ်ဆောက်ပစ္စည်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀ နှင့် သေဆုံးသူတစ်ဦးအတွက် ငွေကျပ် ၃၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၅၃၃၆၀၀ ကို ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ရွှေဘိုခရိုင်ရုံးမှ ပေးအပ်ခဲ့ပြီး ရွှေဘိုမြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက မီးဘေးသင့်ပြည်သူများအတွက် ဆန်၊ ဆီနှင့် ကြက်ဥများကိုလည်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ဆက်လက်ပြီး ရွှေဘိုခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန အနေဖြင့် မီးလောင်ရာတွင် ပျက်စီးသွားသည့် အိမ်ထောင်စုဇယားနှင့် မှတ်ပုံတင်များကိုလည်း အခမဲ့ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။




**ခရိုင်(ပြန်/ဆက်)**

# ရေနံချောင်း မူလတန်းကြိုကျောင်း၌ ကာယစွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲကျင်းပ

**ရေနံချောင်း ဒီဇင်ဘာ ၂၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရေနံချောင်း မူလတန်းကြိုကျောင်း၌ ကျောင်းသားကျောင်းသူများ၏ ကာယ၊ ဉာဏစွမ်းရည်များ အစဉ်ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ယမန်နေ့က ကာယစွမ်းရည်ပြိုင်ပွဲများနှင့် ဆုပေးပွဲအခမ်းအနားကို အဆိုပါကျောင်း၌ ကျင်းပသည်။

ဦးစွာ ရေနံချောင်းမူလတန်းကြိုကျောင်းမှ ကျောင်းသားကျောင်းသူများက ကာယစွမ်းရည် ပြိုင်ပွဲများဖြစ်သည့် အငယ်တန်းအဆင့် အံသွင်း၊ ကြိုးသီ၊ အလံစိုက်အားကစားပြိုင်ပွဲများကို လည်းကောင်း၊ အလတ်တန်းအဆင့် ဝက်အူရစ်၊ အရောင်ရွေးကြိုးသီ၊ မှိုစိုက်၊ အံသွင်း၊ ကြိုးထိုး၊ ကြက်ဥဇွန်းကိုက် အားကစားပြိုင်ပွဲများကို လည်းကောင်း၊ အကြီးတန်းအဆင့် ခြေပူးပြေး၊ အင်္ကျီဝတ်၊ အိတ်စွပ်ပြေး၊ အံသွင်း၊ ဂေါ်လီသယ်၊ စာအုပ်ရွက်၊ ကုလားထိုင်လုအားကစားပြိုင်ပွဲများကို လည်းကောင်း ပျော်ရွှင်စွာ ယှဉ်ပြိုင်ကစားကြသည်။



ယင်းနောက် ကာယစွမ်းရည်အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများအား ရေနံချောင်းမူလတန်းကြို ကျောင်းအုပ်ဆရာမကြီး ဒေါ်ပပအုန်းနှင့် ဆရာမများက ဆုကလပ်များ ပေးအပ်ချီးမြှင့်ပြီး အဆိုပါ အားကစားပြိုင်ပွဲများကို ကျောင်းသား ကျောင်းသူများ၏ မိဘအုပ်ထိန်းသူများ လာရောက်ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ၏အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့်စပ်လျဉ်း၍ အငြင်းပွားမှု ပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့်လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားပါဝင်သော အဖွဲ့အစည်းနှင့်ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ (၇) ရရှိသူ လိုက်နာရမည့် စည်းကမ်းချက်များ

(က) ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့်အတိုင်း လယ်ယာမြေကို လုပ်ကိုင်ရမည်။

(ခ) လယ်ယာမြေနှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေတစ်ရပ်ရပ်အရ စည်းကြပ်သောမြေခွန်နှင့် အခြားအခွန်အခများကို ပေးဆောင်ရမည်။

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်းနှင့် ပေးကမ်းခြင်းတို့ကို ဆောင်ရွက်သည့်အခါ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က သတ်မှတ်သည့်တန်ဖိုးနှင့်အညီ တည်ဆဲဥပဒေအရ သတ်မှတ်သော တံဆိပ်ခေါင်းခွန်နှင့် ဦးစီးဌာနကသတ်မှတ်သည့် စာချုပ်စာတမ်းမှတ်ပုံတင်ခတို့ကို ပေးဆောင်၍ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(ဃ) တည်ဆဲဥပဒေနှင့်အညီ အမွေဆက်ခံခြင်းဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်ကို ရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနရုံးတွင် မှတ်ပုံတင်ရမည်။

(င) စိုက်ပျိုးထုတ်လုပ်မှု အရင်းအနှီးအတွက်သာ လယ်ယာမြေလုပ်ပိုင်ခွင့်ကိုပေါင်နှံခွင့်ရှိပြီး အစိုးရဘဏ် သို့မဟုတ် အစိုးရက အသိအမှတ်ပြုသောဘဏ်တွင်သာ ပေါင်နှံရမည်။

(စ) လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ။

(ဆ) လယ်ယာမြေကို ရာသီသီးနှံအမျိုးအစားမှ အခြားသီးနှံအမျိုးအစားသို့ ခွင့်ပြုချက်မရှိဘဲ ပြောင်းလဲစိုက်ပျိုးခြင်းမပြုရ။

(ဇ) ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ လယ်ယာမြေကို လှပ်ထားခြင်းမပြုရ။ သို့ရာတွင် လယ်ယာမြေကို လှပ်ထားရန် အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်ပါက မြေတည်ရှိရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့မှတစ်ဆင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့သို့ တင်ပြရမည်။ ယင်းသို့ လှပ်ထားခြင်းသည်လည်း ရွှေ့ပြောင်းတောင်ယာမြေမှအပ နှစ်နှစ်ဆက်တိုက်ထက်မပိုစေရ။

(ဈ) လယ်ယာမြေလုပ်ပိုင်ခွင့်မရမီကာလအတွင်း သို့မဟုတ် လယ်ယာမြေလုပ်ပိုင်ခွင့်နှင့်စပ်လျဉ်း၍ အငြင်းပွားမှု ဖြစ်ပေါ်နေသောကာလအတွင်း လယ်ယာမြေကို ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် ပေးကမ်းခြင်းမပြုရ။

ထို့အပြင် လယ်ယာမြေနှင့်စပ်လျဉ်း၍ သက်ဆိုင်သူမည်သူမဆို သက်ဆိုင်ရာလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့အဆင့်ဆင့်က ဥပဒေနှင့်အညီ ချမှတ်ထားသောအမိန့်ကို လိုက်နာရမည်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ၁၃)

**ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့**

# ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၌ စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၅

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်မှ အောင်မြင်တော်မူကြသော ရဟန်း၊ သာမဏေ၊ သီလရှင်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ဆက်ကပ်လှူဒါန်းခြင်း စုဋ္ဌဘွဲ့နှင်းသဘင်အခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အောင်ဗောဓိဆုတောင်းပြည့်စေတီတော်ရှိ သာသနသောဘိဏီ (ထက်လင်းသိမ်တော်ကြီး)၌ ကျင်းပသည်။



ဦးစွာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ဦးဆောင်နာယက မြို့နယ်သံဃနာယက (သုဓမ္မာ)ဥက္ကဋ္ဌ ဆရာတော်က ဩဝါဒကထာ ချီးမြှင့်ရာ ညှော့ပရိသတ် အပေါင်းတို့က ငါးပါးသီလ ခံယူဆောက်တည်ပြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစန်းလွင်က သာသနာရေး ဆိုင်ရာများ လျှောက်ထားတင်ပြသည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစန်းလွင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အလှူရှင်များက အောင်မြင်တော်မူသည့် သံဃာတော်၊ သာမဏေ၊ သီလရှင် ၁၇၃ ပါးတို့အား အောင်လက်မှတ်နှင့် ဝတ္ထုငွေတို့ကို ဆက်ကပ်လှူဒါန်းကြကြောင်း သိရသည်။

**နေမျိုးအောင်(ဒဂုံတောင်)**

# မြင်းခြံမြို့၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင်ဆုနှင်းသဘင် ကျင်းပ

မြင်းခြံ ဒီဇင်ဘာ ၂၅

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ ကုက္ကိုတောရ ပရိယတ္တိစာသင်တိုက်၌ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲ စာအောင်ဆုနှင်းသဘင်ကို ယနေ့နံနက် ၈ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ကုက္ကိုတောရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးပဏ္ဍာဝံသနှင့် ရွှေဘုံသာပရိယတ္တိစာသင်တိုက်ကျောင်းအုပ်ဆရာတော် ဦးခေမာစာရတို့က ဩဝါဒများမိန့်ကြားသည်။ ထို့နောက် အဘိဓမ္မာပြန့်ပွားရေးကော်မတီဥက္ကဋ္ဌ ဒေါ်အိမ်ကြည်က ဆုနှင်းသဘင်ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဘိဓမ္မာနှင့် ဝိသုဒ္ဓိမဂ်စာအောင်ဆုရရှိသူများအား ကုက္ကိုတောရပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် ဦးပဏ္ဍာဝံသနှင့် သံဃာတော်များ၊ တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

**ကျော်စွာ(မြင်းခြံ)**



# ဟိုပုံးမြို့ မြို့မဈေးအတွင်း၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြ

ဟိုပုံး ဒီဇင်ဘာ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ မြို့မဈေးအတွင်း၌ မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို ယနေ့နံနက် ၉ နာရီက ကျင်းပသည်။



**ဇာတ်တိုက်လေ့ကျင့်သရုပ်ပြ**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးကျော်မိုးနိုင်က မီးသတ်ဆေးဘူးများထားရှိရေး၊ ဆေးဘူးများကို စနစ်တကျအသုံးပြုတတ်စေရေး၊ အခြေခံမီးသဘောတရားများ၊ မီးလောင်ခြင်းအမျိုးမျိုး၊ ကြိုတင်ကာကွယ်ရမည့်ပစ္စည်းများ ထားရှိရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ စနစ်တကျကြိုတင်ဆောင်ရွက်ရေး၊ မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်ခြင်း၊ မီးအတန်းအစားများအား ရှင်းလင်းခြင်း၊ မီးငြိမ်းသတ်နည်း လေးနည်းတို့ကို ဈေးသူ ဈေးသားများအား ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးဦးဆောင်သော တပ်ဖွဲ့ဝင်များက အရေးပေါ်မီးငြိမ်းသတ်မှုနှင့် မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်းတို့ကို ဇာတ်တိုက်လေ့ကျင့် သရုပ်ပြသခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည် -

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများတပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သောဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# ကြွပ်ကြွပ်အိတ်ထဲက သီလ

ဓမ္မဒူတဒေါက်တာအရှင်ဆေကိန္ဒ

(၁၂-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

ဧည့်သည်ဆိုတာ သံသရာခရီးကို ဆက်ကာဆက်ကာ သွားနေရတာဆိုတော့ ဒါန၊ သီလ ဘာဝနာဆိုတဲ့ ရိက္ခာထုပ်တွေပါရပါမယ်။ ဒါနအထုပ်တွေကို ပြည့်ပြည့်စုံစုံထုပ်ပြီး သံသရာခရီးမှာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ချမ်းချမ်းသာသာနေနိုင်ဖို့ ပါသွားရမယ်။

သီလအထုပ်တွေကို ပြည့်ပြည့်စုံစုံထုပ်ပြီး သံသရာခရီးမှာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် ကျန်းကျန်းမာမာနေနိုင်ဖို့ ပါသွားရမယ်။

ဘာဝနာအထုပ်တွေကို ပြည့်ပြည့်စုံစုံထုပ်ပြီး သံသရာခရီးမှာ နိဗ္ဗာန်ရောက်သည့်တိုင်အောင် စိတ်ချမ်းသာစွာနဲ့ အသိဉာဏ်ရှိရှိနေနိုင်ဖို့ ပါသွားရမယ်။

အခုတော့ မိမိတို့မှာပါတဲ့ ဒါနအထုပ်ကလည်း မပြောပလောက်ပါဘူး။

အလှူဒါန ရိက္ခာထုပ်ကို ပြန်ကြည့်ရင် အားရစရာမရှိပါဘူး။

သီလသိက္ခာအထုပ်ကို ကြည့်ပြန်တော့လည်း ကိုယ့်သီလကိုယ်ပြန်ကြည့်မိတာနဲ့ ကိုယ့်ဟာကိုယ် စိတ်ပျက်စရာဖြစ်သွားရတယ်။ ရှေ့ဆက်ပြီး ဒီသီလနဲ့ ခရီးသွားရမှာတောင် တွန့်နေမိတယ်။

တပည့်တော်တို့က ငါးပါးသီလတွေလုံပါတယ်။ အပါယ်လေးဘုံကို လုံးဝမကျတော့ပါဘူး။ လူချမ်းသာ၊ နတ်ချမ်းသာ ကြိုက်တာယူနိုင်တယ်ဆိုတဲ့ ဒီလိုစိတ်မျိုး အခုအထိ မထားရဲသေးပါဘူး။ ကိုယ့်သီလကမှ မလုံဘဲ။ ကိုယ့်သီလကမှ မဖြူဘဲ။ ကိုယ့်သီလကမှ မစင်ကြယ်ဘဲဖြစ်နေတော့ သံသရာမှာ ရဲဝံ့တဲ့စိတ် ဘယ်မှာထားရဲပါ့မလဲ။

တရားစခန်းတွေဝင်၊ တရားတွေ အားထုတ်နေကြတဲ့၊ တရားနဲ့ယှဉ်တဲ့သူတွေပါ၊ သူတော်ကောင်းတွေပါလို့ ကိုယ့်ကိုယ်ကိုယ်ဘယ်လောက်ပြောပြော သီလမလုံရင် ဘာတရားမှမရှိနိုင်ပါဘူး။ တရားတွေ ဘယ်လောက် အားထုတ်ထားထား သီလမလုံရင် ဘာမှ သုံးစားလို့မရနိုင်ပါဘူး။

သီလတရားတွေကို လုံလိုက်ကြစမ်းပါ။ သူများအသက် ဘာလို့သတ်မှာလဲ။ သူများဥစ္စာ ဘာလို့ ခိုးမှာလဲ။

ကိုယ်သေမှာ ကြောက်သလို သူများလည်း သေမှာကြောက်တာပေါ့။ ဘာဖြစ်လို့ သူများကို သတ်မှာလဲ။ ဒုက္ခပေးရမှာလဲ။ ကိုယ့်ရှိတာလေးနဲ့ ကိုယ်စားပေါ့။ ဘာဖြစ်လို့များ သူများပစ္စည်းကို မတရားသဖြင့် ခိုးယူ တိုက်ယူ လုယူချင်ရတာလဲ။

ကိုယ့်ပစ္စည်းကို ကိုယ်က မပေးချင်သလို သူများကလည်း ဘယ်မှာလာပြီး ပေးချင်ရှာမှာလဲ။ မသတ်ကြပါနဲ့၊ မခိုးကြပါနဲ့။ အဲဒီလိုပါပဲ။ သူများအိမ်ရာကို မလွန်ကျူးကြပါနဲ့၊ လိမ်ညာဝါကြွားပြီး မုသားမပြောကြပါနဲ့။ သေရည်သေရက် မူးယစ်ဆေးဝါးတွေကို မမှီဝဲကြပါနဲ့။

စဉ်းစားကြစမ်းပါ။ သီလတွေ လုံလိုက်ကြစမ်းပါ။ ငါးပါးသီလမှ မလုံဘူးဆိုရင် ဘာတရားမှမရှိတော့ဘူးလို့ ပြောနိုင်တယ်။

အကြိမ်များစွာ တရားထိုင်ဦးတော့ သီလမလုံရင် အဲဒီတရားထိုင်တာဟာ ဘာကို ဘယ်လိုများ သွားအားကိုးရမှာလဲ။

နားလည်စေချင်ပါတယ်။

သိစေချင်ပါတယ်။

ကိုယ်တိုင်လည်း သိစေချင်တယ်။

ကိုယ့်ပတ်ဝန်းကျင်တွေကိုလည်း သိစေချင်ပါတယ်။

ဦးပဥ္စင်းတို့ လူ့ဘဝ အင်ဂျင်နီယာဘဝကနေပြီး သာသနာ့ဘောင်ရောက်တယ်ဆိုတာ ဘာဖြစ်လို့လဲ လို့မေးရင် 'သူတော်ကောင်း' ဖြစ်ချင်လို့ဆိုတာ အချက်တစ်ချက်အနေနဲ့ပါပါတယ်။

ကိုယ်လည်း သူတော်ကောင်းဖြစ်ချင်ပါတယ်။ ကိုယ်နဲ့ပေါင်းတဲ့သူတွေကိုလည်း သူတော်ကောင်းဖြစ်စေချင်ပါတယ်။

ကိုယ်တိုင်လည်း သူတော်ကောင်းနဲ့ပဲတွေ့ချင်တယ်။ သူတော်ကောင်းနဲ့ပဲ ပေါင်းချင်တယ်။ သူတော်ကောင်းနဲ့ပဲ စကားတွေပြောချင်တယ်။ သူတော်ကောင်းနဲ့ပဲ ဆက်ဆံချင်ပါတယ်။

မှတ်မိပါသေးတယ်။

ငယ်ငယ်တုန်းက၊ ငယ်တုန်းကဆိုတာ သိပ်တော့ မငယ်ပါဘူး။

ကိုးတန်း၊ ဆယ်တန်းအရွယ်ပေါ့။

သူတော်ကောင်း ဖြစ်ချင်တယ်။

သူတော်ကောင်း လိုက်ရှာတယ်။

သူငယ်ချင်းတွေနဲ့ ပေါင်းရင်တောင် သူတော်ကောင်း သူငယ်ချင်းတွေကိုပဲ လိုက်ရှာပြီးပေါင်းတာ။

ငယ်တုန်းက ရှာတာနဲ့ အခုရှာတာ မတူတော့ဘူးပေါ့။ ငယ်တုန်းက ဘယ်သူ သူတော်ကောင်းလဲ၊ မျက်လုံးလေးဖြဲပြီး သေချာလိုက်ရှာတာ။

ဟာ..သူတော်ကောင်းနဲ့တူတယ် ဆိုပြီးတော့ ပေါင်းကြည့်တယ်၊ ပေါင်းမိတယ်။ တကယ် ပေါင်းကြည့်တော့ သူတော်ကောင်းအစစ်တွေ မဟုတ်တာ များပါတယ်။

သူတော်ကောင်းဖြစ်ချင်သူတွေက သူတော်ကောင်းတွေကိုလိုက်ရှာပြီး ပေါင်းကြ သင်းကြတာ သဘာဝပါပဲ။ ငယ်တုန်းက သူငယ်ချင်းတွေ တစ်ရာလောက်တွေ့ခဲ့တယ်ဆိုပါစို့။

သူတော်ကောင်း သူငယ်ချင်းတွေဆိုတာ အရေအတွက် နည်းပါတယ်။

အဲ..နောက်ကျမှစဉ်းစားမိတယ်။ သူတော်ကောင်းနဲ့ ဘယ်လိုပေါင်းမလဲ၊ ရှာမလဲပေါ့။

သူတော်ကောင်းနဲ့ တကယ်တွေ့ချင်လား။ တွေ့ချင်တာပေါ့။



သူတော်ကောင်းနဲ့တွေ့ချင်ရင် လိုက်မရှာနဲ့တော့။

ကိုယ့်ကိုယ်ကိုယ်ဆုံးမတာကို ပြောပါတယ်။

ဟာ... လိုက်မရှာလို့ ဘယ်လိုလုပ်ပြီး သူတော်ကောင်းတွေနဲ့ တွေ့နိုင်ပါ့မလဲ။ သူတော်ကောင်းဆိုတာ ရှာတာတောင် မတွေ့ရတဲ့အထဲ လိုက်မရှာရင် ပိုပြီးမတွေ့မှာပေါ့။

မဟုတ်ဘူးကွယ့်။

မင်း အဲဒီပကတိမျက်စိနဲ့။ သာမန်မျက်စိလေးနဲ့ သူတော်ကောင်းကို လိုက်မရှာနဲ့။

တကယ်သူတော်ကောင်းနဲ့ တွေ့ချင်ရင် ကိုယ်ကိုယ်တိုင် သူတော်ကောင်းဖြစ်အောင်လုပ်ရမှာလို့ တကယ်သဘောပေါက်ခဲ့ပါတယ်။ အားလုံးကိုလည်း အဲဒီလို အမှန်အတိုင်း သဘောပေါက်စေချင်ပါတယ်။ ။

**ဓမ္မဒူတ ဒေါက်တာအရှင်ဆေကိန္ဒ၏ "ဧည့်သည်" စာအုပ်မှ ဆရာတော်၏ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြပါသည်။**

# သမာဓိ စသည်အပေါ် မရိုမသေမှု

(၁၂-၁၂-၂၀၂၄ ရက်နေ့မှအဆက်)

ကျွန်တော်တို့သည် အပ္ပမာဒ ခေါ် သတိကို အမြဲတမ်းမွေးထားနိုင်လျှင် အကုသိုလ်နှင့် တွေ့ကရှောင်နိုင်သလို ကုသိုလ်နှင့် တွေ့ကလည်း ပြုမိအောင် ပြုပေလိမ့်မည်။ ထို့ကြောင့် သတိ ခေါ် အပ္ပမာဒတရားကို ကျွန်တော်တို့ လက်လွတ်စပယ် မထားသင့်ချေ။

ထို့အတူ ပဋိသန္ထာရ ခေါ် ဆက်ဆံမှုအပိုင်းပေါ်၌ မရိုသေမှုဟူသည်- ကျွန်တော်တို့ကိုးကွယ်ရာ ရဟန်းသံဃာနှင့် ကျွန်တော်တို့ ဆက်ဆံမှုအပိုင်းတို့၌ ဗုဒ္ဓအဆုံးအမနှင့်အညီ ဆက်ဆံမှုမပြုခြင်းပင် ဖြစ်သည်။

ကျွန်တော်တို့ အထူးသတိပြုရမည်မှာ ဆက်ဆံရေးနယ်ပယ်၌ မေတ္တာကိုအရင်းခံပြုပြီး အပြစ်မဖြစ်အောင် ဆက်ဆံတတ်ဖို့ပင်ဖြစ်သည်။

ယခုဖော်ပြပါ အချက်(၇)ချက်အပေါ်၌ အဂါရဝ မရှိသေ၊ မလေးစားလျှင် သာသနာတော်ပျက်စီးနိုင်သလို ထိုအချက်(၇)ချက်ကို ရိုသေလေးစားသွားကြမည်ဆိုပါက သာသနာတော်တည်တံ့ခြင်း အကြောင်းကို အားဖြည့်အထောက်အကူပြုသွားနိုင်သလို ဗုဒ္ဓသာသနာဝင်အားလုံးမှာလည်း စည်းလုံးညီညွတ်မှုကို ရရှိသွားနိုင်ပြီသာဖြစ်သည်။

ထို့ကြောင့် ဖော်ပြပါအချက်(၇)ချက်တို့ကို ရိုရိုသေသေ လေးလေးစားစားပြုခြင်းဖြင့် ဗုဒ္ဓမြတ်စွာသာသနာတော်ကြီး မိမိသန္တာန်မှစ၍ ဆက်လက်တည်တံ့နေအောင် ကြိုးစားသွားရန်ဖြစ်သည်။

## ပရိတ်ရွတ်မှု နာမှု

ကျွန်တော်တို့သည် ဗုဒ္ဓဘုရားရှင်ဟောကြားတော်မူခဲ့သော ပရိတ်တရားတော်များကို ဘေးဥပဒ်




အန္တရာယ် အသွယ်သွယ်တို့မှ ကင်းရှင်းရေး၊ ကျန်းမာချမ်းသာစွာဖြင့် အလုပ်အကိုင် အကြံအစည် စသည်များ ဖြစ်ထွန်းအောင်မြင်ရေးစသော အရေးအရာတို့အတွက် ပရိတ်ရွတ်ခြင်း၊ နာယူခြင်းများကို အလေးအနက် တန်ဖိုးထား၍ ပြုလုပ်လေ့ရှိပေသည်။

ဤပရိတ်ရွတ်မှု၊ နာမှုအလေ့သည် ကျွန်တော်တို့ နိုင်ငံ၌ ဗုဒ္ဓသာသနာတော် စတင်ထွန်းကားရာ ပုဂံခေတ်မှသည် ယနေ့အထိပင် ပြုလုပ်သော ဘာသာရေးဆိုင်ရာ ကျင့်ထုံးတစ်ခုဖြစ်သည်။ စင်စစ် ပရိတ်ရွတ်မှုနာယူမှုသည် ဗုဒ္ဓသာသနာတော် တည်ရှိသည်နှင့်အမျှ တည်ရှိနေဦးမည့် အလေ့အထလည်း ဖြစ်သည်။

ပရိတ်သည် ပရိတ္တ-ဟူသောပါဠိမှ ဆင်းသက်လာပြီး အဓိပ္ပာယ်မှာ "ပရိတ်ရွတ်သူ၊ နာသူတို့ကို ဘေးအန္တရာယ်အမျိုးမျိုးမှ ကာကွယ်စောင့်ရှောက်ပေးသည်" ဟူ၍ဖြစ်သည်။

သို့ဖြင့် ကျွန်တော်တို့သည် နေ့စဉ် ပရိတ်တော်များကို တစ်သုတ်စ၊ နှစ်သုတ်စမှစ၍ ရသလောက် ရွတ်ပွားကြသလို ရဟန်းသံဃာတော်များကိုပင့်၍ မိမိအိမ်မှာ၊ မိမိလမ်းမှာ၊ မိမိရွာမှာ၊ ရွတ်ဖတ်စေပြီး နာယူခြင်းအလေ့ကိုလည်း အခါအားလျော်စွာ ပြုလုပ်လေ့ရှိကြပေသည်။

သို့သော် ပရိတ်ရွတ်မှု၊ နာမှုနှင့်စပ်လျဉ်း၍ ကျမ်းဂန်များတွင် ရွတ်သူ၊ နာသူတို့မှာ ပြည့်စုံရမည့် အရည်အချင်းများကို ဖော်ပြထားလေသည်။ ထိုအင်္ဂါရပ်များကိုလည်း ပရိတ်နှင့်မကင်းနိုင်ကြသော ကျွန်တော်တို့အဖို့ လေ့လာစရာအဖြစ် အကျေအညက်၊ အမိအရ လေ့လာထားဖို့ လိုပေသေးသည်။

ပရိတ်ရွတ်သူအတွက် ပြည့်စုံရမည့် အင်္ဂါရပ်ကို ဖော်ပြရာတွင်-

၁။ မိမိရွတ်သည့်ပရိတ်တရားတော်၏ ပုဒ်ပါဠိအက္ခရာတို့ကို မှန်မှန်ကန်ကန်ရွတ်နိုင်ခြင်း၊ ၂။ ရွတ်နေစဉ် အနက်အဓိပ္ပာယ်ကို သိနားလည်သွားခြင်း၊ ၃။ ပစ္စည်းလာဘ်လာဘကိုမျှော်ကိုး၍ ရွတ်နေခြင်းမျိုးမဟုတ်ခြင်း၊ ၄။ သတ္တဝါအားလုံးအပေါ်၌ မေတ္တာထား၍ ရွတ်ဆိုခြင်းတို့ဖြစ်သည်။

ဖော်ပြပါ အင်္ဂါရပ် လေးချက်နှင့်ပြည့်စုံသော ပုဂ္ဂိုလ်၏ ရွတ်ဖတ်သော ပရိတ်တရားအာနိသင်သည် မပြည့်စုံသူရွတ်ဖတ်သော ပရိတ်တရားအာနုဘော်ထက်ပိုပြီး အစွမ်းအာနိသင်ထက်မြက်မည်မှာ ယုံမှားသံသယဖြစ်စရာမရှိချေ။

ထို့အတူ နာသူဘက်ကလည်း ၁။ ပဉ္စာနန္တရိယကံကို မကျူးလွန်ခြင်း၊ ၂။ မိစ္ဆာဒိဋ္ဌိအယူမရှိခြင်း၊ ၃။ ပရိတ်တရားတော်အပေါ် ယုံကြည်မှုအပြည့်အဝရှိခြင်းတို့ ဖြစ်ပေသည်။ ဤအင်္ဂါသုံးတန်နှင့်ညီသော ကြားနာသူ၏ ပရိတ်နာခြင်းအကျိုးကျေးဇူးသည် မပြည့်စုံသူကြားနာခြင်း ပရိတ်တရားကျေးဇူးထက်ပို၍ အစွမ်းသတ္တိရှိမည်မှာ သေချာလှပေသည်။

သို့အတွက် ဤအချက်အလက်များကို ကျွမ်းကျွမ်းကျင်ကျင် သိရှိသူများသည် ပရိတ်တရားနာတော့မည်ဟု ကြံစည်စဉ်ကပင် အဘက်ဘက်မှ လိုကွက်ဟာကွက် မရှိရလေအောင် ပြင်ဆင်ပြီး နာယူလေ့ရှိကြသည်။ **(ဆက်လက်ဖော်ပြပါမည်)**

## "သံစဉ်ဝေဖြာ မနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို မြန်မာ့ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် ဒီဇင်ဘာ ၂၅

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်လျက်ရှိရာ မကြာမီရောက်ရှိတော့မည့် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့နှင့် (၇၈) နှစ်မြောက် ပြည်ထောင်စုနေ့တို့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ နာမည်ရ တိုင်းရင်းသားတေးသံရှင်များက ပွဲစဉ် (၇)ပွဲဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်အထိ အပတ်စဉ်သောကြာနေ့ညတိုင်း ဖျော်ဖြေတင်ဆက်မည်ဖြစ်၍ ပထမပွဲစဉ်ဖြစ်သည့် "သံစဉ်ဝေဖြာ မနောအလှကဗျာ" တေးဂီတဖျော်ဖြေပွဲကို ဒီဇင်ဘာ ၂၇ ရက် သောကြာနေ့ ည ၉ နာရီတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါ တေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံတေးဂီတအဖွဲ့၏ တီးခတ်မှုနှင့်အတူ ကချင်တိုင်းရင်းသား တိုင်းရင်းသူ တေးသံရှင်များဖြစ်ကြသည့် ဆာမူလေ၊ လောဒ်အောင်၊ ဘောမ်ယိန်း၊ ဆိုင်းဆာ၊ ယုံးယုံးနှင့် ဘောမ်ဖုံးထန့်တို့က ကချင်ပြည်နယ်၏ သာယာလှပမှု၊ ကချင်လူမျိုးတို့၏ ရိုးရာဓလေ့နှင့် ဖြူစင်ရိုးသားမှု၊ ရင်းနှီးခင်မင်မှုနှင့် ချစ်ခြင်းမေတ္တာကြီးမားမှု တေးသီချင်းကောင်းများကို ကချင်၊ ဗမာ နှစ်ဘာသာဖြင့် သီဆိုဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့မှလည်း လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည့်အပြင် ဒီဇင်ဘာ ၂၉ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း MRTV HD Channel မှ Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




## ၂၀၂၄ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် ထွက်ရှိ

ရန်ကုန် ဒီဇင်ဘာ ၂၅

၁၉၇၃ ခုနှစ် ဇူလိုင်လမှ စတင်ထုတ်ဝေခဲ့ပြီး နှစ်ပေါင်း ၅၀ ကျော် စာချစ်သူများ လက်ခံအားပေးလာခဲ့သော သုတပဒေသာစာစောင်ကို ၂၀၂၂ ခုနှစ် ဒီဇင်ဘာလမှစ၍ သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ဟု အမည်ပြောင်းလဲကာ မျက်နှာဖုံးဒီဇိုင်း၊ အကြောင်းအရာနှင့် စာအုပ်အပြင်အဆင်တို့ အပြောင်းအလဲများပြုလုပ်ပြီး ဆယ်ကျော်သက်လူငယ်များကို ဦးတည်ပရိသတ်အဖြစ်ထားကာ လစဉ်ထုတ်ဝေလျက်ရှိသည်။ နိုင်ငံတကာထုတ် စာအုပ်စာစောင်များမှ ကောင်းနိုးရာရာ ခေတ်မီအကြောင်းရပ်များနှင့် ယခုလအတွက်ဖော်ပြသည့် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME ကို အားပေး" မျက်နှာဖုံးဆောင်းပါးကြီးများ ပါဝင်သော သုတပဒေသာနှင့် လူငယ်ရေးရာစာစောင် (ဒီဇင်ဘာလ) ကို ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်က ဖြန့်ချိလိုက်ပြီဖြစ်သည်။

၂၄၂၄ ခုနှစ် ဒီဇင်ဘာလထုတ် သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်တွင် ဒေါက်တာခင်မောင်ညို၊ K.M.A၊ သန့်လွင်ထွန်း (MPA) တို့၏ "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး MSME ကို အားပေး" မျက်နှာဖုံးဆောင်းပါးများ၊ နေညိုယဉ်၊ ကောင်းသန့်၊ မောင်ဒီပ (ပညာရေး)၊ ညီမော်သိမ်း၊ နေသူရိန်၊ မြသိန်း၊ ဒေါက်တာလွင်သန့်၊ စန်းနီလာဝင်း၊ ကိုမောင်မြင့် (Love of Wisdom) တို့၏ လူငယ်ရေးရာဆောင်းပါးများ၊ အေးထွန်းမင်း၊ ဝင်းထွဋ်ဦး၊ ကိုကိုအောင် (အလုပ်သမား) တို့၏ နိုင်ငံတကာဆိုင်ရာဆောင်းပါးများ၊ မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်)၊ စောနိုင် (အသုံးချဘောဂဗေဒ)တို့၏ စီးပွားရေးဆိုင်ရာဆောင်းပါးများ၊ ရဲထက်ဇော်၊ လဲ့လဲ့ဝင်း (သတ္တဗေဒ) တို့၏ သဘာဝပတ်ဝန်းကျင်ရှုထောင့်ဆိုင်ရာဆောင်းပါးများ၊ ရန်ကုန်ငွေးဇော်၏ မူးယစ်ဆေးဝါးဆိုင်ရာဆောင်းပါး၊ နေ၏ လူကုန်ကူးမှုဆိုင်ရာဆောင်းပါး၊ ဒေါက်တာမြင့်သန်းထွန်း (ပြည်သူ့ကျန်းမာရေး)၏ ကျန်းမာရေးဆိုင်ရာဆောင်းပါး၊ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ စိုးစိုး (ပန်းတောင်း)၊ ခိုင်ဇော် (ဒဿန)၊ ညီညီဖေ၊ ထက်ဝေအောင် (စစ်ကိုင်း)၊ ဆောင်းဝင်းလတ်၊ နွေကံ့ကော် (မြို့လှ)၊ မော် (သန်လျင်) တို့၏ ကဗျာ၊ ဟာသ၊ ဖြစ်ရပ်မှန်နှင့် အထွေထွေကဏ္ဍများကို ရောင်စုံ၊ ဖြူ/မည်း သရုပ်ဖော်ပုံ ဝေဝေဆာဆာဖြင့် စီစဉ်တင်ဆက်ထားသည်။

သုတပဒေသာနှင့် လူငယ်ရေးရာစာစောင်ကို တစ်အုပ်လျှင် ကျပ် ၂၅၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (တ-၅၅) သပြေကုန်းဈေး နေပြည်တော် စာအုပ်ဆိုင် ဖုန်း -၀၉- ၄၄၉၅၄၀၆၆၇၊ ဖုန်း- ၀၆၇-၃၄၁၄၆၈၁၊ စာပေဗိမာန်စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ စာပေဗိမာန် စာအုပ်အရောင်းဆိုင် ၈၆ လမ်း၊ ၂၁ လမ်းနှင့် ၂၂ လမ်းကြား မန္တလေး ဖုန်း - ၀၂-၄၀၃၀၁၈၆၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားမှာယူလိုပါက စာပေဗိမာန် စာအုပ်အရောင်းဆိုင် အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း- ၀၁-၈၂၄၉၀၃၁၊ ၀၁- ၈၃၈၁၄၄၈ သို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ ကျောဖုံးမှ**

ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ငဖဲမြို့နယ်အတွင်း ဆီထွက်သီးနှံစိုက်ပျိုးစွမ်းအားတိုးတက်စေရန်၊ ဆီစားသုံးမှုဖူလုံစေရန်နှင့် တောင်သူများ သီးနှံဝင်ငွေ တိုးပွားစေရန် ရည်ရွယ်ပြီး မြေပဲ၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းကို စိုက်ပျိုးကြကြောင်း၊ သတ်မှတ်လျာထားဧကပြည့်မီရန်နှင့် အထွက်နှုန်းကောင်းမွန်စေရန် အတွက် ဒေသခံတောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ၊ စိုက်နည်းစနစ်များကို စနစ်တကျစိုက်ပျိုးနိုင်ရေး တောင်သူအသိပညာပေးခြင်းများရှိပြီး သက်ဆိုင်ရာကွင်းဝန်ထမ်းများကလည်း ကွင်းဆင်းကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ပြောသည်။

ငဖဲမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် ဆီထွက်သီးနှံ (ဆောင်း)များအဖြစ် လက်ရှိအချိန်ထိ မြေပဲ ၁၅၁ ဧက၊ နေကြာ ၅၁၇ ဧက၊ နှမ်းဧက ၁၂၀ နှင့် ပန်းနှမ်း ၇၆ ဧက စုစုပေါင်း ၈၆၄ ဧက စိုက်ပျိုးပြီးစီးပြီး ဒေသခံတောင်သူများအနေဖြင့် လျာထားချက်ပြည့်မီရေး စိုက်ပျိုးဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ်တွင် ဆီထွက်သီးနှံအဖြစ် နေကြာကို ပိုမိုစိုက်ပျိုးနိုင်ခဲ့ကာ ရေမြေရာသီဥတုနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်း သိရသည်။

**မယု(ငဖဲ)**

**❋ အာဆင်နယ်အသင်းမှ**

ဂိုးဖန်တီးမှု ၁၃ ကြိမ် ပြုလုပ်ထားတာဖြစ်ပါတယ်။

တိုက်စစ်မှူး ဆာကာ ဒဏ်ရာကနေ ပြန်ကောင်းလာမယ့်အချိန်ကို မပြောနိုင်ပေမယ့် သီတင်းပတ်ပေါင်းများစွာ အနားယူရမှာတော့ သေချာတယ်လို့ နည်းပြအာတီတာက ဆိုပါတယ်။

လက်ရှိအချိန်မှာ အာဆင်နယ်အသင်းမှာ ဆာကာအပါအဝင် အဓိကကစားသမားတချို့ ဒဏ်ရာပြဿနာ ကြုံနေရတာဖြစ်ပါတယ်။

အာဆင်နယ်အသင်းဟာ လာမယ့်ပရီမီယာလိဂ်ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်မှာ အိမ်ကွင်း အမ်းမရိတ်၌ အစ်ဆွစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်းဖြစ်ပါတယ်။

**ငွေကြယ်**

**သင့်စီးပွားရေးလုပ်ငန်းများ အောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့**

**❖ 37th မှ**

မြန်မာဂေါက်သီးရိုက်အသင်းအား အမှတ်တရဂုဏ်ပြုလက်ဆောင်ပေးအပ်ရာ မြန်မာဂေါက်သီးရိုက်အသင်းအတွင်းရေးမှူး ဦးသက်ဇော်လှိုင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဦးအိုက်ပန်းက အသက် ၁၂ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၈၀ ဖြင့် တတိယဆုရရှိသော ရဲမင်းသန့်၊ စုစုပေါင်းရိုက်ချက် ၁၇၇ ချက်ဖြင့် ဒုတိယဆုရရှိသော ဇာနည်ထွန်းဝင်း၊ စုစုပေါင်းရိုက်ချက် ၁၆၃ ချက်ဖြင့် ပထမဆုရရှိသော ထူးမြတ်အောင်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင် ဒေါ်မြင့်မြင့်သန်းက (အမျိုးသမီး) ၁၈ နှစ်အောက်သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၂၀၆ ချက်ဖြင့် တတိယဆုရရှိသော ဆုလဲ့အောင်၊ စုစုပေါင်းရိုက်ချက် ၁၇၁ ဖြင့် ဒုတိယဆုရရှိသော ဆုနှင်းဖြူ၊ စုစုပေါင်းရိုက်ချက် ၁၅၈ ချက်ဖြင့် ပထမဆုရရှိသော လက်ျာလေးဖြူအားလည်းကောင်း၊ မြန်မာဂေါက်သီးရိုက်အသင်း အတွင်းရေးမှူး ဦးသက်ဇော်လှိုင်က အသက် ၁၄ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် စုစုပေါင်းရိုက်ချက်၁၇၁ ချက်ဖြင့် တတိယဆုရရှိသော ထွန်းထွန်းဦး၊ စုစုပေါင်းရိုက်ချက် ၁၇၀ ဖြင့် ဒုတိယဆုရရှိသော Choi Hwan၊ စုစုပေါင်းရိုက်ချက် ၁၆၈ ချက်ဖြင့် ပထမဆုရရှိသော ကျော်သံလွင်ဟိန်းတို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ၁၈ နှစ်အောက်(အမျိုးသား)သက်တမ်းတွင် စုစုပေါင်းရိုက်ချက် ၁၆၅ ချက်ဖြင့် တတိယဆုရရှိသော ခန့်ဘုန်းလျန်၊ စုစုပေါင်းရိုက်ချက် ၁၆၂ ချက်ဖြင့် ဒုတိယဆုရရှိသော မင်းခန့်သော်၊ စုစုပေါင်းရိုက်ချက် ၁၆၀ ဖြင့် ပထမဆုရရှိသော ကောင်းထက်တို့အား ဆုချီးမြှင့်ပြီး ၂၀၂၄ ခုနှစ်အတွက် အသက် ၁၂ နှစ်အောက် (အမျိုးသား) သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော ဇာနည်ထွန်းဝင်း၊ အသက် ၁၄ နှစ်အောက်သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော အောင်သန်းထွဋ်၊ အသက် ၁၈ နှစ်အောက် (အမျိုးသမီး) သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော ချိုသာအောင်နှင့် ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော မင်းခန့်သော်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။




မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကိုကိုအေးက ၂၀၂၄ ခုနှစ်အတွက် အသက် ၁၈ နှစ်အောက် (အမျိုးသား)သက်တမ်းတွင် အကောင်းဆုံးဆုရရှိသော မင်းခန့်သော်အား ဆုချီးမြှင့်စဉ်။

**သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MGF**

## အများသိစေရန် ကြော်ငြာခြင်း

ဖူးပွင့်စံကုမ္ပဏီလီမိတက်မှ ဒါရိုက်တာဦးနိုင်သူစိုး (ဘ) ဦးမြင့်ရွှေ [၁၂/ဥကမ(နိုင်)၁၈၉၁၁၂]ကိုင်ဆောင်သူသည် ယခင်က အဆိုပါကုမ္ပဏီ၌ ဒါရိုက်တာရာထူးဖြင့် လုပ်ကိုင်ခဲ့သော်လည်း ကုမ္ပဏီတွင် ရှယ်ယာငွေကြေးလုံးဝထည့်ဝင်ထားခြင်းမရှိပါ။ ကုမ္ပဏီ၏ ဖွဲ့စည်းပုံ၌ ၃-၁၂-၂၀၂၄ရက်နေ့ အစည်းအဝေးဆုံးဖြတ်ချက်အရ ၎င်းအား ၁၁-၁၂-၂၀၂၄ ရက်နေ့တွင် ကုမ္ပဏီ၌ တရားဝင်ရာထူးမှ ထုတ်ပယ်လိုက်ပြီး ဖြစ်ကြောင်းနှင့်အတူ အဆိုပါကုမ္ပဏီနှင့် ၎င်းသည် တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုံးဝ သက်ဆိုင်ခြင်းမရှိတော့ပါ။ ၎င်းနှင့်ပတ်သက်၍ ကုမ္ပဏီမှလည်း ၎င်း၏အရှုပ်အရှင်းများကို ဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်အတူ ၎င်းမှလည်း ကုမ္ပဏီအမည်ခံ၍ အလွဲသုံးစားပြုလုပ်မှုများရှိလာပါက ယခုတည်ဆဲဥပဒေနှင့်အညီ တရားမကြောင်းအရသော်လည်းကောင်း၊ ပြစ်မှုကြောင်းအရသော်လည်းကောင်း ကုမ္ပဏီမှ တရားတစ်ထုံး စွဲဆိုသွားမည်ဖြစ်ပါကြောင်းကို အများသိစေရန်အတွက် ကြေညာအပ်ပါသည်။

**ဒေါ်ခင်ဝင်းကြည် (CEO)**

**[၁၂/ရကန(နိုင်)၀၀၄၄၉၆]**

**CHIEF EXECUTIVE OFFICER**

**PHU PWINT SAN CO.,LTD.**

## ရန်ကုန်မြို့၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက် အမှတ်(၃၂–တိုးချဲ့)၊ တောင်ဝင်လမ်းသွယ်(၄)လမ်း၊ မြေကွက်အမှတ်(၁၆၁)၊ ဧရိယာ(၄၀'x၆၀')ရှိသည့် နှစ်(၆၀)မြေငှါးဂရန်တွင် ဒေါ်တင်တင်အေး (၁၄/ဘကလ(နိုင်)၂၀၀၀၇၄)အမည်ပေါက်မြေကွက် အရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ပါမြေကွက်ကို နှစ်(၆၀)မြေငှါးဂရန်တွင် အမည်ပေါက်သူ ဒေါ်တင်တင်အေး(၁၄/ဘကလ(နိုင်)၂၀၀၀၇၄)ကိုယ်တိုင် နှင့် ဒေါ်အမာရီ (ခ)ဒေါ်အေးအေးသန့်(၁၂/ပဘတ(နိုင်)၀၁၈၃၃၆)တို့က အရှုပ်အရှင်း ကင်းစွာဖြင့် လက်ဝယ်ထားရှိပိုင်ဆိုင်ကြပါကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားပြီးဖြစ်ပါသည်။အဆိုပါမြေကွက်နှင့်ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာလိုက်ပါသည်။ (လွှဲအပ်ညွှန်ကြားချက်များအရ)

**ဦးသန့်ဇင် (LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၅၀၆၈)
Ph-09 253995848 , 09-798420119

**ဒေါ်ဟန်နွေနိုင်(LL-B)**
အထက်တန်းရှေ့နေ(စဉ်–၂၁၃၇၇)
Ph-09-4200 73685

အမှတ်(၅၀)၊ ပ-ထပ်၊ အခန်း(D-2)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## "ဒေါ်ခင်မြမြ၊ ဦးတင်ဝင်း၊ ဦးကြည်ဝင်း၊ ဦးသောင်းဝင်း၊ ဒေါ်ခင်မာလာ၊ ဒေါ်ခင်မာလွင်နှင့် အများသိစေရန်ကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ ၂၇–လမ်း (၈၂)လမ်းနှင့် (၈၃)လမ်းကြား၊ အမှတ်(၂၇၁)နေ ဒေါ်စန္ဒာဝင်း [၉/မရမ(နိုင်)၀၄၂၅၂၄] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၅)ရပ်ကွက်၊ ၃၇ လမ်း (လယ်)၊ အမှတ်(၁၈၇)၊ မြေညီ [မျက်နှာမူလျှင်(ဘယ်)]၊ အကျယ်အဝန်း (၁၂½ပေx ၄၀ပေ)ရှိ တိုက်ခန်းသည် ကျွန်ုပ်မိတ်ဆွေ ဒေါ်စန္ဒာဝင်း၏ခင်ပွန်းဖြစ်သူ ဦးမျိုးဝင်း (ကွယ်လွန်)၏ မိဘများဖြစ်ကြသော ဦးခင်မောင်(ကွယ်လွန်)နှင့် ဒေါ်ခင်အေး (ကွယ်လွန်)တို့ပိုင်ဆိုင်သော တိုက်ခန်းဖြစ်ပါသည်။

ဦးခင်မောင်(ကွယ်လွန်)နှင့် ဒေါ်ခင်အေး(ကွယ်လွန်)တို့ ပိုင်ဆိုင်ကျန်ရစ်သော အဆိုပါတိုက်ခန်းအား ကျွန်ုပ်မိတ်ဆွေ၏ခင်ပွန်း ဦးမျိုးဝင်း(ကွယ်လွန်)အပါအဝင် (၁) ဒေါ်ခင်မြမြ၊ (၂) ဦးတင်ဝင်း၊ (၃) ဦးကြည်ဝင်း၊ (၄) ဦးသောင်းဝင်း၊ (၅) ဒေါ်ခင်မာလာ၊ (၆) ဒေါ်ခင်မာလွင်တို့မှ အမွေဆက်ခံပိုင်ဆိုင်လာရာ ဒေါ်စန္ဒာဝင်း၏ခင်ပွန်း ဦးမျိုးဝင်း(ကွယ်လွန်)၏အစုအား ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏ သားသမီး(၄)ဦးမှ ဆက်ခံခွင့်ရှိလာပါသည်။

သို့ပါ၍ ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူခွင့်ပြုချက်မရရှိဘဲ အထက်ပါ အမွေပစ္စည်းအား မည်သူတစ်ဦးတစ်ယောက်ကမျှ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ အခမဲ့ထားရှိခြင်း၊ စွန့်လွှတ်ခြင်း တစ်စုံတစ်ရာပြုလုပ်ခွင့်မရှိပါကြောင်း၊ ထိုကဲ့သို့ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်စန္ဒာဝင်း**
**[၉/မရမ(နိုင်)၀၄၂၅၂၄]**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B. D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊**
**အရှိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၄၃၁၁၉၈၄၅၊ ၀၉–၉၆၄၁၁၉၈၄၅**

## Satomi Japanese Language Center နှင့်ပတ်သက်၍ အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ (မြေနီကုန်းမှတ်တိုင်အနီး)၊ (ပထမထပ်)အမှတ် –၇၇ တွင် ဖွင့်လှစ်ထားသော Satomi Japanese Language Center ကိုတည်ထောင်သူ ဒေါ်ဆုန္ဒယ်လှိုင် [နိုင်ငံသားစိစစ်ရေးကတ်အမှတ်–၁၄/အဂပ(နိုင်)၁၇၆၄၇၃]၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

Satomi Japanese Language Center သည် ဂျပန်ဘာသာစကားကို စံချိန်စံညွှန်းနှင့်အညီ အရည်အချင်း ပြည့်ဝကျွမ်းကျင်သော ဆရာ/ဆရာမများဖြင့် သင်တန်းသူ၊သင်တန်းသားများကို အခြေခံမှစ၍ကောင်းမွန်စွာ Levelမြင့်သည်အထိ သင်ကြားပေးသည့်အပြင် အလုပ်အင်တာဗျူးများ ဖြေကြားနိုင်ရန် ကူညီထောက်ပံ့ခဲ့ပါသည်။ Satomi Japanese Language Centerကို တည်ထောင်သူ ဒေါ်ဆုန္ဒယ်လှိုင် ကိုယ်တိုင်က ၂၀၁၅ခုနှစ်မှစ၍ Japanese Teacher (Freelance) အလုပ်စတင်လုပ်ကိုင်ခဲ့ပြီး ၂၀၁၉ခုနှစ် ဖေဖော်ဝါရီလမှာ Satomi Japanese Language Center အမည်ဖြင့် Facebook တွင် Page ပြုလုပ်၍ ဂျပန်ဘာသာစကားကို သင်ကြားပေးခဲ့ပါသည်။၂၀၂၃ခုနှစ်၊ ဇွန်လတွင် Satomi Japanese Language Center ၏ ကျောင်းခွဲ (ရန်ကင်းမြို့နယ်၌ကျောင်းခွဲ)ဖွင့်လှစ်နိုင်ခဲ့ပြီး သင်တန်းသားများ၏နှုတ်ဖျားတွင် ကောင်းမွန်သော review၊ recommend၊ ဂုဏ်သတင်း နာမည်ကျော်စောခြင်းတို့ဖြင့် ယနေ့အချိန်ထိ အခိုင်အမာ ရပ်တည်နေသော ဂျပန်ဘာသာစကား သင်တန်းကျောင်းတစ်ကျောင်းဖြစ်ပါသည်။

ထိုကဲ့သို့ ကောင်းမွန်သောဂုဏ်သတင်းရှိသည့် Satomi Japanese Language Center၏ အောင်မြင်မှုနှင့်အကျိုးစီးပွားအား ထိခိုက် နစ်နာစေရန် သော်လည်းကောင်း၊ ဂျပန်ဘာသာစကားသင်တန်းကျောင်း တည်ထောင်သူ ဒေါ်ဆုန္ဒယ်လှိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန်သော်လည်းကောင်း ရည်ရွယ်၍ စိတ်အနှောင့်အယှက်ဖြစ်စေသော မမှန်သတင်းများကို ဆက်သွယ်ရေးကွန်ရက်အားအသုံးပြု၍ လူ့ပတ်ဝန်းကျင်တွင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း၊ အသရေဖျက်စေသည့် စာသားများ မဟုတ်မမှန် ရေးသားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖြန့်ဝေခြင်းများပြုလုပ်ခြင်း၊ မှတ်ချက်ပေးခြင်း၊ အင်တာနက် လူမှုကွန်ရက်များပေါ်တွင် Post များတင်ခြင်း၊ မဟုတ်မမှန် တစ်ဖက်သတ်အမြင် တစ်ခုတည်းဖြင့် အထင်အမြင်လွဲမှား၍ စွပ်စွဲပြောဆိုသည့် Comments များ ဝင်ရောက်ရေးသားခြင်း၊ ပြောဆိုခြင်း၊ လုံးဝ(လုံးဝ) မပြုလုပ်ကြရန် အသိပေးတားမြစ်အပ်ပါသည်။ အကယ်၍ ပြုလုပ်ထားမှုများရှိပါက ယနေ့မှစ၍ ပြန်လည်ဖျက်သိမ်းပေးပါရန်နှင့် အထက်ပါကိစ္စရပ်များအား ပြုလုပ်သူ မည်သူ့ကိုမဆို မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ဆက်လက် ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**Satomi Japanese Language Center ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်တင်ဇာနည်နေဝင်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၉၅၇၃)**

**ဒေါ်ခင်နီလာအောင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၉၉၃)**

**အမှတ်–၆၀/ဒီ၊ ပထမထပ်၊ အေးရိပ်သာ(၂)လမ်း၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဆရာစံရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ကမာရွတ်ခရိုင်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph:09–43081694, 09–5228165**

## အများသိစေရန်အသိပေးကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၄၁ တိုးချဲ့၊ မြေကွက်အမှတ်(G–1)၊ ဧရိယာ(၀.၂၂၂)ဧကရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အမှတ်(G–1)၊ ဦးဝိစာရလမ်း၊ (၄၁–တိုးချဲ့)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဦးအောင်သူ [၁၂/မဂတ(နိုင်)၀၀၃၂၁၅]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ် ထံသို့လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၆၃၀၇)**
**အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁)ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၆၀၆၀၇**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၉)၊ မြေကွက်အမှတ်(၂၀၃)၊ ကနောင်မင်းသားကြီးလမ်း၊ အကျယ်အဝန်း (၄၀'x၆၀')၊ (၂၄၀၀)စတုရန်းပေ၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် **(၁) ဦးဟိဏ်းထက်စိုး**[၁၂/ပဇတ(နိုင်)၀၃၄၂၂၃]၊ **(၂)ဦးစိုးစံဝင်း**[၁၂/ဗတထ(နိုင်) ၀၂၆၇၆၆]နှင့် **(၃)ဦးကျော်ဆန်း**[၇/ ရတန(နိုင်)၀၀၁၈၄၂]တို့အမည်ပေါက်တည်ရှိပြီး အမည်ပေါက်များ ကိုယ်တိုင်မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ **ဒေါ်မိုးသန္တာ**[၁၂/ရကန(နိုင်)၀၂၀၆၉၄]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို)ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မူရင်းအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မိုးသန္တာ၏လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်မွန်မွန်ချို (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၂၆၈)**

**ဒေါ်စန္ဒာဝင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၄၀၉)**

**အမှတ် (၈၂၈/ခ)၊ ကျွန်းရွှေမြိုင်လမ်း၊ (၁၈/စီ)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၂၅၀၆၈၅၇၁၇၊ ၀၉–၇၉၇၆၄၀၆၁၆၊ ၀၉–၅၀၇၉၉၇၈**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇)၊ ဗိုလ်မြင့်အောင်လမ်း၊ မြေကွက်အမှတ်(၅၅၁/က)၊ (အလျား၂၀ပေx အနံ၆၀ပေ) အကျယ်အဝန်းရှိ ဒေါ်အုံးမြိုင်(CE–၀၄၉၆၀၃) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးသက်ထွန်းဦး[၁၂/ဥကတ(နိုင်) ၁၆၆၁၅၂]မှ ဥပဒေနှင့်အညီ တရားဝင် လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် စရန်ငွေအချို့ကိုပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

**ဦးမောင်မောင်ချစ်(စလင်း) LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇ )**
**Ph–09–954280932**
**အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဒေါ်မိုးယုနွယ်**
**LL.B, D.B.L, D.I.L, D.M.L,**
**WIPO(Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)**
**Ph:09–420080932,09–983837110**

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်မိတ်ဆွေဖြစ်သော ဒေါ်ယဉ်ယဉ်လှ[၁၂/ဥကမ(နိုင်)၀၈၇၂၄၅]သည် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်–သကမ(၁၅)၊ လူနေရပ်ကွက်အမှတ်(၁၉)၊ အလင်းရောင်လမ်း၊ အမှတ်–၁၃၈၀(ခ)ရှိ အကျယ်အဝန်း (၂၀x၆၀)ပေ အိမ်ခြံမြေအား ဦးကျော်ရွှေ [၁၂/လမန (နိုင်)၀၁၉၆၇၃]ထံမှ အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆို၍ ဝယ်ယူခဲ့ပါသည်။ အဆိုပါအိမ်ခြံမြေနှင့်ပတ်သက်သည့် ပိုင်ဆိုင်မှုအထောက်အထားများဖြစ်သည့် ဦးသိန်းလှိုင်အမည်ပေါက် မြေချပါမစ်မူရင်း၊ ဦးသိန်းလှိုင်နှင့်ဦးကျော်ရွှေတို့၏ အရောင်းအဝယ်စာချုပ်မူရင်း၊ ဦးကျော်ရွှေနှင့်ဒေါ်ယဉ်ယဉ်လှတို့၏ အရောင်းအဝယ် စာချုပ်မူရင်းများသည် ကျွန်ုပ်မိတ်ဆွေသိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားခဲ့ပါသည်။ ထို့ကြောင့် အဆိုပါ အိမ်ခြံမြေအား ကျွန်ုပ်မိတ်ဆွေတစ်ဦးတည်းမှသာ အမှန်တကယ်ပိုင်ဆိုင်ခြင်းဖြစ်ပါကြောင်းနှင့် ပျောက်ဆုံးသွားသောစာရွက်စာတမ်း များနှင့်ပတ်သက်ပြီး ပြဿနာတစ်စုံတစ်ရာဖြစ်ပေါ်ပါက ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်လှ၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နှင်းဝေအောင်**
**(လိုင်စင်အမှတ်–၁၀၇၄၅)တရားလွှတ်တော်ရှေ့နေ**
**အမှတ်–၁၀၆၉(ခ)၊ အောင်ဖောဓိလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်။**
**ဖုန်း–၀၉–၄၂၅၂၉၂၉၂၃၊ ၀၉–၇၆၅၁၀၅၁၁၂**

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင်
စွမ်းအင်လည်းရ ပြည်လည်းလှ

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄ကံဘဲ)၊ မြေကွက်အမှတ်(၂၉/ခ)၊ ၁၃ရပ်ကွက်၊ ဓမ္မာရုံလမ်းသွယ်(၁)၊ ဟုခေါ်တွင်သော မြေအကျယ်အဝန်း(အလျား၁၂၉Xအနံ၅၀)ပေရှိ မြေပိုင်မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်အေးမြင့်အမည်ဖြင့်မှတ်သားတည်ရှိပြီး အမည်ပေါက်ကွယ်လွန်၍၎င်း၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသူများဖြစ်သော (၁)ဦးခင်မောင်မြ(၁၂/ရကန(နိုင်)၀၄၆၃၃၂) (၂)ဒေါ်မေကြည်လွင်(၁၂/ရကန(နိုင်)၀၄၅၄၆၇)၊(၃)ဒေါ်သီသီအေး(၁၂/ရကန(နိုင်)၀၄၆၃၄၀)တို့မှ အထက်ဖော်ပြပါမြေကွက်အားမိမိတို့ကိုယ်တိုင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူများဖြစ်ကြောင်း ဝန်ခံကတိပြု၍ရောင်းချရန် ကမ်းလှမ်းလာသဖြင့်ကျွန်ုပ်၏ မိတ်ဆွေက ရောင်းချသည့်တန်ဖိုးငွေအနက်မှ စရံငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ကန့်ကွက်လိုပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံခိုင်မာသော စာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။သတ်မှတ်ရက်အတွင်းကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ,**
**ဒေါ်ဇင်မိမိစိုး**
**အထက်တန်းရှေ့နေ**
**(LL.B, D.M.L)(စဉ်–၄၁၄၀၀)**
**Ph : 09-796766946, 09-405100500**
**No.9, (14)ward, KanbaeThitsar Road,Royal Thitsar Condo, YankinTownship,Yangon.**

## ဒေါ်တင်ဇာလှိုင် [၁၂/အစန (နိုင်) ၂၁၁၄၉၃] သိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ စမ်းချောင်းလမ်း၊ Sanchaung Garden Residence, P 901 နေ Mr. WON–SEOK CHOE [ Passport No. M700P1857 ] ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်တင်ဇာလှိုင် [၁၂/အစန (နိုင်) ၂၁၁၄၉၃]သိစေရန် အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်အမှုသည်နှင့် လူကြီးမင်းတို့သည် ယခင်က တရားဝင်အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြရာ မဝိုင်သွေးချယ်ဆိုသည့် သမီးမိန်းကလေး(၁)ဦး ထွန်းကားခဲ့ကြောင်း၊ ထို့နောက် (၁၂–၁–၂၀၂၃)ရက်နေ့တွင် အင်းစိန်ခရိုင်တရားရုံးတော်၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ကြပြီး ကွာရှင်းပြတ်စဲသည့်နေ့တွင်ပင် သမီးဖြစ်သူ မဝိုင်သွေးချယ်၏ အုပ်ထိန်းခွင့်နှင့် လင်မယားနှစ်ဦးပိုင်ပစ္စည်းများကိုပါ တစ်ပါတည်းခွဲဝေဆောင်ရွက်ခဲ့ကြပြီးဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်အမှုသည်နှင့် လူကြီးမင်းတို့ ပြုလုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ သော (၁၂–၁–၂၀၂၃)ရက်စွဲပါ "အကြင်လင်မယားအဖြစ် ကွာရှင်းပြီးနောက်ပစ္စည်းခန်းခွဲဝေခြင်း သဘောတူစာချုပ် "အရ လူကြီးမင်းအနေဖြင့် ငွေကျပ်သိန်း ၁၅၀၀၀၀၀၀၀/– (ငွေကျပ်သိန်း တစ်ထောင့်ငါးရာသိန်းတိတိ) နှင့် မော်တော်ယာဉ်အမှတ် (MDY– 9L 4143)နံပါတ်ပါ မော်တော်ယာဉ်(၁)စီးတို့ကို လူကြီးမင်း၏ အကျိုးခံစားရပိုင်ခွင့်ဝေစုအဖြစ် လက်ခံရယူခဲ့ပြီးဖြစ်သလို ကျွန်ုပ်အမှုသည် Mr. WON–SEOK CHOE အနေဖြင့်လည်း သမီးဖြစ်သူ မဝိုင်သွေးချယ်၏ အုပ်ထိန်းခွင့်နှင့် ကြွေးမြီဖြင့် အရစ်ကျဝယ်ယူလျက်ရှိသော တိုက်ခန်းအမှတ်– P901, Sanchaung Garden Condo (ရေမီးအစုံ)၊ နေအိမ်တိုက်ခန်း(၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ၎င်း၏အကျိုးခံစားရပိုင်ခွင့်အဖြစ် လက်ခံရယူခဲ့ပါသည်။

(၁၂–၁–၂၀၂၃)ရက်စွဲပါ "အကြင်လင်မယားအဖြစ် ကွာရှင်းပြီးနောက်ပစ္စည်းခန်းခွဲဝေခြင်း သဘောတူစာချုပ်"အရ လူကြီးမင်းအနေဖြင့် တိုက်ခန်းအမှတ်– P901, Sanchaung Garden Condo (ရေမီးအစုံ)၊ နေအိမ်တိုက်ခန်း (၁)ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်အမှုသည် Mr. WON–SEOK CHOE နှင့် သမီးဖြစ်သူ မဝိုင်သွေးချယ်တို့၏အမည်ဖြင့် လွှဲပြောင်းပေးရန် သဘောတူဝန်ခံကတိပြုခဲ့သော်လည်း တိုက်ခန်းအမည်လွှဲပြောင်းဆောင်ရွက်ရာတွင် လိုအပ်သည့် စာရွက်စာတမ်းများအပါအဝင် လုပ်ငန်းစဉ်ကိစ္စရပ်များကို ယနေ့အချိန်အထိ ပြုလုပ်ဆောင်ရွက်ပေးခြင်းမရှိဘဲ ပျက်ကွက်လျက်ရှိသည့်အပြင် (၂–၁၂–၂၀၂၄)ရက်နေ့တွင် သမီးဖြစ်သူ မဝိုင်သွေးချယ်အားလည်း ကျွန်ုပ်အမှုသည် (သဘောတူစာချုပ်အရ– အုပ်ထိန်းခွင့် ရရှိထားသူ)၏ သဘောတူခွင့်ပြုချက်မရှိဘဲ လူကြီးမင်းမှ ခေါ်ဆောင်သွားကြောင်းသိရှိရပါသည်။

သို့ဖြစ်ရာ လူကြီးမင်းအနေဖြင့် ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း တိုက်ခန်းအမှတ်– P901, Sanchaung Garden Condo (ရေမီးအစုံ)၊ နေအိမ်တိုက်ခန်း (၁)ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ကျွန်ုပ်အမှုသည် Mr. WON–SEOK CHOE နှင့် သမီးဖြစ်သူ မဝိုင်သွေးချယ်တို့၏အမည်ဖြင့် တိုက်ခန်းအမည် လွှဲပြောင်းဆောင်ရွက်ရာတွင် လိုအပ်သည့်စာရွက်စာတမ်းများအပါအဝင် လုပ်ငန်းစဉ်ကိစ္စရပ်များကို လိုက်ပါဆောင်ရွက်ပေးရန်နှင့် သမီးဖြစ်သူ မဝိုင်သွေးချယ်အားလည်း ကျွန်ုပ်အမှုသည်၏ထံသို့ လက်ရောက်ပြန်လည်အပ်နှံပါရန် ကျွန်ုပ်မှတစ်ဆင့်တောင်းဆိုပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်နေခဲ့ပါက တည်ဆဲဥပဒေနှင့်အညီ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်အေးနှင်းစိုး (ဥပဒေဘွဲ့)**
**အထက်တန်းရှေ့နေ**
**(စဉ်– ၃၄၈၈၃ /၂၂–၁၀–၂၀၁၀)**

**ဦးကောင်းထင်လင်းစိုး (ဥပဒေဘွဲ့)**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်– ၁၄၉၉၇ / ၄–၁၂–၂၀၁၈)**

**အမှတ် (၁၆/၇၇၀)၊ ဦးပေါ်ဦးလမ်း၊ ရွှေပေါက်ကံ (၁၆)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဆက်သွယ်ရန်ဖုန်း– ၀၉–၄၂၈၂၀၈၆၆၈**

## ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ ရတနာမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမကြီး၊ တိုက်အမှတ်(3/A)၊ အခန်း(၃၀၅)၊ (တတိယထပ်)တိုက်ခန်းအရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ တိုက်ခန်းကို တရားဝင်လက်ဝယ်ထားပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်ဇင် [၁၂/လမန(နိုင်)၁၁၀၀၅၄]ထံမှ ဦးဝေယံဖြိုး [၁၂/လမန(နိုင်)၁၅၉၅၈၂]က အပြီးအပိုင် ဝယ်ယူရန်စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ ပြည့်စုံ/ခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်၍ ကန့်ကွက်မှုမရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဦးဝေယံဖြိုး၏လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅)ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၇)၊ မြေကွက်အမှတ်(၁၀၃၆)၊ (၄၀ပေx၆၀ပေ)အကျယ်အဝန်းရှိ ဦးသိန်းမြင့်(BGE–177574)၊ [၁၂/ဒဂန(နိုင်)၀၀၇၉၈၄]အမည်ပေါက် ပါမစ်မြေကွက်နှင့် အဆောက်အဦ အရောင်းအဝယ် ပြုလုပ်ခြင်းအား ကန့်ကွက်နိုင်ပါသည်

အထက်လိပ်စာပါ အိမ်ခြံမြေကွက်ကို တရားဝင်လက်ဝယ်ထား လက်ရှိပိုင်ဆိုင်လျက်ရှိ၍ လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူ ဦးဇော်ဝင်းထွဋ် [၉/မရတ(နိုင်)၀၀၇၇၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှု အထောက်အထားမူရင်းများ ပြည့်စုံခိုင်လုံစွာဖြင့် ဤကြော်ငြာစာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်၍ ကန့်ကွက်မှု မရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာလာ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၂၀)**
**တိုက်(၅)၊ အခန်း(၀၀၈)၊ အေးရိပ်မွန်(၉)လမ်း၊ (၅) ရပ်ကွက်၊ လှိုင်မြို့နယ်။ ဖုန်း–၀၉–၅၁၈၁၈၂၀**

## ဖခင်တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ မဟာဗန္ဓုလပန်းခြံလမ်းနေ မောင်ဇော်မင်းခန့်[၁၂/ကတတ(နိုင်)၀၃၅၀၇၃]၏ ဖခင် ဦးမာဘွတ်ဂျမာလ် [၁၂/ပဘတ(နိုင်)၀၁၇၀၂၉] နှင့် ဦးမာမွတ်ဂျာမင် သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးမာမွတ်ဂျာမင်**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ကျောက်တံတားခရိုင်တရားရုံးတော်
## ၂၀၂၄ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀၇

| | | |
|---|---|---|
| မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်(MLCA) (၎င်းကိုယ်စား ဦးတင်မြင့် ဒုတိယဥက္ကဋ္ဌ) | နှင့် | ဦးအောင်နိုင် Managing Director New Season Construction Co.,Ltd |
| တရားလို | | တရားပြိုင် |

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃၁)လမ်း၊ အမှတ်–၄၅၈/၄၆၀၊ အခန်း (၇/ဒီ)နေ တရားပြိုင် ဦးအောင်နိုင် (Managing Director) (New Season Construction Co.,Ltd) (ယခုနေရပ်လိပ်စာမသိ)သူ သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"ပဋိညာဉ်ဖောက်ဖျက်မှုအတွက် ဆုံးရှုံးငွေကျပ် ၁၂၅,၀၀၀,၀၀၀/– (ကျပ်သိန်းတစ်ထောင့်နှစ်ရာ့ငါးဆယ်တိတိ) နှင့် နစ်နာကြေးကျပ် ၂၅,၀၀၀,၀၀၀/– (ကျပ်သိန်းနှစ်ရာ့ငါးဆယ်တိတိ)၊ စုစုပေါင်းကျပ် ၁၅၀,၀၀၀,၀၀၀/–(ကျပ်သိန်းတစ်ထောင့်ငါးရာတိတိ) ရလိုမှု"** နှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၂ ရက် (၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၄ ရက်) နံနက် ၁၀:၃၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် (၁) လိုအပ်သောစာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖြူဖြူဝင်း)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ကျောက်တံတားခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၄၄)ရပ်ကွက်၊ နဝရတ်လမ်း၊ အမှတ်(၆၆၅)နေသူ ဒေါ်လွင်လွင်သော်[၁၂/စခန(နိုင်)၀၆၆၇၈၉]မှ ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၂၅)ရပ်ကွက်၊ ယုဇန(၂)လမ်း၊ အမှတ်(၅၄၃–က)၊ မြေအကျယ်အဝန်း (၂၀ပေx ၆၀ပေ)စတုရန်းပေ (၁၂၀၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ဆိုင်မှုအထောက်အထားမူရင်းများ လက်ဝယ်ထားပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း ပြန်လည်ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် (၂၃–၁၂–၂၀၂၄)ရက်စွဲပါ "မြေနှင့်အိမ် အရောင်းအဝယ်ကတိစာချုပ်"ဖြင့် တန်ဖိုးငွေများအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စရပ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်မိုးသူဇာ(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၅၆၅၉)**
**အမှတ်(၇၅၂–က)၊ (၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၄၈၀၀၈၅၉၀**

## သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လှပဒါးကျေးရွာအုပ်စု၊ လှပဒါးကျေးရွာနေ ကျွန်တော် ဦးကျော်ကျော် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မဘန(နိုင်) ၁၀၂၀၅၅] ကိုင်ဆောင်သူနှင့် ကျွန်မ ဒေါ်ယဉ်ယဉ်ဌေး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်[၁၂/မဘန(နိုင်) ၁၂၇၉၄၅] ကိုင်ဆောင်သူတို့မှ မွေးဖွားခဲ့သော သားသမီး(၃)ဦးအနက် သမီးဖြစ်သူ မယဉ်နွယ်ဦး(ခ) မနှင်းစုဝေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဘန(နိုင်) ၁၂၉၀၁၈] နှင့် သားဖြစ်သူ မောင်နေလှိုင်း နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/မဘန(နိုင်) ၁၇၂၃၀၃] ကိုင်ဆောင်သူ (၂)ဦးတို့မှာ မိဘများ၏ ပြောဆိုဆုံးမမှုများကို နာခံမှုမရှိဘဲ မိဘများအပေါ် သား/သမီးတို့ပြုအပ်သည့် တာဝန်ဝတ္တရားများကို လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ပျက်ကွက်သည့်အပြင် မိဘများအား စိတ်ဒုက္ခရောက်စေရန် နည်းအမျိုးမျိုးဖြင့် ဆောင်ရွက်ခြင်း၊ ဂုဏ်သိက္ခာညှိုးနွမ်းပျက်စီးအောင် ပြုလုပ်ခြင်းစသည်တို့ကြောင့် မိဘနှစ်ဦးမှာ စိတ်ဒုက္ခ အမြဲကြုံတွေ့နေရပါသည်။ သို့ဖြစ်ပါသောကြောင့် ဖော်ပြပါ သား/သမီး(၂)ဦးအား သား၊ သမီးအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် အမွေပြတ်အဖြစ်သတ်မှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ၎င်းတို့နှစ်ဦးနှင့်ပတ်သက်သည့် ကိစ္စအဝဝသည် မိဘ နှစ်ပါးနှင့် လုံးဝမသက်ဆိုင်ပါကြောင်း ထပ်လောင်းကြေညာအပ်ပါသည်။

**ဦးကျော်ကျော် + ဒေါ်ယဉ်ယဉ်ဌေး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ အမှတ်(၂)ရပ်ကွက်၊ အနော်ရထာလမ်းနေ အကျယ်အဝန်း အလျား(၁၀၇)x အနံ(၄၅)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ထပ်အိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဝမ်း [၁၄/ဇလန(နိုင်) ၀၈၃၉၆၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးအစူ [၁၄/ဇလန (နိုင်) ၀၆၈၉၂၇] ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း လိုအပ်သော စာရွက်စာတမ်းများနှင့် ကျွန်ုပ် ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန္တာဆွေ**
**အထက်တန်းရှေ့နေ(စဉ်–၄၄၅၁၈ )**
**တိုက်ကြီးမြို့မရဲစခန်းဝင်း၊ ရှမ်းစုရပ်ကွက်၊ တိုက်ကြီးမြို့။**
**Ph: 09-263973300**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ကျွန်ုပ်မိတ်ဆွေ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

**''ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ ညောင်ကုန်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ ဗိုလ်တိုက်ချွန်းလမ်း၊ မြေကွက်အမှတ်(၈၄၂)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး''**တို့ကို ဒေါ်သိန်းတင် (CK–၀၀၀၄၅၁) [၁၂/ဒလန(နိုင်) ၀၂၇၅၈၁]မှ ပါမစ်အမည်ပေါက်လျက်ရှိသော်လည်း ဒေါ်လီလီမိုး [၉/မရမ(နိုင်) ၀၉၂၈၇၁]မှ လက်ရှိထားပိုင်ဆိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်၊ ရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် ကမ်းလှမ်းထားပါသဖြင့် အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်အိအိခိုင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၀၇၅)**
**အမှတ်(၁၂၄၉)၊ နတ်စင်ကန်ပေါင်လမ်း၊ မြို့မ(၃)ရပ်ကွက်၊ ဒလမြို့နယ်၊**
**ရန်ကုန်မြို့။ Ph: 09-254405798, 09-785610847**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့ နယ်၊ (၃–ရန်ပြေ)ရပ်ကွက်၊ ရန်ပြေ (၁၄)လမ်း၊ အမှတ်(၅၈) ခေါ်တွင်သည့် မြေကွက်ပေါ်ရှိ (၂)ခန်းတွဲ (၆ထပ်) အဆောက်အဦ၏ ခေါင်းရင်းခန်း၊ မြေညီထပ် (ထပ်ခိုးပါ)၊ (အလျား ၁၈ပေx အနံ ၅၄ပေ) အကျယ်အဝန်းရှိ တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရောင်းအဝယ်ကတိစာချုပ်ဖြင့် လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူ ဦးသန်းလွင် [၉/မထလ(နိုင်) ၀၆၇၆၈၉]မှ ဥပဒေနှင့်အညီ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မို့မို့လှိုင် [၁၄/ဖပန(နိုင်) ၁၃၈၉၅၆]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးမောင်မောင်ချစ်(စလင်း) LL.B** | **ဒေါ်မိုးယုနွယ်** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၇၇၄၇)** | **LL.B, D.B.L, D.I.L, D.M.L,** |
| **Ph: 09-954280932** | **WIPO(Switzerland)** |
| **အမှတ်(၈၁)၊ တကောင်း(၅)လမ်း၊** | **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၃၉၂၄)** |
| **(၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။** | **Ph: 09-420080932, 09-983837110** |

## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန် ကြေညာခြင်း

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော (ဘ) ဦးဗိုလ်ဆန်းနိုင်၏သား ဦးဇင်ယော်ဆန်းနိုင် [၁၂/ဒဂတ(နိုင်) ၀၅၆၉၈၅]နှင့် (ဘ) ဦးမျိုးသန့်၏သမီး ဒေါ်အေးအေးအောင် [၁၂/မဂဒ(နိုင်)၁၆၂၈၃၈]တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၁–၅–၂၀၂၄)ရက်နေ့တွင် "နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို မိမိတို့၏လွတ်လပ်သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီး တည်ဆဲဥပဒေနှင့်အညီ တရားဝင် ကွာရှင်းပြီးဖြစ်သောကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်အေးအေးအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်–၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၇၇၇၃၆၂၁၆၉၊ ၀၉–၉၄၅၅၄၅၅၅၃**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်၊ ပဒံရေကျော်ကျေးရွာအုပ်စု၊ ထင်းစုကျေးရွာနေ ဦးတင်ရီ–ဒေါ်အေးမြင့် [၁၂/တတန(နိုင်) ၀၆၆၀၁၆]တို့၏သား ကိုသန်းဆွေ [၁၂/တတန(နိုင်) ၁၆၃၂၉၆]သည် မိဘများ၏ဆိုဆုံးမမှုကို မနာခံဘဲ ခွင့်မလွှတ်နိုင်သောအပြုအမူများကြောင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ကိုသန်းဆွေနှင့် ပတ်သက်ဆက်နွှယ်သော ငွေရေးကြေးရေးအရှုပ်အရှင်း၊ လူမှုရေးအရှုပ်အရှင်းပြဿနာများနှင့် အခြားမည်သည့်ကိစ္စများကိုမှ ယနေ့မှစ၍ တာဝန်ယူဖြေရှင်းပေးမဟုတ်တော့ပါကြောင်း ကိုသန်းဆွေနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ရီ[၁၂/တတန(နိုင်)၀၆၆၀၁၆]**
**တွံတေးမြို့နယ်**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ Yankin Housing Project(2010– 11)အိမ်ရာ၊ ရွှေအုန်းပင်အိမ်ရာအပိုင်း(၄)၊ (၄)ခန်းတွဲ (၆)ထပ်တိုက်အမျိုးအစား၏ တိုက်အမှတ်(၄/၂)၊ အခန်း(၂၃)၊ ဒုတိယထပ်၏ အကျယ်အဝန်း(၉၈၆) စတုရန်းပေရှိ လူနေတိုက်ခန်းအား တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန စုပေါင်းပိုင်အဆောက်အုံ၏ မူလပိုင်ရှင် ဦးခင်မောင်တင့် [၅/ ရဘန(နိုင်)၁၁၆၈၉၆]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက် လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် အရေးဆိုနိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၂)၊ မင်းရဲကျော်စွာလမ်း၊ မြေကွက်အမှတ်(၁၁၃၆)၏ မြေအကျယ်အဝန်း (၄၀x၆၀)ပေထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အမှတ်(၁၁၃၅)နှင့် ကပ်လျက်ဘက်ခြမ်း၏ မြေအကျယ်အဝန်း (၂၀x ၆၀)ပေရှိ ဦးနန်းဝေအောင် [၁၂/သကတ (နိုင်)၁၅၂၅၉၅] အမည်ပေါက် နှစ်(၆၀)ဂရန် (မိတ္တူ)ခြမ်း မြေအမျိုးအစားမြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဂရန်အမည်ပေါက်ပိုင်ရှင် ဦးနန်းဝေအောင် [၁၂/သကတ(နိုင်) ၁၅၂၅၉၅]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားများဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်အရေးဆိုနိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဦးဇော်မျိုးအောင်(စဉ်–၁၁၄၆၂)** | **ဒေါ်ခင်အေးသန်း(စဉ်–၉၁၁၉)** |
| **(LL.B,D.I.L)** | **(LL.B,D.B.L,D.I.L,WIPO switzerland)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်(၁၀/၁၂)၊ ပထမထပ်၊ ၃၅–လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၂၅၃၁၁၈၀၁၄၊ ၀၉–၄၂၀၂၆၆၀၆၁၊ ၀၉–၄၅၇၇၅၁၂၄၁**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ အင်းဝ(၂)လမ်း၊ မြေကွက်အမှတ်(၄၅၀)၊ (၄၀x၆၀)ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးရဲမြင့် [၁၂/လမန(နိုင်) ၀၅၈၄၄၆] အမည်ပေါက် မြေချပါမစ်(မူရင်း)နှင့်အတူ ဆက်စပ်စာချုပ်စာတမ်းမူရင်းများဖြင့် လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားသူ ဒေါ်ဘက်တီညွန့် [၁၂/ဗဟန(နိုင်)၀၈၈၈၁၄]မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ် ချုပ်ဆိုထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်း မူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင် ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်ယူသူ ဦးထင်ကျော်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သီတာမိုး LL.B အထက်တန်းရှေ့နေ (စဉ်–၅၅၄၉၀)**
**အမှတ်(၈၆)၊ အင်းဝကျောကပ်လမ်း၊ (၁၂၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း– ၀၉–၉၇၇၄၅၈၅၂၉၊ ၀၉–၇၃၂၃၀၃၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ရွှေကန်သာလမ်း၊ မြေကွက်အမှတ်(၇၇၂) မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာ ဦးစိုးနိုင် [၁၂/မဂတ(နိုင်)၀၀၀၉၂၆] (Naing & Nandar CO;LTD)တို့အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ကန်ထရိုက်တာခွဲဝေရရှိသော တိုက်ခန်းများအနက်မှ ပထမထပ်၊ (ခြေရင်းခန်း) အကျယ်အဝန်း (၁၆ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင်တိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာမှ မိမိသာလျှင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဦးထူးအောင်ရှိန်း [၁၂/ရကန(နိုင်)၀၈၀၃၂၆]မှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းအား အရစ်ကျပေးချေဝယ်ယူထားပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၀)၊ မြေကွက်အမှတ် (၁၀၅၆)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်သည် ဒေါ်မွေးမွေး [၁၃/လရန(ဧည့်) ၀၀၀၀၆၈] အမည်ပေါက်သော မြေကွက်ဖြစ်သည်။ ယင်းမြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသည့် [မြေကွက်အမှတ် (၁၀၅၇)နှင့် ကပ်လျက်အခြမ်း] (ဂရန်မူရင်းခြမ်း) အကျယ်အဝန်း (၂၀ပေ x ၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၁၀၅၆)၊ စံပယ်မြိုင်လမ်း၊ (၁၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းအမည်ပေါက်မှ ရောင်းချခဲ့သောကြောင့် အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ခဲ့သည့် ဒေါ်မြင့်မြင့်စိန် [၁၂/ဒဂရ(နိုင်)၀၂၃၀၃၃]မှ မိမိသာလျှင် လက်ဝယ်ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်နီလာအောင် [၁၂/ဒဂတ(နိုင်) ၀၄၂၅၈၅]မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်အား ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၇)၊ ရွှေကန်သာလမ်း၊ မြေကွက်အမှတ်(၇၇၂) မြေကွက်ပေါ်တွင် မြေရှင်နှင့် ကန်ထရိုက်တာ ဦးစိုးနိုင် [၁၂/မဂတ(နိုင်)၀၀၀၉၂၆] (Naing & Nandar CO; LTD)တို့ အကျိုးတူ အခန်းပေးအခန်းယူစနစ်ဖြင့် ဆောက်လုပ်မည့် (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ကန်ထရိုက်တာခွဲဝေရရှိသော တိုက်ခန်းများအနက်မှ မြေညီထပ်၊ (ခြေရင်းခန်း) အကျယ်အဝန်း (၁၆ပေx ၅၄ပေ)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာအပါအဝင် တိုက်ခန်း၏အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းကန်ထရိုက်တာမှ မိမိသာလျှင် ပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဖွင့်ဟဝန်ခံ ရောင်းချသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးအောင်စိုးနိုင် [၅/ရဘန(နိုင်) ၁၀၅၅၂၇]နှင့် ဒေါ်မြတ်မြတ်ခိုင် [၈/ပခက(နိုင်) ၀၀၀၀၆၈]တို့မှ ကြိုပွိုင့်စနစ်ဖြင့် တိုက်ခန်းအား အရစ်ကျပေးချေဝယ်ယူထားပါကြောင်းနှင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်မည့်သူရှိပါက ခိုင်လုံသောစာချုပ်စာတမ်းများ၊ အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

| | |
|---|---|
| **ဒေါ်သင်းစုမွန် (LL.B)** | **ဒေါ်ပိုးအိအိစံ (LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၄၅၂၁)** | **တရားလွှတ်တော်ရှေ့နေ (စဉ်–၈၀၅၀)** |

**အမှတ်(၂၄)၊ နတ်မောက်(၇)လမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**ဖုန်း– ၀၉–၂၅၀၆၄၃၈၃၄၊ ၀၉–၄၅၀၀၉၉၀၆၉**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးမောင်လေး (ခ) ဦးလှရွှေလေး
### ကမြောကင်း၊ အ.ထ.က-အလယ်တန်းပြ(ငြိမ်း)
### အသက် (၈၆)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ ကမြောကင်းကျေးရွာနေ (ဦးဘငွေ-ဒေါ်ဝ)တို့၏ သား၊ (ဦးသိန်းယူ-ဒေါ်သိန်းရှင်)တို့၏ သားသမက်၊ (ဒေါ်စစ်မေ) (အလယ်တန်းပြ-ငြိမ်း၊ အ.ထ.က၊ ကမြောကင်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးကျော်စိုး-ဒေါ်မြဝင်း၊ (ဒေါ်သီတာသိန်း) (အလယ်တန်းပြ-ငြိမ်း၊ အ.ထ.က-ကမြောကင်း)၊ ဦးမိုးဇော်-ဒေါ်သိန်းကြည်၊ (ဒေါ်ညိုညိုမာ)၊ (ဦးခင်မောင်ကျော်)-ဒေါ်သက်သက်မာ(ဒုတိယညွှန်ကြားရေးမှူး၊ ရန်ကုန်တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေး ၁၀ ယောက်၊ မြစ် ခြောက်ယောက်တို့၏ အဘိုး ဦးမောင်လေး(ခ)ဦးလှရွှေလေး အသက်(၈၆)နှစ်သည် ၂၅-၁၂-၂၀၂၄ (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး ရန်ကုန်မြို့၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၇-၁၂-၂၀၂၄ (သောကြာနေ့) ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (ရန်ကုန်တိုင်းဒေသကြီး စာရင်းစစ်ချုပ်ရုံးဝင်း၊ ဝန်ထမ်းအိမ်ရာ နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတိတိတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်မြရီ (ခ) ဒေါ်နီ
### အသက် (၇၂)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ်(၁၀၂)နေ (ဦးကျော်သန်း-ဒေါ်သိန်းတင်)တို့၏ သမီး၊ (ဦးဦးမောင်-ဒေါ်သန်းရီ)တို့၏ သမီးချွေးမ၊ ဦးမြင့်ဇော်ဦး၏ ဇနီး၊ (ဦးကျော်မြင့်)-ဒေါ်ခင်မြဝင်း၊ (ဒေါ်ခင်ဝင်းရီ)၊ ဦးသန်းအောင်-ဒေါ်မြင့်တင်တို့၏ ညီမ၊ ဒေါ်ခင်ညွန့်မြိုင်၏ အစ်မ၊ ဦးရဲဝင်းကျော်၊ ဒေါ်လှဲ့လှဲ့ဝင်း၊ ဦးသူရိန်ထွန်း၊ ဦးသူရထွန်းတို့၏ မိခင်၊ တူ/တူမတို့၏ အဒေါ်သည် ၂၄-၁၂-၂၀၂၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၆-၁၂-၂၀၂၄ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁:၁၅ နာရီတွင် စတင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဒေါ်အေးအေးသန်း
### ဒု-ညွှန်ကြားရေးမှူး(ငြိမ်း)၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန
### အသက်(၈၅)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဘောဂရပ်ကွက်၊ အမှတ်(၆၀)၊ ဗားဂရာသာသနာဝင်းနေ (ဦးကိုကိုကြီး-ဒေါ်စန်းရင်)တို့၏ သမီး၊ (ဦးတင်မောင်ချစ်)၏ ချစ်လှစွာသောဇနီး၊ (ဒေါ်ရီရီမေ)၊ (ဦးကိုကိုမင်း-ဒေါ်မြမြအေး)၊ (ဦးမောင်မောင်ကြီး-ဒေါ်ကျင်ထွေး)၊ (ဒေါ်မိမိလေး)တို့၏ ညီမ၊ (ဒေါက်တာဦးတင်ဝင်း)-ဒေါ်လှလှရွှေ၊ (ဦးမောင်မောင်စိန်)-ဒေါ်တင်မော်သိန်း၊ ဦးထွေးလွင်-ဒေါ်နီနီဝင်းတို့၏ အစ်မ၊ ဦးလင်းနိုင်ဝင်း-ဒေါ်ကြူကြူသင်း၊ ဦးသန်းထိုက်ကျော်-ဒေါ်သင်းသန္တာစိုး၊ ဦးဖြိုးဝေထက်-ဒေါ်ခိုင်သွယ်ချိုတို့၏ ချစ်လှစွာသော မိခင်၊ မြေး လေးယောက်တို့၏ အဘွားသည် ၂၄-၁၂-၂၀၂၄ ရက် ည ၁၀:၄၃ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၈-၁၂-၂၀၂၄ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

### ခရစ်တော်၌အိပ်ပျော်ခြင်း
## Daw Khin Khin Phyu (a) Marjorie Phyu
## [B.E(civil)], (B Min)
### အသက်(၇၀)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၄၅)လမ်းနေ (ဦးကံဂွန်း-ဒေါ်မေ)တို့၏ သမီး၊ (ဦးအေးသောင်း)၏ ချစ်လှစွာသော ဇနီး၊ ဦးကျော်စွာအေးသောင်း- Dr. သဥ္ဇာသိမ့်သိမ့်သူ၊ ဦးထွန်းထွန်းဝင်း - ဒေါ်နီလာအေးဖြူတို့၏ ချစ်လှစွာသောမိခင်၊ မောင်ဝဿန်ဦး၊ မအိမ့်ကျော့မှူး၊ မထွန်းနီလာလျှံပြည့်၊ မောင်ဇောတိကတို့၏ ချစ်လှစွာသောအဘွားသည် ၂၁-၁၂-၂၀၂၄ (စနေနေ့) နံနက် ၁၁:၂၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် အမှတ်(၁၄၉)၊ သုခလမ်း၊ DKMA Condo၊ (၈)ရပ်ကွက်၊ လှိုင်မြို့နယ် နေအိမ်မှ ၂၇-၁၂-၂၀၂၄ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးနန္ဒဝင်း
### ပန်းဘဲတန်း ထ(၃)၊ အထက(၁)ဒဂုံ ကျောင်းသားဟောင်း
### အသက်(၅၄)နှစ်

ရန်ကုန်မြို့နေ (ဦးဝင်းမြင့်သိန်း - ဒေါ်ရီရီထွေး)တို့၏ သားထွေး၊ ဦးဝင်းအောင်(စည်/ပင်-ငြိမ်း)၊ [ဒေါ်နီလာဝင်းမြင့် (ထ/၃၊ ဒဂုံ)]၊ ဦးဇာနည်ဝင်းတို့၏ ချစ်လှစွာသောညီမောင်၊ ဒေါ်ညိုညိုသင်း၏ခင်ပွန်း၊ မောင်အဂ္ဂ၏ ချစ်လှစွာသောဖခင် ဦးနန္ဒဝင်း အသက်(၅၄)နှစ်သည် ၂၃-၁၂-၂၀၂၄ (ကြာသပတေးနေ့) ည ၇:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၇-၁၂-၂၀၂၄ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် မြောက်ဥက္ကလာပ ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်ဆွေ သူငယ်ချင်းများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အမှတ်- ၅၂၊ ရေကျော်လမ်း၊ ပုဇွန်တောင် နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်း-၄၈/သံဒင်း၊ ၁၉-ရပ်ကွက်၊ အမှတ်(၁၁၅၇)၊ (ခြေရင်းခြမ်း)ဖြစ်သော (၂၀x၆၀)ပေရှိ ပါမစ်မြေအရောင်းအဝယ်နှင့်စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်**

မြေကွက်အမည်ပေါက်ဖြစ်သူ ဦးကျော်ရွှေထံမှ အရပ်ကတိဆက်စပ်စာချုပ်များဖြင့်ဝယ်ယူထားသော ဦးဇင်ဟိန်းမှာ ယခုအခါ အထက်ပါမြေကွက်နှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထားရှိပိုင်ဆိုင်ကာ ဥပဒေနှင့်အညီ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည်ကိုယုံကြည်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ပြည့်ဖြိုးအေး[၁၂/ရပသ(နိုင်)၀၆၂၃၈၉]က အပြီးအပိုင်ဝယ်ယူရန် ဦးဇင်ဟိန်း၏သဘောတူညီမှုဖြင့် (၎င်းကိုယ်စား) ၎င်း၏ဖခင် ဦးလှမြင့်[၁၂/ကမရ(နိုင်)၀၀၅၅၆၆]ထံသို့ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ -**
**ဒေါ်သင်းသင်းမော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၄၆၈)**
**အမှတ်(၂၅၉/ခ)၊ ရွှေဘုန်းရှိန်လမ်း၊ ၅-ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။ ဖုန်း- ၀၉-၄၂၀၇၄၅၈၈၂**

## "အများသိစေရန် ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ ဗိုလ်ဆွန်ပက်လမ်း၊ အမှတ် (၂၀၅/၂၃၃) ဟုခေါ်တွင်သော အဆောက်အအုံ၊ ယင်းအဆောက်အအုံတည်ရှိရာ မြေကွက်၊ ထိုမြေကွက်အဆောက်အဦတို့၏ ပိုင်ရှင်နှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်သည် ကွယ်လွန်သူ လားလ်မိုဟာမက်ခန်း၏ ကျန်ရစ်သော အမွေပုံပစ္စည်းဖြစ်ကြောင်း၊ ယခင် ရန်ကုန်တိုင်း တရားရုံး၊ တရားမကြီးမှုအမှတ်- ၁၀/၁၉၉၃ ၏ (၁၇-၉-၁၉၉၇)ရက်စွဲပါ အပြီးသတ်ဒီကရီနှင့် နေပြည်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အထူးအယူခံမှုအမှတ်- (၅၈/၂၀၁၁) (၅၉/၂၀၁၁)တွင် ချမှတ်သည့် (၂၇-၂-၂၀၁၂)ရက်စွဲပါ အမိန့်များ၌ အတည်ပြုဆုံးဖြတ်ပြီးဖြစ်ပါသောကြောင့် ထိုအဆောက်အအုံရှိ လူနေတိုက်ခန်းများတွင် နေထိုင်သူများသည် မြေလခပေးခြင်းကိစ္စအပါအဝင် တိုက်ခန်းနှင့်သက်ဆိုင်သည့် အခြားသောကိစ္စရပ်များအား အမွေရှင် လားလ်မိုဟာမက်ခန်း၏ အမွေခံများနှင့်သာ ဆက်သွယ်ဆောင်ရွက်ကြပါရန် ကြေညာအပ်ပါသည်။

**ဒေါ်လှလှ+၁၁ ဦးဖြစ်သော အမွေခံများ၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြင့်စိုး (ဖြူး) (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၅၀၆/၁၉-၁၂-၁၉၉၅)**
**အမှတ် (၅၀)၊ ဒုတိယထပ် (ဝဲ)၊ ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉- ၄၀၁၆၀၀၇၈၇**

## ဝယ်ယူပိုင်ဆိုင်လက်ရှိဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မရမ်းရယ် [၁၂/ဒဂန(နိုင်) ၀၁၇၈၁၃] သည် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ မိုးမခလမ်း၊ မြေကွက်အမှတ်(၃၅၄)၊ အကျယ်အဝန်း (၄၀ ပေx ၆၀ ပေ)ရှိ မြေအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော လက်ယာဘက်ခြမ်း(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၂၀ ပေx ၆၀ ပေ)ရှိ မြေကိုနှစ်(၆၀) အမည်ပေါက်ပိုင်ရှင်ဖြစ်သူ ဦးစောဝါးဝါးထံမှ (၁-၆-၂၀၁၄) ရက်နေ့စွဲပါ အရောင်းအဝယ် စာချုပ်ဖြင့်ဝယ်ယူခဲ့ပြီး ယခုလက်ရှိပိုင်ဆိုင် လက်ရောက်ရယူထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နန့်ရှူးဂေးခလိန် LL.B.**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅)**
**အမှတ်(၁၀၃)၊ သဒ္ဒါရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၄၂၁၀၆၁၃၅၄**

**ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၂ အေ (ကမာရွတ်) မြေကွက်အမှတ်(၁၉၇)၊ ဧရိယာ (၀.၁၂၅)ဧက၊ အကျယ်အဝန်း (၆၀x ၉၀)ပေခန့်ရှိ နှစ်(၆၀)မြေငှားဂရန် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လှိုင်မြို့နယ်၊ ၂-ရပ်ကွက်၊ သီရိ (၇)လမ်း၊ အမှတ် (၂၇)ဟုခေါ်တွင်သည့် မြေကွက်နေအိမ် အဆောက်အအုံအရောင်းဝယ်နှင့်စပ်လျဉ်းပြီးကန့်ကွက်နိုင်ပါသည်**

အဆိုပါ မြေကွက်နေအိမ်အဆောက်အအုံ၏ တရားဝင် အမည်ပေါက်ပိုင်ရှင် **ဦးစိုးမြင့် (ISN- ၀၇၁၆၂၁) [၁၂/လမန(နိုင်) ၀၇၈၇၁၀]**(ကွယ်လွန်)၏ အမွေဆက်ခံပိုင်ဆိုင်သူ ဇနီး **ဒေါ်ထွေးတင် [၁၂/လမန(နိုင်) ၀၇၈၈၅၇]**ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက ဝယ်ယူရန် မြေကွက်နေအိမ်အဆောက်အအုံ တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက် နေအိမ်အဆောက်အုံအရောင်းအဝယ်နှင့်စပ်လျဉ်းပြီး ကန့်ကွက်လိုပါက ယနေ့မှ (၁၀)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အဆိုပါ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်နေအိမ်အဆောက်အအုံ အရောင်းအဝယ် ကိစ္စကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**အပိုင်ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(စဉ်- ၄၀၃၅) LL.B, DBL, DML, DIL, DLP**
**ဒေါ်အေးအေးစိုး (စဉ်- ၅၈၂၇) B.Sc, Hon (IC), HGP, R.L, D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**ဦးရဲမြင့်ထွန်း (LL.B) (စဉ်-၅၀၅၂၂) အထက်တန်းရှေ့နေ**
**အမှတ် (၂၇)၊ ၁၂၁- လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel : 294766 HP: 09-501 7044**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ် (၆၁၅/ခ)၊ (၅)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၁၅/ခ)၊ အကျယ်အဝန်း(အလျား ၂၀' x အနံ ၆၀') ရှိ ဒေါ်ခင်သန်း [၁၂/ဥကတ(နိုင်)၀၇၄၀၀၄]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်အမွေဆက်ခံပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်ခင်သင်းရီအောင် [၁၂/ဥကတ(နိုင်)၀၇၄၀၀၃]ထံမှဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေများမှ မြေကွက်၏တန်ဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၃၇၁)**
**အမှတ်(၆)၊ မြေညီ(ယာ)၊ ၁၆၁-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၂၀၁၀၅၁၈၁၊ ၀၁-၅၅၇၆၉၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ)ရပ်ကွက်၊ (က-၅)လမ်း၊ အမှတ်- ၃၀၁(မြေညီ)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဆန်နီ (ကွယ်လွန်)နှင့် ဒေါ်စောသန်း[၁၂/အစန(နိုင်)၁၆၃၄၄၅]တို့၏သမီးဖြစ်သူ မစောရည်မွန်[၁၂/အစန(နိုင်) ၁၇၁၁၄၃]သည် မိခင်၏ ဆိုဆုံးမမှုကို လက်မခံဘဲ မိခင်နှင့် ညီမဖြစ်သူအား ကိုယ်စိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူကာ ၎င်း၏သဘောဆန္ဒအတိုင်း နေအိမ်မှဆင်းသွားသဖြင့် ယနေ့မှစ၍ အမွေစားအမွေခံသမီးအဖြစ်မှ အပြီးအပိုင်စွန့်လွှတ်လိုက်ကြောင်းနှင့် နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝကို ကျွန်ုပ်မိတ်ဆွေနှင့်မိသားစုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စောသန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်နှင်းဝေအောင်(LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၄၅)**
**အမှတ်-၁၀၆၉(ခ)၊ အောင်ဇေယျလမ်း၊ (၁၉)ရပ်ကွက်၊**
**လှိုင်သာယာအနောက်ပိုင်းမြို့နယ်။ ဖုန်း- ၀၉-၄၂၅၃၉၂၉၃**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၇၂၊ မြေကွက်အမှတ်-၁၁၂၂(ခ)၊ မြေဧရိယာ(၂၀ ပေx၆၀ ပေ) အကျယ်အဝန်းရှိ ဒေါ်သန်းညွန့် [၁၂/သဃက(နိုင်)၀၆၆၀၄၈] အမည်ဖြင့် ချထားပေးသည့် မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၇၂)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်-၁၁၂၂(ခ)ဟုခေါ်တွင်သော တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို အရပ်စာချုပ်ဖြင့် ဝယ်ယူပြီး လက်ရှိထားနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကာ ရောင်းချခြင်းဖြင့် စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဒေါ်မြကျင် [၁၂/ပဇတ(နိုင်)၀၂၁၈၄၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး ဖြစ်၍ (၂၅-၁၂-၂၀၂၄) ရက်က ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေများအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ မြေကွက်နှင့် တစ်ထပ်နေအိမ် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ ကန့်ကွက်အရေးဆိုလိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံ စာရွက်စာတမ်း အထောက် အထား မူရင်းများ ခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက် ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၅၇၉) (၂၀၂၃)**
**အမှတ် (၇၉)၊ ၁၀၁-လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**
**ဖုန်း- ၀၉- ၄၄၃၀၃၅၇၄၉၊ ၀၉-၇၅၂၅၃၇၀၄၉**




## အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲပြီးကြောင်း အများသိစေရန်ကြေညာခြင်း

ဗုဒ္ဓဘာသာဝင်များဖြစ်ကြသော (ဘ)ဦးစံမြင့်၏သား ဦးရဲမြင့်နိုင် [၁၂/ရပသ(နိုင်)၀၂၄၉၀၄]နှင့် (ဘ) ဦးချစ်၏သမီး ဒေါ်နီနီစိုး[၁၂/မရက(နိုင်)၀၃၈၄၅၂] တို့သည် အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိကြတော့သဖြင့် (၂၄-၁၂-၂၀၂၄)ရက်နေ့တွင် "**နှစ်ဦး သဘောတူအကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်**"ကို မိမိတို့၏ လွတ်လပ်သောသဘောဆန္ဒအရ ပြုလုပ်ချုပ်ဆို၍ ကွာရှင်းပြတ်စဲခဲ့ကြပြီး တည်ဆဲဥပဒေနှင့်အညီ တရားဝင် ကွာရှင်းပြီးဖြစ်သောကြောင့် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ တစ်ဦးနှင့်တစ်ဦး အိမ်ထောင်ရေး၊ စီးပွားရေး၊ လူမှုရေး၊ ကိုယ်ရေးကိုယ်တာကိစ္စအဝဝတို့ကို ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်း၊ သက်ဆိုင်ခြင်း အလျဉ်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးရဲမြင့်နိုင်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယုဇနအောင်(LL.B,D.B.L,D.I.L)**
**အထက်တန်းရှေ့နေ(စဉ်-၅၄၅၅၀)**
**အမှတ်(၁၈၁)၊ ပိတောက်မြိုင်လမ်း၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၇၃၆၂၁၆၉၊ ၀၉-၉၄၅၅၄၅၅၅၃**

## သင့်သွေးဖြင့် အသက်ကယ်ပါ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထွက်ခိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍ မြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **လက်နက်ကိုင်ပဋိပက္ခကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းဘဲ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ဖြေရှင်းနေမှုတွေကို ယဉ်ကျေးတဲ့လူ့အဖွဲ့အစည်းတစ်ခုအနေနဲ့ လုံးဝလက်ခံလို့မရတာကြောင့် ဘုံရန်သူအဖြစ် သတ်မှတ်ပြီး ရှမ်းပြည်နယ်မြောက်ပိုင်းဒေသကိုသာမဟုတ်ဘဲ နိုင်ငံတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းမှု ပြန်လည်ရရှိတဲ့အထိ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် နိုင်ငံတော်၏လုံခြုံရေးဆိုင်ရာ အခြေအနေများနှင့်ပတ်သက်၍ ပြောကြားချက်မှ ကောက်နုတ်ချက်)

# ငဖဲမြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံမျိုးစုံ ၈၆၄ ဧက စိုက်ပျိုးပြီး

ငဖဲ ဒီဇင်ဘာ ၂၅

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်၌ ယခုနှစ်ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ မြေပဲ၊ နေကြာ၊ နှမ်းနှင့် ပန်းနှမ်းစိုက်ပျိုးခြင်းကို တစ်မြို့နယ်လုံးတွင် ဧက ၁၉၀၀ စိုက်ပျိုးရန်လျာထားပြီး ဒေသခံတောင်သူများက ယခုနှစ်အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ လက်ရှိအချိန်အထိ ၈၆၄ ဧက စိုက်ပျိုးပြီးဖြစ်သည်။

စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❍



## 37th Junior Golf Myanmar Championship ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၅**

မြန်မာနိုင်ငံ ဂေါက်သီးအားကစားအဖွဲ့ချုပ်က ကြီးမှူး၍ Junior Golf Myanmar (JGM)၏ (၃၇) ကြိမ်မြောက် မျိုးဆက်သစ် လူငယ်ဂေါက်သီးရိုက်ပြိုင်ပွဲ ဒုတိယနေ့နှင့် ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၅ ရက်က ရန်ကုန်မြို့ရှိ မြန်မာဂေါက်သီးရိုက်အသင်း (၉)မိုင်၌ ဆက်လက်ကျင်းပသည်။

ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ ဂေါက်သီးအားကစား အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေးက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။ ဆက်လက်၍ Junior Golf Myanmar (JGM) ဥက္ကဋ္ဌ ဦးမြင့်အောင်က ပြိုင်ပွဲလက်ခံကျင်းပပေးပါသော စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ❖

## အာဆင်နယ်အသင်းတိုက်စစ်မှူးဆာကာ တံကောက်ကြောဒဏ်ရာကြောင့် သီတင်းပတ်များစွာအနားယူရမည်





အာဆင်နယ်အသင်း တိုက်စစ်မှူး ဆာကာဟာ တံကောက်ကြောဒဏ်ရာ ရရှိခဲ့တာကြောင့် သီတင်းပတ်များစွာ အနားယူရမှာဖြစ်တယ်လို့ နည်းပြ အာတီတာက ပြောကြားခဲ့ပါတယ်။

အင်္ဂလန်အသင်း တိုက်စစ်မှူး ဆာကာဟာ အာဆင်နယ်အသင်းက ခရစ္စတယ်ပဲလေ့စ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်မှာ ဒဏ်ရာရရှိခဲ့တာဖြစ်ပါတယ်။

အသက် ၂၃ နှစ်အရွယ်ရှိ ဆာကာဟာ ယခုဘောလုံးရာသီအတွင်း ပြိုင်ပွဲစုံ ၂၄ ပွဲမှာ သွင်းဂိုးကိုးဂိုး သွင်းထားကာ **စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ✻**

**ယနေ့ ဖတ်စရာ**

**မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် မြင်းကပါကျေးရွာရှိ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအတွင်းမှ တူးဖော်ရရှိသည့် ရှေးဟောင်းရွှေထည်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများထံ သတင်းပေးပို့အပ်နှံခြင်းမရှိဘဲ ထုခွဲရောင်းချခဲ့သူများအား ဖော်ထုတ်ဖမ်းဆီးအရေးယူ**

စာမျက်နှာ » ၁၅

**ဆယ့်နှစ်ရာသီ စိုက်ပျိုးထုတ်လုပ်နိုင်သော Green House စနစ်ကို ပုဂ္ဂလိကနှင့် သမဝါယမစနစ်တို့ဖြင့် ပေါင်းစပ်ဆောင်ရွက်**

ဆောင်းပါး စာမျက်နှာ » ၂၀